TSM PUBLISHING CENTER

စိတ္တဇသည်းဖိုလုံးချင်းဝတ္ထုသစ်

# ပဂပဂါ်ဝါီနှမ်

တမလွန်ကောင်းကင်က ဝိညာဉ်သတို့သမီး



L လင်း

**သစ္စာမွန်စာပေတိုက်**

၂၀၁၊ ဒုတိယထပ်၊ (၃၂) လမ်းအထက်

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၁ - ၅၄၁၄၂၁၊ ၀၉ - ၉၉၇၄၂၃၁

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# သစ္စာမှန်စာပေတိုက်

ရဲ့

စင်တင်ကလောင်ရှင်များ

ရွှေဘဝင်
အိမ့်သက်ပိုင်
နှိုင်းမဟာ
နွေဦး
ပလက်တီနမ်

# ပလက်တီနမ်

တမလွန်ကောင်းကင်က ဝိညာဉ်သတို့သမီး

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၅၀၀၉၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၈၁၁၂၂၁၀၁၀

**ထုတ်ဝေခြင်း**

၂၀၁၁ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၀၀) ကျပ်

**ထုတ်ဝေသူ**

ဦးကိုကိုမြင့် (သိန်းမင်းစာပေ)

အမှတ် (၆၃)၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေ။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်

အမှတ်(၁၀၆)၊ တာမွေလမ်း၊

တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ - Lလင်း**

**ကွန်ပျူတာ - ပန်းအိစံ**

**ဖြန့်ချိရေး - မင်းလေး၊ တူးတူး**

**အတွင်းဖလင် - ကိုအောင်ကျော်**

**စာအုပ်ချုပ် - သစ္စာမွန်**

သစ္စာမွန် **(T.S.M) Publishing Center** မှ

**တာဝန်ယူစီစဉ်ပါသည်။**

၈၉၅ . ၈၃

ပလက်တီနမ်

တမလွန်ကောင်းကင်က ဝိညာဉ်သတို့သမီး/ပလက်တီနမ် ။ - ရန်ကုန်

သိန်းမင်းစာပေ၊ ၂၀၁၁။

၂၂၃ - စာ ၊ ၁၂ x ၁၈ စင်တီ။

(၁) တမလွန်ကောင်းကင်က ဝိညာဉ်သတို့သမီး

## အခန်း ◀ ၁ ▶

တစ်နေ့လုံးကားမောင်းနေတာ. . ရင့်ရော် တစ်ကိုယ်လုံး ပင်ပန်းလွန်းလှသည်။ အဖြူရောင် BMW ကားဖြူလေးရဲ့ အရှိန်က မနည်းလှပေမယ့်. . သွားရမယ့်ခရီးက ဝေးလွန်းတာကြောင့် ကားကို မရပ်မနားမောင်းလာခဲ့၏။

ရန်ကုန်မှ မန္တလေး၊ မန္တလေးမှ မြစ်ကြီးနားထိ မောင်းရမည့် ခရီးစဉ်က နည်းတာမဟုတ် မိုင်တစ်ထောင် နီးပါးခန့်ရှိသည်။

မန္တလေးရောက်တော့ ဟိုတယ်တွင် ညစာဝင်စားကာ တစ်ရေးတစ်မော အိပ်ပြီးမှ ခရီးဆက်သွားမည်ဟု ရည်ရွယ်

ထားသော်လည်း အချိန်မမီမှာ စိုး၍ ခဏသာနားပြီး ဆက်ထွက်ခဲ့သည်။

"မင်းရောက်အောင် လာမှဖြစ်မယ်. . ရင့်ရော်၊ ငါ့ရဲ့ မင်္ဂလာဆောင်မှာ မင်းမလာလို့ မဖြစ်ဘူး။ ငါ့ရဲ့ဇနီးလောင်းကိုလည်း မင်းအကြောင်းအားလုံး ပြောထားတယ်. . သူကလည်း မင်းကို သိပ်တွေ့ချင်နေတယ်၊ ငါ့သူငယ်ချင်းထဲမှာ မင်းလို ဖြောင့်တဲ့ကောင် ရှိတယ်ဆိုတာ ကြွားချင်လို့ကွာ"

လေးကိုရဲ့ စကားတွေကို နားထဲ ပြန်ကြားနေသည်။ ကျောက်သူဌေးသား တစ်ယောက်ဖြစ်သလို သဘောအလွန်ကောင်းကာ နေရာတကာ ရက်ရက်ရောရော ရှိတာကြောင့် လေးကိုက အပေါင်းအသင်းများလှသည်။

သူ့အပေါင်းအသင်းတွေထဲမှာဆိုရင်. . ရင့်ရော်ကိုတော့ အတော်ခင်သည်။

ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်တွင် ကျောင်းလာတက်သည့် လေးကိုနှင့် ရင့်ရော် ခင်မင်ခဲ့ကြတာ အခုဆိုရင် လေးနှစ်ကျော် ငါးနှစ်ရှိခဲ့ပြီ. . .

ကျောင်းပြီးတော့ သူမိဘများနေသည့် မြို့ကြီး
သို့ ပြန်ကာ အရောင်းအဝယ်လုပ်ရင်း မိန်းမရပြီတဲ့. . .

သူမင်္ဂလာဆောင် လာဖို့ မရမကဖိတ်တာကြောင့်.
ရင့်ရော် ထွက်လာခဲ့ခြင်း ဖြစ်သည်။

ကားကို အမြန်နှုန်းမောင်းလာရာမှ. . ရုတ်တရ
မိုးက ရွာလာသည်. . .

"ဝေါ. . . ဝေါ"

ပြင်းထန်စွာ လေတိုက်သံနှင့် အတူ၊ မိုးရေပေါက်
က ပြင်းထန်စွာ ကျလာတာမို့ ကားကို အရှိန်လျော့လို
ရသည်။

"စိတ်ညစ်ပါတယ်ကွာ. . မိုးက ရွာတာနဲ့ ခရီးမတွ
တော့ဘူး"

တစ်ယောက်တည်း ညည်းလိုက်ရင်း ကားကို သ
နှင့် မောင်းနေရသည်. . လမ်းခရီးကလည်း သူသွားဖူး
မဟုတ် လမ်းဘေး၌ စိုက်ထူထားသည့် လမ်းညွှန်ဆိုင်းဘု
များကို ကြည့်၍သာ ကားကို မောင်းလာသည်။

ထားသော်လည်း အချိန်မမီမှာ စိုး၍ ခဏသာနားပြီး ဆက်ထွက်ခဲ့သည်။

"မင်းရောက်အောင် လာမှဖြစ်မယ် . . ရင့်ရော်၊ ငါ့ရဲ့မင်္ဂလာဆောင်မှာ မင်းမလာလို့ မဖြစ်ဘူး။ ငါ့ရဲ့ဇနီးလောင်းကိုလည်း မင်းအကြောင်းအားလုံး ပြောထားတယ် . . သူကလည်း မင်းကို သိပ်တွေ့ချင်နေတယ်၊ ငါ့သူငယ်ချင်းထဲမှာမင်းလို ဖြောင့်တဲ့ကောင် ရှိတယ်ဆိုတာ ကြွားချင်လို့ကွာ"

လေးကိုရဲ့ စကားတွေကို နားထဲ ပြန်ကြားနေသည်။ ကျောက်သူဌေးသား တစ်ယောက်ဖြစ်သလို သဘောအလွန်ကောင်းကာ နေရာတကာ ရက်ရက်ရောရော ရှိတာကြောင့် လေးကိုက အပေါင်းအသင်းများလှသည်။

သူ့အပေါင်းအသင်းတွေထဲမှာဆိုရင် . . ရင့်ရော်ကိုတော့ အတော်ခင်သည်။

ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်တွင် ကျောင်းလာတက်သည့် လေးကိုနှင့် ရင့်ရော် ခင်မင်ခဲ့ကြတာ အခုဆိုရင် လေးနှစ်ကျော် ငါးနှစ်ရှိခဲ့ပြီ . . .

ကျောင်းပြီးတော့ သူမိဘများနေသည့် မြစ်ကြီးနားသို့ ပြန်ကာ အရောင်းအဝယ်လုပ်ရင်း မိန်းမရပြီတဲ့. . .

သူမင်္ဂလာဆောင် လာဖို့ မရမကဖိတ်တာကြောင့်. . ရင့်ရော် ထွက်လာခဲ့ခြင်း ဖြစ်သည်။

ကားကို အမြန်နှုန်းမောင်းလာရာမှ. . ရုတ်တရက် မိုးက ရွာလာသည်. . .

“ဝေါ. . . ဝေါ”

ပြင်းထန်စွာ လေတိုက်သံနှင့် အတူ၊ မိုးရေပေါက်တို့က ပြင်းထန်စွာ ကျလာတာမို့ ကားကို အရှိန်လျှော့လိုက်ရသည်။

“စိတ်ညစ်ပါတယ်ကွာ. . မိုးက ရွာတာနဲ့၊ ခရီးမတွင်တော့ဘူး”

တစ်ယောက်တည်း ညည်းလိုက်ရင်း ကားကို သတိနှင့် မောင်းနေရသည်. . လမ်းခရီးကလည်း သူသွားဖူးတာမဟုတ် လမ်းဘေး၌ စိုက်ထူထားသည့် လမ်းညွှန်ဆိုင်းဘုတ်များကို ကြည့်၍သာ ကားကို မောင်းလာသည်။

"ဝေါ. . . "

မိုးကလည်း. . အဆက်မပြတ် အရှိန်နဲ့ ဆက်၍သာ ရွာနေသည်. . သူကြားဖူးတာ ဒီအရပ်ဒီဒေသက မိုးရွာလျှင် ဆက်တိုက် အဆက်မပြတ် ရွာတတ်သည်တဲ့. . .

တစ်ခါတလေဆို လေးငါးရက် ဆက်တိုက်ရွာနေကာ မတိတ်တော့. . ထွက်လာပြီးမှ မထူးတော့တာမို့ မိုးရွာနေတဲ့ ကြားကပင် မောင်းလို့လာ၏. . .

အထက်ဘက်ရောက်လေ မြို့တွေ တစ်မြို့နှင့် တစ်မြို့ ပို၍ ဝေးသွားပြီး. . မြို့များကြားတွင် သစ်တောများ၊ တောင် ငယ်များနှင့် ကွင်းပြင်တို့ကိုသာ တွေ့ရသည်။

"ဟူး. . ခရီးက မနည်းမနောပါလား"

လေပူတစ်ချက်ကို မှုတ်ထုတ်ရင်း ညည်းမိ၏။ သူဒီ ခရီးကို လေယာဉ်ဖြင့် လာဖို့ စီစဉ်ထားပြီးမှ လက်မှတ်အဆင် ပြေသည့်ရက်က နောက်ကျလွန်းတာကြောင့်. . ကားနှင့်သာ ထွက်ခဲ့ရခြင်း ဖြစ်သည်။

"ဦးသိန်းကို ခေါ်သွားပါလား. . သား၊ အဖော်ရတာ

ပေါ့. . သား တစ်ယောက်တည်း သွားရမယ့် ခရီးက အဝေး ကြီး. . . ”

“ရပ်ါတယ် မေမေရယ်. . သူစိမ်းပါတော့ သူ့အ တွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေမှာ၊ တစ်ယောက်တည်းဆိုတော့ လွတ်လွတ်လပ်လပ် သွားလို့ရတာပေါ့. . . ”

အမေက အဖော်ခေါ်သွားဖို့ ပြောသည်ကို သူငြင်း ခဲ့သည်. . အခုမှ အဖော်မပါလာတာ နောင်တရမိ၏။

တစ်ယောက်တည်း ကားမောင်းရတာ ပင်ပန်းလာ သလို စကားပြောဖော် မရှိတာကြောင့် ပျင်းလာသည်. . ဒီ ကြားထဲ မိုးက ရွာနေတာကြောင့် စိတ်ထဲ ခြောက်ကပ်ကပ် ခံစားရ၏။

ခရီးမိုင် အတော်ဝေးဝေး ရောက်လာတော့ လက်မှ နာရီကို ကြည့်လိုက်တော့. .

“ဆယ့်နှစ်နာရီတောင် ထိုးတော့မယ်. . . ”

နာရီလက်တံနှစ်ခုက နာရီထိပ်တည့်တည့်တွင် ရောက်နေတာ တွေ့ရသည်။

မိုးစက်တွေကျနေသည့် ကားရှေ့လမ်းမ တစ်လျှောက်. . ကားမီးရောင်ထိုးကာ မောင်းလာသည်၊ လမ်းတွေကလည်း နိမ့်လိုက်မြင့်လိုက် ဖြစ်သလို တချို့နေရာများတွင်. . လမ်းက ကြမ်းလှသည်။

ကားကို သတိထားစွာ မောင်းလာရင်း. . အကွေ့တစ်ခုအရောက် သတိထား၍ ကွေ့လိုက်ရာ. . .

"ဟင်. . . "

ကားရှေ့မီးရောင် အောက်တွင် မိုးရေတွေ ရွှဲနေသည့် ကောင်မလေးတစ်ယောက်. . သူ့ကားကို တားနေသည်။

ခေါင်းကို အလုပ်ပေး၍ စဉ်းစားလိုက်သည်။

မိုးရေထဲမှာ အကြောင်းတစ်ခုခု ရှိမည်ထင်တာကြောင့်. . ကား အရှိန်လျှော့ကာ ဘရိတ်အုပ်၍ ရပ်လိုက်သည်။

"ကျွိ. . . "

အနားရောက်လို့ သေသေချာချာ ကြည့်လိုက်တော့ ဂါဝန်ရှည် အဖြူရောင်၊ ဇာလက်အိတ်များကို လက်နှစ်ဖက်လုံး

တွင် စွပ်ထားလျက်. . နုနယ်ချောမောလှသည့် မျက်နှာလေး နှင့် သူကားတံခါး မှန်နားသို့ ကပ်လာသည်. . .။

ရင့်ရော်လည်း မှန်ကို အနည်းငယ်ချ၍ ကြည့်လိုက်၏။

"မိုးကို လမ်းကြုံလိုက်ခွင့် ပေးပါလား. . ."

မိုးသံလေသံကြားက သူ့ကို တရိုတသေ ပြောလိုက်သည်။ထီးမပါ တစ်ကိုယ်လုံး ရွှဲနေသည့်ခန္ဓာကိုယ်ရဲ့ အလှက ကားမီးရောင်အောက်တွင် ထင်းလို့နေသည်။

"မင်းက. . ဘယ်ကို လိုက်မှာလဲ"

"မြစ်ကြီးနားကိုပါ. . ဟိုမှာ မိုးရဲ့ သတို့သားရှိတယ်၊ မိုးအချိန်မီ သွားရမှာမို့ပါ. . ."

"ဟင်. . ."

ရင့်ရော်. . အံ့ဩလို့ သွားသည်၊ အခုမှ သူမဝတ်ထားတာ သတို့သမီး ဝတ်စုံမှန်း သိတော့သည်။

မိုးရေထဲမှာ ရွှဲရွှဲစိုနေသည့် အမျိုးသမီးတစ်ယောက်က သူ့အတွက် အန္တရာယ်မရှိနိုင်. . မိုးရေတွေ ရွှဲနေသည့်

သူမရဲ့ ပုံစံမှာ ချမ်းလို့တုန်နေသည်။

"ကောင်းပြီလေ. . လိုက်ခဲ့၊ ကိုယ်က မင်းပြောတဲ့ မြို့ကို သွားမှာ"

"ကျေးဇူးတင်ပါတယ်ရှင်. . ."

ရင့်ရော် ကားနောက်ခန်းတံခါးကို ဖွင့်မည်လုပ်တော့ သတို့သမီးက. . ကားရှေ့က ပတ်လာတာတွေ့တာကြောင့် ရှေ့ခန်း သူ့ဘေးက တံခါးကို ဖွင့်ပေးလိုက်သည်။

သတို့သမီးက. . ရေစိုအဝတ်အစားနှင့် ကားထဲဝင်ထိုင်ကာ ကားတံခါးကို ပိတ်လိုက်သည်. . ကားထဲတွင် အဲယားကွန်း ဖွင့်ထားသည့်အတွက် ရေစိုနေသည့် သတို့သမီးလေးက ပို၍ချမ်းနေသည်. . .။

ရင့်ရော်. . အဲယားကွန်းကို ပိတ်လိုက်သည်။

ထိုနောက်. . .

လီဗာကို နင်းကာ. . ကားကို ရှေ့ဆက်မောင်းခဲ့၏၊ သတို့သမီးက ကားရှေ့လမ်းကို ကြည့်ကာ စိတ်စောလို့နေလေသည်. . .။

ရင့်ရော် ကားမောင်းနေရင်း. . .

"မင်းနာမည် ဘယ်လိုခေါ်လဲ. . ."

"မိုးဝသုန်မိုးပါ"

မိုးဝသုန်မိုးက သူ့ကို မကြည့်ဘဲ ဖြေသည်။

"နာမည်က အဆန်းပါလား. . မိုးဝသုန်မိုး ဆိုတော့ မိုး. . မိုး. . မိုး ပေါ့၊ ဒါကြောင့် မိုးရွာနေတာလား မသိဘူးနော်"

"ဟုတ်မှာပေါ့. . ."

မိုးဝသုန်မိုးက ပြုံးပြုံးလေးနှင့် သူ့ကို ကြည့်ကာ. . .

အကြည့်ချင်းဆုံတော့. . နုနယ်လှပတဲ့ မိုးဝသုန်မိုးရဲ့ မျက်နှာပေါ်တွင် မျက်လုံးဝိုင်းဝိုင်းလေးနဲ့ ကော့ညွတ်နေသည့် မျက်တောင်ရှည်တို့က မျက်ဝန်းကို ပိုမိုတောက်ပစေသည်။

ဖြောင့်စင်းသော နှာတံနှင့် နှင်းဆီဖူးပုံစံ နှုတ်ခမ်းလေးက နှုတ်ခမ်းနီ မဆိုးဘဲ. . နီထွေးလို့နေ၏။

မေးရိုးနည်းနည်း ကားသည်ဟု ထင်ရပေမယ့်၊ သူ့မျက်နှာပေါက်နှင့် သူကတော့. . လှပသည်ဟု ထင်ရသည်။

စကားပြောလျှင်. . ဖွင့်ဟသွားသည့် နှုတ်ခမ်းပါးများ

အောက်က ဖြူဖွေးနေသော သွားတက်လေးများပါ၍ အလှကို ပိုမို ပေါ်လွင်စေသည်။

"မင်း. . မိုးရေထဲမှာ ရပ်နေတာ ကြာပြီပေါ့"

"ဆိုပါတော့ ရှင်. . . "

ရင့်ရော်က သူ့ရှေ့တည့်တည့် လာနေသော ကုန်တင်ကားကို ရှောင်ရန်ကားကို လမ်းဘေးအသာချလိုက်သည်။

"ကိုယ်လည်းပျင်းနေတာနဲ့၊ မင်းလိုက်တာတော့ အပျင်းပြေတာပေါ့"

"ရှေ့ဆက်လည်း. . ရှင် အပျင်းပြေမှာပါ"

"ဟင်. . . "

ဘယ်လို အဓိပ္ပါယ်နှင့် မိုးဝသုန်မိုး ပြောသည်ကို. . ရင့်ရော် မသိပေမယ့်. . စိတ်ထဲ တစ်မျိုးခံစားရကာ ကြက်သီးထလို့သွားတော့သည်။

## အခန်း ◀ ၂ ▶

BMW ကားအဖြူလေးက ညအမှောင်ကို ဖောက်၍ ကားရှေ့က အလင်းစူးစူးဖြင့် မောင်းလို့နေသည်။

"မင်း. . ချမ်းနေလား"

"ရှင်. . ."

ရုတ်တရက်. . ရင့်ရော် အမေးကြောင့် မိုးဝသုန်မိုး လန့်လို့သွားသည်။

"မင်း ချမ်းနေလို့လား. . မေးတာ၊ ချမ်းနေရင် အပူ စက်ဖွင့်ပေးမလို့. . ."

"အို. . ရတယ်၊ မဖွင့်နဲ့ ကျွန်မ မချမ်းတတ်ဘူး"

မိုးဝသုန်မိုးက ပျာပျာသလဲ ငြင်းလိုက်သည်. . . .

"မင်း ရေတွေ စိုနေတာ ချမ်းမှာပေါ့. . နွေးနွေးထွေးထွေး ဖြစ်သွားအောင် ပြောတာ"

"မိုးက အေးတဲ့ အရသာကို ကြိုက်တယ်ရှင့်. . ပူရင် ဘယ်လိုမှ မနေတတ်ဘူး"

ရင့်ရော် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်.. ဟုတ်မှာပါ၊ သူမအသားအရည်က ဖြူနုအိစက်နေတာကြောင့် နေရောင်ကို လုံးဝအထိမခံသည့် ပုံသဏ္ဌာန်ပင် ဖြစ်သည်. . .

မျက်နှာမှာ ဖြူနုနေပြီး. . အသားပေါ်က အကြော စိမ်းလေးတွေ အတိုင်းသား တွေ့နေရသည်။

"ရှင်. . ဘာကြည့်နေတာလဲ"

"မင်းက. . သိပ်လှလို့၊ မင်းလှတာ အပြစ်ပြောစရာ တစ်ခုမှ မရှိအောင် လှတာ. . ."

ရင့်ရော်က ရင်ထဲက ရှိတဲ့အတိုင်း. . ချီးကျူးလိုက်ရာ- မိုးဝသုန်မိုးက. . .

"မိုးလှတာ အရေးမကြီးဘူး. . ကားကို ဂရုစိုက်မောင်း

လမ်းဘေးကျလို့. . သစ်ပင်နဲ့ ဝင်ဆောင့်ရင်ရှင်သေနေဦး မယ်. . . "

"ဟား. . . ဟား ငါသေတော့ မင်းလည်း သေမှာပေါ့၊ နှစ်ယောက်လုံးသေရင် မကောင်းဘူးလား. . . "

ရင့်ရော်က. . နောက်လိုက်သည်။

"မိုးက. . ဘာမှ မဖြစ်ပါဘူး၊ ရှင့်အတွက် စိတ်ပူလို့ ပြောတာ. . တန်ဖိုးကြီးတဲ့ သူဌေးသားတစ်ယောက် ကား မှောက်လို့ သေသွားရင် "နှမြောစရာကြီး"

"ကိုယ် ကားမောင်းလာတာ လိုင်စင်အနီတောင် ရနေပြီ. . ဘာပြဿနာမှ မရှိဘူး"

"အဲဒီလိုပဲ ပြောကြတာပဲ. . . "

ရင့်ရော်. . ကားမောင်းလာရင်း စိတ်ထဲမှာ ပျော်လို့ လာသည်. . အရင်ကားမောင်းရတာ တစ်ယောက်တည်း မောင်းနေရတာထက်. . အဖော်ပါတော့ အားရှိလို့လာသည်။

ကားက မြို့တစ်မြို့ကို ဖြတ်တော့. . မြို့အထွက်တစ် နေရာမှာ မီးရောင်ထိန်နေသည့် စားသောက်ဆိုင်တစ်ဆိုင်

တွေ့တာကြောင့်. . .

"ကော်ဖီသောက်ရအောင်. . ."

"မိုး. . ကော်ဖီ မကြိုက်ဘူး၊ ရှင်သောက်ချင် သောက်လေ. . ."

ရင့်ရော်ကားကို ဆိုင်ရှေ့၌ ရပ်လိုက်သည်. . ကားနောက်ခန်းဆီက ထီးကို လှမ်းယူပြီး၊ ကားတံခါးကို ဖွင့်ကာ-

"မင်း. . ဆိုင်ထဲ လိုက်မလား"

"လိုက်မယ်. . ."

"ကိုယ်လာခေါ်မယ်. . ."

"ရတယ်. . မိုးဘာသာ လိုက်ခဲ့မယ်၊ ဆိုင်နဲ့ ဒီနေရာက ဘယ်လောက်မှ ဝေးတာမှ မဟုတ်တာ. . ."

"ရေထပ်စိုကုန်မှာပေါ့. . ."

"ကိစ္စမရှိဘူး. . ရှင့်ဘာသာ ဆိုင်ထဲသွား"

မိုးဝသုန်မိုး. . ကားတံခါးကို ဖွင့်ရန်ပြင်လိုက်သဖြင့် ရင့်ရော်လည်း ထီးဖွင့်ဆောင်း၍ ဆိုင်ထဲသို့ ဝင်လာခဲ့သည်။

ဆိုင်ထဲက စားပွဲခုံတွင် ဝင်ထိုင်ပြီး. . မကြာခင်

မိုးဝသုန်မိုး ရောက်လာကာ၊ ဘေးခုံတွင် ဝင်ထိုင်၏။

စားပွဲထိုးလေးက ရင့်ရော်ကို ကြည့်၍. . .

"အစ်ကို ဘာသုံးဆောင်မလဲ. . ."

"ကော်ဖီပူပူလေး တစ်ခွက်ကွာ. . မိုး ဘာသောက်မလဲ"

စားပွဲထိုးလေးကို ပြောရင်း. . မိုးဝသုန်မိုးကို လှမ်းမေးလိုက်၏။

"အအေးတစ်လုံး. . အေးအေးလေး"

"ကော်ဖီတစ်ခွက်. . အအေးတစ်လုံး လုပ်"

"ဗျာ. . ."

ရင့်ရော်က. . သူ့ကို နားမလည်သလို ကြည့်နေသည့် စားပွဲထိုးလေးအား. . .

"ဟော့ကောင်. . ငါပြောတာကြားလား"

"ကြားပါတယ်. . အစ်ကို"

"ကြားရင်သွား. . . မြန်မြန်ယူလာခဲ့"

"ဟုတ်. . . ဟုတ်ကဲ့"

ရင့်ရော်က စားပွဲထိုးလေး သူ့ကိုကြည့်တဲ့ အကြည့်ကို မကြိုက်. . ခက်တာက ဒီလမ်းမှာ တစ်ညလုံးဖွင့်ရောင်းတဲ့ ဆိုင်က ရှားသည်။

ဆိုင်ထဲဝင်ပြီး ထသွားလို့ကလည်း မကောင်းတာကြောင့် ဆက်ထိုင်နေလိုက်သည်။

"မိုး. . ချမ်းနေလား"

"မချမ်းပါဘူး. . အအေးမှာလိုက်တာ ကြည့်လေ၊ မချမ်းလို့ပေါ့"

ရေစိုနေသော အဝတ်အစားနှင့် ချမ်းနေဟန်လုံးဝ မရှိသည့် မိုးကိုလည်း သူအံ့ဩမိသည်။

"မြစ်ကြီးနား ရောက်ဖို့. . အဝေးကြီးလိုသေးလား"

"အင်း. . နောက် နှစ်နာရီကျော်လောက်တော့ လိုဦးမယ် ထင်တယ်၊ ဘာလဲ. . ရှင်က မိုးကို ဆက်ခေါ်မသွားချင်တော့ဘူးလား"

"မဟုတ်ပါဘူး. . ခင်ဗျားက စိတ်ချည်းပဲ၊ မေးကြည့်တာတောင် စိတ်ဆိုးတယ်"

မိုးဝသုန်မိုးက ရင့်ရော်ကို ကြည့်ကာ. . မျက်စောင်း ထိုး၍ကြည့်လိုက်သည်. . သူမမျက်စောင်းထိုးပုံလေးက ချစ်စ ဖွယ်လှပတာမို့. . ရင့်ရော် ရင်ထဲ အေးခနဲဖြစ်သွားသည်။

သို့ပေမဲ့. . .

မကြာခင် လက်ထပ်တော့မည့် သတို့သမီးလောင်းကို စော်ကားသလို ဖြစ်မှာ စိုးတာကြောင့် မျက်နှာကို တစ်ဖက်သို့ အသာလွှဲကာ နေလိုက်သည်။

"ရပြီ. . အစ်ကို"

စားပွဲထိုးလေးကကော်ဖီပန်းကန်နှင့် အအေးကို သူ့ရှေ့စားပွဲပေါ် တင်ပေးလိုက်သည်. . .

"ဘာလဲကွ. . မင်းကလည်း အအေးပုလင်းကို ဟိုမှာ ချလေ"

"ဟုတ်. . . ဟုတ်ကဲ့"

စားပွဲထိုးလေးက ကြောင်တောင်တောင်နှင့် သူပြော သည့် နေရာတွင် အအေးပုလင်းကို ချပေးသည်။

"သောက်. . မိုး ဗိုက်ဆာရင်၊ တစ်ခုခု မှာလိုက်လေ"

"ဟင့်အင်း. . . မဆာဘူး"

ရင့်ရော် ကော်ဖီခွက်ကိုကိုင်၍ တစ်ငုံသောက်လိုက်သည်။

"အခုမှပဲ ရင်ထဲနွေးသွားတော့တယ်. . ."

"ကော်ဖီက သောက်တိုင်း ကောင်းတာမဟုတ်ဘူး၊ မျှားမှားသောက်ရင် အစာအိမ်ထိခိုက်တယ်"

"ကိုယ်က ကော်ဖီကြိုက်တယ်ကွ၊ သူ့ရဲ့ ခါးသက်သက်အရသာ လျှာမှာစွဲသွားတာ သဘောကျတယ်. . ."

ရင့်ရော်. . မရနွေးတောက်ဗူးကို လှမ်းယူရင်း ပြောလေ၏. မိုးဝသုန်မိုးက-

"ရှင်တို့ ယောကျ်ားတွေ အတူတူပဲ ဘာမဟုတ်တာတွေကို အရသာခံတတ်ကြတယ်"

"ဘာလဲ. . မင်းသတို့သားက ကော်ဖီကြိုက်လို့လား"

"ဆိုပါတော့. . ရှင်"

မိုးဝသုန်မိုးက ပြောပြီး. . ပြုံးလို့နေသည်။ ရင့်ရော်လည်း ကော်ဖီကို ကုန်အောင်သောက်ပြီးသောအခါ. . .

"ကိုယ်တို့ သွားကြရအောင်"

"ရှင့် သဘောပဲ. . ."

ရင့်ရော်. . မိုးဝသုန်မိုးဘေးမှ အအေးပုလင်းကို အကြည့်တစ်ချက်ရောက်သွားသည်။

"မိုး. . ဘာလို့ အအေးမသောက်တာလဲ"

"ရှင်. . ရှင်းရမှာ နှမြောနေလို့လား"

"မဟုတ်ပါဘူးကွာ. , . မင်းသောက်ချင်လို့ မှာပြီး၊ မသောက်လို့. . ."

ရင့်ရော်. . ခါးကြားမှာ ထိုးထားသည့် ခေါက်အိတ် လေးထဲမှ ပိုက်ဆံအိတ်ကို ထုတ်လိုက်သည်။

"သွားတော့မှာလား၊ မိုး ကားပေါ်က စောင့်နေမယ်"

"ကောင်းပြီလေ. . ."

မိုးဝသုန်မိုး ထ၍ ဆိုင်ပြင်ရှိ ကားဆီသို့ မိုးရေထဲထွက် သွားတော့. . ရင့်ရော် စားပွဲထိုးလေးအား ခေါ်၍. .

"ရှင်းမယ်. . . ဘယ်လောက်ကျလဲ"

"ငါးရာပါ အစ်ကို. . အအေးက မှာပြီး ဘာလို့

မသောက်တာလဲ”

လေရှူးနေသော စားပွဲထိုးလေးအား ရင့်ရော်က-

“မသောက်ချင်လို့ မသောက်တာကွာ. . ရော့”

အိတ်ထဲမှ ငါးရာတန်တစ်ရွက်ကို ထုတ်ပေးလိုက်ပြီး၊ ဆိုင်ပြင်သို့ ထီးဆောင်းကာ ထွက်လာသည်. . .

ကားနားရောက်တော့ ကားတံခါးကို ဖွင့်ကာ၊ အထဲ ဝင်ထိုင်ပြီး. . ကားစက်နှိုးလိုက်၏။

“ရှေ့မှာလမ်းတွေက ကြမ်းတယ်၊ ကားကို သတိထား မောင်း. . .”

“ကျေးဇူးပဲ. . ကိုယ်က ဒီလမ်းတွေကို တစ်ခါမှ သွား ဖူးတာ မဟုတ်ဘူး”

“မသွားဖူးရင်. . အဖော်ခေါ်လာရတယ်ရှင့်”

မိုးဝသုန်မိုးက အသံစာစာနှင့် ပြောသည်၊ ရင့်ရော် က နားမလည်စွာနှင့်. . . .

“ဘာဖြစ်လို့လဲ. . . မိုး”

“အဖော်ခေါ်လာတော့ မပျင်းတော့ဘူးပေါ့. .

အဖော် ခေါ်မလာရင် ပျင်းစရာလည်းကောင်းတယ်၊ ပြီးတော့ ဒီလမ်းကလေ. . . ”

ပြော၍. . စကားက ရပ်နေသဖြင့် ရင့်ရော်က-

“ဒီလမ်းက ဘာဖြစ်လို့လဲ. . . ”

“သရဲ အရမ်းခြောက်တယ်”

“ဟင်. . . ”

ရင့်ရော်. . အံ့သြခြင်းနှင့် ရောထွေးကာ ခေါင်းနပန်းများကြီးပြီး၊ ကြက်သီးများ ထလာလေသည်. . .

မိုးဝသုန်မိုးကတော့ အကြောက်အလန့် မရှိ၊ တည်ငြိမ်စွာပင်. . .

ရင့်ရော်. . အံ့သြစွာပင်၊ မိုးဝသုန်မိုး မျက်နှာကို လှမ်း၍ ကြည့်လိုက်လေသည်။

# အခန်း ◀ ၃ ▶

"ဒီလမ်းမှာ ကုန်ကားမောင်းတဲ့ သူတွေ . . သရဲ အခြောက်ခံရတာ အများကြီးပဲတဲ့"

မိုးဝသုန်မိုး ပြောတဲ့ပုံက. . ကလေးတစ်ယောက်လို ဖြစ်နေတာကြောင့် ရင့်ရော်က သဘောကျစွာ နားထောင်နေသည်။

"အခုလို ညအမှောင်မှာ ရုတ်တရက် လမ်းပေါ် ထွက်လာပြီး. . ကားကို အတင်းတားတော့ ကားသမားက ရပ်မပေးရင်၊ နောက်ကနေ အတင်းလိုက်တော့တာပဲတဲ့. . ."

"ကိုယ့်ကားကိုတော့ လိုက်လို့ မရပါဘူး. . ကိုယ့်ကားက. . BMW မြန်နှုန်းမြင့်မောင်းလို့ ရတယ်လေ"

"ရှင်ကလည်း ကြွားနေပြန်ပြီ၊ သူတို့က ဘယ်လောက်မြန်မြန် လိုက်လို့ရတယ်"

"မင်းကို. . ဘယ်သူပြောလဲ"

မိုးဝသုန်မိုးက ပြုံးပြုံးလေးနှင့် သူ့ဘက်လှည့်၍. . .

"ဒီလိုပဲ. . သိတာပေါ့"

"မင်းကွာ. . ကလေးကလားနဲ့ ကိုယ်က သရဲတစ္ဆေဆိုတာ မယုံဘူး၊ ပုံပြင်လို့ပဲ ထင်တယ်. . ."

ရင့်ရော်က ကားကို ဂရုစိုက်မောင်းရင်း၊ မိုးဝသုန်မိုးကို မကြည့်ဘဲ ပြောသည်. . .။

"ရှင်က. . တော်တော်ခက်တဲ့သူ၊ လောကမှာ ဆန်းကြယ်တာတွေ တစ်ပုံကြီး. . ရှင်က တစ္ဆေသရဲ မရှိဘူးထင်လို့လား. . ."

"ထင်တာ မဟုတ်ဘူး. . ရှိကို မရှိတာ"

ရင့်ရော်က အပြတ်ကို ငြင်းသည်။ မိုးဝသုန်မိုးက မခံ

ချင်စွာနှင့်. . .

"ရှင်က. . ဘာနဲ့ ကျောင်းပြီးတာလဲ"

"သမိုင်းနဲ့. . ."

"ဟုတ်ပြီ. . ဒါဆိုရှင်ရာဇာဓိရာဇ် အရေးတော်ပုကို လေ့လာဖူးမှာပေါ့"

ရင့်ရော်က. . ခေါင်းကို စောင်း၍ မိုးဝသုန်မိုးကို တစ်ချက်ကြည့်လိုက်၏၊ မိုးဝသုန်မိုးက သူ့ကို ကြည့်၍ ပြောနေသည်ကို သိလိုက်သည်။

"မင်းပြောတဲ့. . ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းကို ကိုယ်အလွတ်တောင် ရတယ်"

"ကောင်းပြီလေ. . အဲဒီထဲက မွန်သူရဲကောင်း သမိန်ဗရမ်း ဘာလို့ သေသွားတာလဲ"

မိုးဝသုန်မိုး. . ခေသူမဟုတ်ဟု ရင့်ရော် တွေးလိုက်သည်. . .

"ကဲ ဖြေလေ. . ရှင်သိမှာပါ"

ရင့်ရော်. . ချောင်ပိတ်၍ အမေးခံရသည်မို့ မတတ်

နိုင် ကျမ်းထဲမှာ ပါတဲ့အတိုင်း ဖြေလိုက်သည်။

"တစ္ဆေကိုက်လို့ သေသွားတာကွာ. . ."

"ခစ်. . ခစ်. . ခစ်"

မိုးဝသုန်မိုး၏ ရယ်သံလွင်လွင်က သူ့ကိုလှောင်နေတာဟု. . ရင့်ရော် ထင်လိုက်သည်။

"ဘာလဲ. . မင်း ကိုယ့်ကို လှောင်နေတာလား၊ မိုး. ."

"မဟုတ်ပါဘူး. . ရှင်က သရဲတစ္ဆေကို မယုံဘူးဆို"

"မသိဘူးကွာ. . ကိုယ်က လက်တွေ့တစ်ခါမှ မကြုံတော့ မယုံဘူး၊ လက်တွေ့မှ ယုံတာ. . ."

ရင့်ရော်က စကားကို ကတ်ကတ်သတ်သတ် ပြောလိုက်သည်. . .

"ရှင်က တော်တော်သနားဖို့ ကောင်းတဲ့လူပဲ"

"ဘာ. . . ဘာကွ"

ရင့်ရော်က စိတ်ဆိုးပြီး၊ အံကို ကြိတ်ကာ မိုးဝသုန်မိုးကို ကြည့်လိုက်သည်. . ချောမောလှသည့် မိုးဝသုန်မိုး ရဲ့ မျက်နှာက အပြုံးလုံးဝမပျက်. . .

"ယောကျ်ားပဲ၊ ဒါလေးပြောတာ ခံနိုင်ရည်နည်းလှ ချည်လား. . ."

"ကိုယ်က ကိုယ့်ကို သနားတယ်လို့ ပြောတဲ့လူတွေကို တအားမုန်းတာ. . ."

"ဟင်း. . ဟင်း. . ရှင်က သနားစရာ မကောင်းဘူး ပေါ့ ဟုတ်မှာပါ. . ရှင်က ချမ်းသာတဲ့ သူဌေးသားဘဝမှာ ဘာမှလိုအပ်ချက် ရှိခဲ့တာ မဟုတ်တော့၊ သူများအသနားမခံ ချင်ဘူးပေါ့. . ."

ရယ်သံ သဲ့သဲ့လေးနှင့် ပြောတော့ ရင့်ရော်ဘာမှ ဆက်မပြောတော့. . မိုးဝသုန်မိုးက ဆက်၍. .

"ရှင့်ကို ပြောထားရဦးမယ်နော်. . ."

"ဘာများလဲ"

"မိုးနဲ့. . အခု လမ်းမှာဆုံခဲ့တာ ဘယ်သူ့ကိုမှလျှောက် မပြောနဲ့"

စိုးရိမ်တဲ့ လေသံလား. . မယုံကြည်တဲ့ လေသံလား လို့တော့ ရင့်ရော် မခွဲတတ်တော့. . .

"ကိုယ်က မင်းကို သိတာမဟုတ်ဘူး. . ပြီးတော့ မင်း အခုတက်လာတဲ့ မြို့ကိုလည်း သိတာမဟုတ်ဘူး"

"ရှင့်ကို ယုံပါတယ်. . ဒါပေမယ့် လူဆိုတာပြောလို့ ရတာမဟုတ်ဘူး"

မိုးဝသုန်မိုးရဲ့ စကားတွေက. . သံသယနှင့် သူ့ကို မယုံကြည်သည့် ပုံစံမျိုးဖြစ်နေသည်။

"မိုး. . မင်းကို ကိုယ်တစ်ခု ပြောထားမယ်၊ ကိုယ်က ကတိတစ်ခုကို တန်ဖိုးထားတဲ့လူ. . တစ်ယောက်ယောက်ကို ကတိပေးပြီးရင်. . ဘယ်တော့မှ မဖျက်ဘူး စိတ်ချ"

"ရှင်သိအောင် ပြောလိုက်မယ်. . အခုလို မိုးတွေရွာ နေတဲ့ ညမှာ. . သတို့သမီးတစ်ယောက်နဲ့ တွေ့ခဲ့တယ်ဆိုရင် ဘယ်သူမှ ယုံမှာမဟုတ်ဘူး. . ."

"ဘာလို့လဲ. . ."

ရင့်ရော် လေသံပြတ်ပြတ်နှင့် မေးလိုက်သည်။

"သတို့သမီးဆိုတာ မင်္ဂလာဆောင် ခန်းမထဲမှာ. . ရှိရမှာပေါ့၊ ညအမှောင် အဝေးပြေးလမ်းမပေါ်က မိုးရေထဲမှာ

ရှိမလား. . . ”

“အင်း. . . ”

မိုးဝသုန်မိုးပြောတာ. . သဘာဝကျတာမို့ ရင့်ရော် ခေါင်းညိတ်ပြလိုက်သည်။

ရင့်ရော် ကားဆက်မောင်းလာတော့. . ရှေ့နားတွင် မီးရောင်လေးကို လှမ်းမြင်လိုက်၍. . .

“ရှေ့က ဘာလဲမသိဘူး”

“လမ်းတံတား အသုံးပြုခကောက်တဲ့ နေရာပေါ့”

“မင်းက သိလှချည်လား”

“မိုးတို့က ဒီလမ်းကြောမှာ နေတာ သိတာပေါ့. . ဟို တလောက အဲဒီနားမှာ ကားတစ်စီး မြစ်ထဲထိုးကျတာ. . ကားပေါ်ပါတဲ့ လူသုံးယောက်လုံး သေတာပဲ”

မိုးဝသုန်မိုး ရှင်းပြတာကို. . ရင့်ရော်က ကားမောင်း နေရင်း ခေါင်းညိတ်ပြလိုက်သည်။ ဒီကောင်မလေး အတော့် ကို စကားများတာပဲဟု ထင်မိသည်. . .

တံတားကြေး ကောက်ခံသည့်နေရာ ရောက်တော့. .

ရုံးရှေ့က ဝန်ထမ်း ကောင်လေးတစ်ယောက် ထွက်လာ၍ ဖြတ်ပိုင်းပေးလိုက်ရာ. . ရင့်ရော်က ကားပြတင်းပေါက်မှန်ကို ချပြီး၊ ဖြတ်ပိုင်းယူပြီး ကျသင့်ငွေကို ပေးလိုက်သည်။

ဝန်ထမ်းကောင်လေးက ဖော်ရွေစွာ ပြုံးပြီး. . .

"ဘယ်သွားမှာလဲ. . အစ်ကို၊ တစ်ယောက်တည်း လား. . ."

"ဟင်. . ."

"ကားကို သတိထားမောင်း အစ်ကိုရေ. . မိုးရွာနေတော့ လမ်းကချော်နေတယ်"

"အေး. . အေး"

စကားကိုပြတ်စေရန် ပြော၍ ကားကို ဆက်မောင်းထွက်ခဲ့သည်. . တံတားကမြစ်ကူးတံတားမို့ အတော်တော့ ရှည်သည်။ မြစ်ထဲတွင် မီးရောင်များ မှိတ်တုတ်မှိတ်တုတ်နှင့် မိုးထဲရေထဲတွင် ငါးဖမ်းကြသူတချို့ကို ကားပေါ်မှ မှုန်ပျပျလေး လှမ်းတွေ့ရသည်။

မြစ်တစ်ဘက်တွင် ညဘက်မို့. . မဲမဲသဏ္ဌာန် တောင်

တန်းကြီးများမှာ ကြီးမားတဲ့ ဆင်ကြီးလှဲအိပ်နေသလို ဖြစ်နေသည်. . ဒီဒေသဟာ နေ့လည်ဘက်ဆိုလျှင် ဘယ်လောက်လှလိုက်မလဲဟု စိတ်ထဲ တွေးမိတော့လေသည်. . . ။

## အခန်း ◀ ၄ ▶

မြစ်ကူးတံတားက ဆင်းတော့ လမ်းကကောင်းသေးသည်. . ရှေ့ကို တော်တော်မောင်းလာတော့ လမ်းက ကျဉ်းသွားသလို ချိုင့်များကျောက်ခဲများဖြင့် သတိထားမောင်းနေရ၏။

တစ်လမ်းလုံးစကားတွေ အများကြီးပြောလာသည့် မိုးဝသုန်မိုး အသံက တိတ်လို့နေသည်. . ရင့်ရော်စောင်းကြည့်တော့. . အိပ်ငိုက်တာ မဟုတ်၊ တစ်ခုခုကို တွေးနေသည့် ပုံမျိုး ဖြစ်သည်။

"စကားပြောရတာ . . မောသွားလို့လား"

ရင့်ရော်က. . လှမ်းစလိုက်သည်။

"ရှင့်ဘာသာ. . ကားကို ဂရုစိုက်မောင်းပါ"

မိုးဝသုန်မိုးက ပြန်ပြောလိုက်သဖြင့် ရင့်ရော် ပြုံးလိုက်သည်. . သူပြောတာ မှန်တော့မှန်သည်. . လမ်းက အတော့်ကိုဆိုးနေကာ ကားအရှိန်ဖြည်းဖြည်းချင်း မောင်းလို့လာရသည်။

"ဖောင်း. . ."

"ဟာ. . . သွားပြီ"

ကားရှေ့ဘီးပေါက်သွားသဖြင့် ကားခေါင်းက လမ်းဘေးသို့ယိုင်သွားရာ ကားကို အချိန်မီ ဘရိတ်အုပ်လိုက်သည်။

"ကားရှေ့ဘီးတော့ ပေါက်သွားပြီ. . ဘီးလဲရမယ်၊ မင်းကားထဲမှာပဲ နေခဲ့"

"မိုး. . ရှင့်ကို ထီးလိုက်မိုးပေးမယ်"

ကားဘီးလဲရန် လိုအပ်သည့် ပစ္စည်းများကိုယူ၍

ကားအောက်ဆင်းသွားသည့် ရင့်ရော်ကို မိုးဝသုန်မိုးက နောက်မှ လိုက်၍ ထီးဆောင်းပေးသည်။

"ကားဘီးဖြုတ်ပြီးရင် နောက်က ဘီးအသစ်ယူရဦး မယ်. . ."

"သေချာလုပ်နော်. . စိတ်လောနေရင်၊ နှစ်ခါပြန် လုပ်နေရမယ်"

အရေးထဲ သူ့ကို ဆရာလုပ်နေသော မိုးဝသုန်မိုးအား လှမ်းမကြည့်ဘဲ. . ကားကို ချိုင့်ထောက်၍ ဘီးနတ်များကို ဘောက်စီပန်တာနှင့် ဖြုတ်လိုက်သည်။

နတ်တွေအားလုံး ပြုတ်သွားတော့. . .

"လာ ကားအောက်မှာ ကားဘီးတွေ သွားဖြုတ်ရ အောင်. . ."

"အင်း. . ."

သူသွားရာနောက်သို့ မိုးဝသုန်မိုးက ထီးလိုက်လို့မိုး ပေးသည်။

"ဒီလိုမှပေါ့. . မိတ်ဆွေကောင်းဆိုတာ ဒုက္ခရောက်

လည်း အတူတူခံစားရကြတာပေါ့”

“ကောင်းတာဆိုရင်. . . ရှင်တစ်ယောက်တည်း စံမှာ ပေါ့ ဟုတ်လား”

စကားကို အကျအန ကောက်ပြောတဲ့. . မိုးဝသုန်မိုး ကို မသိမသာ ပခုံးချင်းတိုက်လိုက်သည်။

“ဟင်. . .”

“ဘာလဲ. . .”

“မင်းကိုယ်က အေးစက်နေတာပဲ. . ရေခဲတုံးကျနေ တာပဲ”

“မိုးရေစိုနေတာ. . ဒီလောက်တော့ ရှိမှာပေါ့”

ဟုတ်မှာပါဆိုတဲ့ အတွေးနဲ့ ရေခဲလိုအေးစက်နေတဲ့ မိုးဝသုန်မိုးရဲ့ ခန္ဓာကိုယ်အကြောင်း မစဉ်းစားတော့. . .

အခုလို မိုးရေထဲမှာ တစ်ယောက်တည်း ဖြစ်နေတာ ထက်စာရင်. . အဖော်နှင့်ဆိုတော့ အားရှိသည်။ ကားနောက် ဘီးကို ဖြုတ်၍ လိမ့်လာပြီး. . ရှေ့ဘီးလဲတပ်ကာ ကားနတ် များကို ပြန်ကျပ်လိုက်သည်။

“ရပြီ. . ကားပေါ်တက်ရအောင်”

“ရှင် လမ်းမှာ ဘာမှမဖြစ်လောက်တော့ပါဘူး. . ရှင့်ကားက အကောင်းစားပဲ”

“မင်းက ပေဒင်ဆရာမလား. . အရာရာကြိုသိနေရင် ငါမိန်းမ ဘယ်တော့ရမလဲ. . ”

နောက်သလို. . ပြောင်သလိုနှင့် ပြောလိုက်သည့် ရင့်ရော်ကို. . .

“ရှင်က. . ရှင့်ကိုရှင် လူပျိုဆိုပြီး ကြွားနေပြန်ပြီ၊ ရှင် လူပျိုဆိုတာ ရှင့်ကားကို စစီးကတည်းက သိပြီးသား. . . ”

“ဟ. . ဟုတ်လှချည်လား”

“ဒီလို လမ်းမျိုးကို တစ်ယောက်တည်းလာတာ လူပျိုလူလွတ်မို့ပေါ့. . မိန်းမနဲ့သာဆိုရင် သူပါလိုက်လာမှာပေါ့။ ရှင့်လို ချောတဲ့လူမျိုးကို တစ်ယောက်တည်း ဘယ်လွှတ်ပါ့မလဲ. . . ”

ရင့်ရော်. . မိုးဝသုန်မိုး၏ သုံးသပ်ပုံကို သဘောကျလို့သွားသည်. . ကားဘီးလည်း လဲပြီးတာကြောင့် ကားပေါ်သို့

တက်ကာ မောင်းထွက်လာသည်။

"မင်းမှာ မိဘညီအစ်ကို မောင်နှမတွေ မရှိဘူးလား"

"ဟင်. . ."

ရုတ်တရက် ရင့်ရော်အမေးကို မိုးဝသုန်မိုး. . အံ့ဩသွားသည်။ မျက်လုံးထဲတွင်လည်း မျက်ရည်တွေ ဝိုင်းလို့လာသည်။

"မိုး. . မိဘတွေ မရှိတော့ပါဘူး၊ အစ်မတစ်ယောက်တော့ ရှိတယ်. . ကွဲသွားကြတာ ဆယ်နှစ်ကျော်ပါပြီ၊ ဘယ်ရောက်နေမှန်းတောင် မသိပါဘူး"

ငိုသံရော၍ ပြောနေတာကြောင့် ရင့်ရော်သနားသွားသည်။

"တစ်နေ့တော့ တွေ့မှာပေါ့ကွာ. . ."

"မိုး. . ရှာနေတာ၊ ကြာပါပြီ တွေ့ကို မတွေ့တာ"

"မင်း. . အစ်မနဲ့ မင်းက ဘယ်တုန်းက ကွဲသွားတာလဲ. . ."

မိုးဝသုန်မိုး စဉ်းစားကာနေသည်. . .

"ဆယ်နှစ်သမီးလောက်ကပါ. . မိုးကောင်း ဘက်ကို သွားရင်း၊ လမ်းမှာ ကားမှောက်တယ်လေ. . အဖေနဲ့ အမေ ကတော့ ပွဲချင်းပြီးပဲ"

"အစ်မက ပျောက်သွားတယ်. . မိုးလည်း ဘာလုပ် လို့ လုပ်ရမှန်းမသိဘူး ဆေးရုံကဆင်းတော့. . ကချင်မကြီး တစ်ယောက်က ခေါ်မွေးစားခဲ့တာ"

"မင်း. . အိမ်လိပ်စာ မမှတ်မိဘူးလား"

"ဟင့်အင်း. . . "

မိုးဝသုန်မိုးက ဆက်၍. . .

"ဘယ်မှတ်မိမှာလဲ. . . "

"အခုရော စဉ်းစားလို့ ရပြီလား. . . "

"မရပါဘူး. . မိုးတွေ့ချင်တာက မမကိုပဲ၊ မမသာ အသက်ထင်ရှား ရှိနေရင်. . မမနဲ့ အတူနေချင်တယ်၊ အခုထိ မမကို ရှာနေတုန်းပဲ"

လမ်းကောင်းလာပြီ ဖြစ်တာကြောင့် ကားဂီယာကို တင်ကာ အရှိန်မြှင့်လိုက်သည်. . ကားအပြင်က မိုးရေစက်တို့

က သည်းထန်စွာ ကျနေဆဲ. . .

"မင်း. . မမ နာမည်က ဘယ်သူလဲ"

"မိုးဝသန်မိုးပါ. . ."

"ဩော်. . ."

ရင့်ရော်. . ဘာမှ ဆက်မပြောတော့ဘဲ၊ ကားကို ဂရုစိုက်မောင်းနေသည်။

"အခု မိုးနဲ့ လက်ထပ်မယ့် သတို့သားက. . မိုးတို့မြို့ကပဲ သူ့ကို မိုးမချစ်ပါဘူး၊ ဒါပေမယ့် မွေးစားမိဘတွေက သူတို့နဲ့ ဆွေမျိုးမကင်းတော့ လက်ထပ်စေချင်တယ်လေ. . ."

"မင်းက တစ်မြို့တည်းလည်းနေတယ် ပြောတယ် ဘာလို့ မင်းက. . တစ်နေရာ ရောက်နေတာလဲ"

"ကျွန်မကိုယ်ကျွန်မ အဲဒီနေရာကို ဘယ်လိုရောက်နေမှန်း. . မသိဘူး"

"အင်း. . ."

ရင့်ရော်. . စိတ်ရှုပ်ခဲ့ပြီး၊ ဆက်မမေးတော့ မိုးဝသုန်မိုးရဲ့ စကားတွေက ဟိုရောက်ဒီရောက် ဖြစ်နေသည်။

စိတ်မှ မှန်ရဲ့လားဟုလည်း တွေးနေမိ၏. . ဘယ်လိုပဲ ဖြစ်ဖြစ် အခုလိုညမျိုးမှာ အဖော်ပါတာကိုက သူ့အတွက် အပျင်းပြေစေသည်လေ. . . ။

## အခန်း ◀ ၅ ▶

"နောက်ထပ် ဆယ့်ငါးမိနစ်လောက် မောင်းရင်. . မြစ်ကြီးနားမြို့ကို ရောက်ပြီ"

မိုးဝသုန်မိုးက လှမ်းပြောလိုက်တာကြောင့် ရင့်ရော် ခေါင်းညိတ်ပြလိုက်သည်။

"ဘယ်လိုပဲ ဖြစ်ဖြစ်. . မင်းကို အမြဲအမှတ်ရနေပါ့ မယ်"

"မိုးလည်း. . ရှင့်ကို သတိရနေမှာပါ"

ကားစီးလာရင်း အခုလိုဆုံစည်းပြီး တစ်ယောက်နှင့် တစ်ယောက် ရင်းနှီးရာက ခွဲခွာရမည်ဆိုတော့. . ရင်ထဲ တစ်

မျိုး ခံစားရသည်။

"ကိုယ် မြစ်ကြီးနားက ကိုယ့်သူငယ်ချင်းဆီသွားမှာ မင်းနေတဲ့မြို့နဲ့က နီးလား. . ."

"သိပ်တော့ မဝေးပါဘူး. . ရှင် မပြန်သေးဘူးဆိုရင်၊ မိုးလာဖြစ်မယ်ဆိုရင် မြစ်ကြီးနားကို လာခဲ့မှာပေါ့"

ဘယ်လိုကြောင့် မသိ၊ မိုးဝသုန်မိုးကို နောက်တစ်ကြိမ်ထပ်တွေ့ချင်နေသည်။

"ဟာ. . လာခဲ့၊ ကိုယ်က တောင်ပေါ်ဟိုတယ်မှာ တည်းမှာ. . ."

"သိတယ်. . တောင်ပေါ်ဟိုတယ်ဆိုတာ အရမ်းသာယာတယ်. . အဝေးပြေးလမ်းမဘေးမှာ ရှိတယ်"

"ကိုယ်ကတော့ တစ်ခါမှ ရောက်ဖူးတာ မဟုတ်ဘူး၊ ကိုယ့်သူငယ်ချင်း စီစဉ်ပေးမှာ. . ."

"ရှင်. . မနောမြေကို တစ်ခေါက်ရောက်ရင် နောက်ပြန်ချင်မှာ မဟုတ်ဘူး၊ ရှင်တို့ အောက်အရပ်မှာ မရှိတာတွေ အဲဒီမှာ အကုန်ရှိတယ်. . ."

မိုးဝသုန်မိုးက သူ့ဒေသကို အမွှန်းတင်နေသည်. . ရင့်ရော်ကားကို မောင်းလာရင်း လမ်းဘေး၌ သချိုင်းပျက်တစ်ခုကို ကားမီးရောင်ဖြင့် လှမ်းမြင်နေရသည်။

မိုးဝသုန်မိုးက. . .

"ရပြီ. . ရွှေနား ရပ်တော့. . ."

"ဟင်. . ."

ဒီနားတွင် မြို့နှင့်တူသည့် အိမ်များ၊ မြို့တွင်းလမ်းသွယ်များကို တစ်ခုမှ မတွေ့ရဘဲ. . တိုက်ပျက်များလိုလို ဂူပျက်များလိုလို ပြိုကျပျက်စီးနေသည်ကိုသာ တွေ့ရသည်။

"ရှင့်ကို ကျေးဇူးအများကြီးတင်တယ်. . သိပ်မကြာခင် မိုးလည်း လင်းတော့မယ်. . ရှင်လည်း မြို့ထဲအရောက် မိုးလည်းလင်းမှာနဲ့ အတော်ပဲ. . ."

"ကိုယ်တို့ နောက်တစ်ကြိမ် ပြန်ဆုံပါစေလို့. . ဆုတောင်းပါတယ်"

"မိုးလည်း. . ရှင့်လိုပါပဲ"

မိုးဝသုန်မိုး. . ကားတံခါးကို ဖွင့်ကာ မိုးရေထဲသို့ ဆင်း

သွားသည်။ ရင့်ရော်လည်း ကားကို ဂီယာထိုး၍ မောင်းထွက်လာပြီး. . ကားနောက်ကြည့်မှန်မှ မိုးဝသုန်မိုးကို လှမ်းကြည့်လိုက်သည်။

"ဟင်. . . "

မိုးရေစက်တွေကြောင့်လား. . ညအမှောင်ကြောင့်လားတော့ မသိ၊ ဖြူဖွေးသော သတို့သမီးဝတ်စုံနှင့် လွန်စွာလှပလှသည့်. . မိုးဝသုန်မိုး မျက်နှာမှာ ကြောက်စရာ ကောင်းလောက်အောင် မဲလို့နေသည်။

"ငါ. . အကြည့်မှားတာ နေမှာပါ"

ကိုယ့်စိတ်ကို ကိုယ်ဖြေကာ ကားကို မိုင်နှုန်းမြင့်မောင်းလာခဲ့တော့သည်။

လေးကို ပေးထားသည့် လိပ်စာအတိုင်း ကားကို မောင်းဝင်လာရာ. . သိပ်မရှာရပဲ၊ မကြာခင်လေးကိုတို့ ခြံကို တွေ့လိုက်ရသည်။

ငွေကြေး ချမ်းသာကြွယ်ဝသည့် လူများနေထိုင်ရာ ရပ်ကွက်မို့ ခြံများက ကျယ်သလို. . ဆောက်ထားသည့် အဆောက်အဦများကလည်း ခေတ်မီသားနားလှ၏. . .

လေးကိုတို့ခြံကြီးက အလွန်ကျယ်သလို အုတ်တံတိုင်းကာရံထားသည်။

ခြံအတွင်းထဲက တိုက်ကြီးမှာ ခမ်းနားကြီးကျယ်လှ

သဖြင့် မြင်ရုံဖြင့် သူတို့၏ ကြွယ်ဝချမ်းသာမှုကို သိနိုင်သည်. . ခြံအဝင်ဝက သံတံခါးကြီးမှာ ပေနှစ်ဆယ်ခန့်ရှိသည်။

"တီ. . တီ"

ရင့်ရော်. . ကားဟွန်းတီး၍ အချက်ပေးလိုက်ရာ၊ သံတံခါးကြီး၏ ဘေးမှ လူအဝင်အထွက်လုပ်ရန် တံခါးမှ ဗလကောင်းကောင်း လူကြီးတစ်ယောက်. . ရင့်ရော်ဆီသို့ ထွက်လာသည်။

"ဘာကိစ္စလဲ. . မောင်ရင်"

စကားကို တိုတိုပြတ်ပြတ် မေးလိုက်သည်ကို ရင့်ရော်က ကားမှန်ကို ချ၍. . .

"ကျွန်တော် လေးကိုသူငယ်ချင်း. . ရင့်ရော်ပါ၊ ရန်ကုန်က လာတာ"

"ခဏလေးစောင့်. . . "

ခြံစောင့်မှ ခြံတွင်းသုံးသည့်. . ဖုန်းဖြင့် အိမ်ကြီးထဲသို့ လှမ်းအကြောင်းကြားသည်။

ခဏကြာတော့ သံတံခါးကြီးကို တွန်းဖွင့်ပေးသဖြင့်

ရင့်ရော်လည်း. . ခြံထဲသို့ ကားမောင်းဝင်လာခဲ့သည်။

ခြံထဲတွင် ကားများပါကင်ထိုးရပ်သည့်နေရာ သီးသန့်ရှိပြီး. . အပေါ်၌ ခေါင်မိုးသဖွယ် တိုင်များနှင့် ဖိုက်ဘာသွပ်များကို အုပ်မိုးထားသည်။

ကားပါကင်တွင် အပြင်မှလာသည့်ကားများ ဖြစ်ဟန်တူသော ကားများစွာလည်း တွေ့ရသည်. . .။

ရင့်ရော်. . လွတ်သည့်နေရာတွင် သူ့ကားကို ထိုးရပ်လိုက်၏။

ထို့နောက်. . .

မလှမ်းမကမ်းရှိ အိမ်အဝင်ဝသို့ လမ်းလျှောက်လာသည်. . .။

"ရင့်ရော်. . . လာ"

အိမ်အဝင်ဝမှ လေးကို သူ့ကိုထွက်ကြိုနေလေသည်။

"မင်းတစ်ယောက်တည်းလား. . ရဲရင့်တို့ ဘာလို့လိုက်မလာလဲ. . ."

"သူက မိန်းမကြောက်ရတယ်ကွ. . ဒါကြောင့် သူက

လိုက်မလာတာ"

လေးကိုရဲ့ ပုံစံက. . သူ့ကို ကြိုပေမယ့် လှိုက်လှိုက်လှဲလှဲ မရှိ၊ အေးတိအေးစက်နှင့် မျက်နှာမကောင်း ဖြစ်နေသည်။

ဧည့်ခန်းကလည်း အလွန်ခမ်းနားသလို၊ဆိုဖာဆက်တီက တစ်ဖက်. . ကနုတ်ပန်းသဖွယ် ဖော်ထားသည့် ကျွန်းခုံကြီးများက တစ်ဖက်နှင့် အောက်ကြမ်းခင်းမှာလည်း အနီရောင် အမွေးပွ ကော်ဇောတို့ကို ခင်းထားသည်. . .

ထိုထိုင်ခုံများတွင် ဧည့်သည်များ ပြည့်နေတာမို့. . သူတို့ မင်္ဂလာဆောင်လာတာပဲဟု ထင်မိသည်။

"မင်း. . သတို့သမီး မတွေ့ပါလား၊ လေးကို"

"လာ. . ငါပြမယ်"

ဧည့်ခန်းမှ အပေါ်ထပ်တက်သည့် ကြောင်လိမ်လှေခါးဆီသို့ ခေါ်လာသဖြင့်. . ရင့်ရော်လည်း လေးကိုနှင့်အတူ အပေါ်ထပ်သို့ တက်လာလေသည်။

အပေါ်ထပ် အိမ်ဖွဲ့စည်းပုံမှာ အောက်ထပ်နှင့် မခြား

နားပေ. . အပေါ်ထပ်တွင်လည်း ဧည့်ခန်းရှိသည်. . ထိုင်ခုံများမှာ စတီးဒေါက်ထောက်ထားသည်။ထိုဧည့်ခန်းဘေး၌ သပ်ရပ်သည့် စာကြည့်ခန်း ရှိသည်. . ကွန်ပျူတာလည်း ရှိတာကြောင့် လေးကို စာဖတ်ခန်းဟု သူထင်မိသည်။

"လာ. . ရင့်ရော်"

လေးကိုက ငေးနေသည့် သူ့ကိုခေါ်ရာ. . သူလည်း လေးကို နောက်သို့ ဆက်လိုက်လာခဲ့သည်။

"မင်းသတို့သမီးက အောက်က ဧည့်ခန်းက လူတွေကို ဧည့်မခံဘူးလား. . ."

"သူက ဧည့်မခံနိုင်ဘူး. . . ရင့်ရော်"

"ဘာလဲကွ. . မင်းစကားက"

လေးကိုက သူ့ကို ဘာမှပြန်မပြော. . အနောက်ဘက်သွားသည့် စင်္ကြံလမ်းအတိုင်း လျှောက်လာကာ အခန်းတစ်ခုရှေ့၌ မတ်တပ်ရပ်လိုက်သည်. . .

ရင့်ရော်က. . .

"ဘာလဲ. . မင်းတို့ အိပ်ရာအခမ်းအနား ပြင်ထား

တာ ကြွားမလို့လား"

ပြောလိုက်ရာ. . လေးကိုက အသာငြိမ်၍

"လာ. . ."

အခန်းတံခါးကို သော့ဖွင့်ကာ ခေါ်လိုက်၏. . .

ရင့်ရော်က. . လေးကို နောက်မှ လိုက်ဝင်လိုက်သည်။

"ငါ့သတို့သမီးက. . အဲဒီမှာပဲ"

"ဟင်. . ."

အလွန်တန်ဖိုး ရှိလှသည့်. . မင်္ဂလာခြင်ထောင်၊ ခေါင်းအုံးတို့ဖြင့် ခမ်းနားလှသည့် မင်္ဂလာအိပ်ခန်းတွင် သန့်ရှင်းလှပသည့် မွေ့ရာခင်းပေါ်၌ ငြိမ်သက်စွာ လှဲနေ သည့် သတို့သမီးဝတ်စုံဖြူဖြူနှင့် အမျိုးသမီးတစ်ဦး. . .

သူ့ကိုယ်ပေါ်တွင် နှင်းဆီနီနီပန်းပွင့်တို့က တစ်ကိုယ်လုံး ဖုံးလို့ထားပြီး. . လည်ပင်းအပေါ်ဘက် မျက်နှာကို ဖော်လို့ထားလေသည်။

## အခန်း ◀ ၆ ▶

"ဟင်. . ဒါ. . ဒါ. . ဘာလဲကွ၊ လေးကို. . ."

ရင့်ရော်အံ့ဩစွာနှင့် လေးကို ကို. . မေးလိုက်သည်။

"သူ. . ဆုံးသွားပြီ၊ ရင့်ရော်. . ."

"ဟေ. . ."

လေးကို မျက်နှာသိသိသာသာ ပျက်နေကာ. . နံရံဆီသို့သွား၍ ခေါင်းကိုနံရံနှင့် အသာထိထားသည်။

လေးကို. . ကြေကွဲဝမ်းနည်းနေမယ်ဆိုတာ သူသိလိုက်၏။

ရင့်ရော်လည်း ခုတင်နားသို့ တဖြည်းဖြည်းတိုးကပ်၍ ကြည့်လိုက်သည်. . .

"ဟင်. . မိုး. . မိုး"

အံ့ဩလွန်း၍ ကြောင်ငေးကြည့်နေမိ၏. . လေးကိုက သူ့အသံကြောင့် သူ့ဆီသို့ လျှောက်လာကာ ဘေးတွင်ရပ်၍. . .

"မင်း. . သူ့ကို သိလို့လား၊ ရင့်ရော်. . . "

"လေးကို. . . သူ့နာမည် ဘယ်လိုခေါ်လဲ"

လေးကို အမေးကို မဖြေဘဲ. . ခုတင်ပေါ်တွင် ငြိမ်သက်စွာလဲလျောင်းနေသည့် အလောင်းကို ကြည့်ကာ. . မေးလိုက်သည်။

"မိုးလို့ ခေါ်တယ်. . . "

"ဘာ. . မိုး ဟုတ်လား"

"အင်း. . . "

လေးကို ခေါင်းညိတ်ပြသည်. . ရင့်ရော်ရဲ့ မယုံကြည်နိုင်ခြင်းတွေ ရင်ထဲမှာ ပြည့်လို့နေသည်။

"လေးကို. . သူ ဘယ်တုန်းက ဆုံးတာလဲ"

"ဟင်း. . . "

လေးကိုက သက်ပြင်းကို ချလျက်. . သတို့သမီး လောင်းရဲ့ မျက်နှာကို နှမြောတသစွာကြည့်ရင်း. . .

"ညက. . ဆယ့်တစ်နာရီခွဲလောက်မှာ ဆုံးတာ"

"ဟော. . . "

ရင့်ရော်ပါးစပ်က ယောင်ယမ်းထွက်လို့ သွားသည်. . လေးကို ရိပ်မိမှာစိုး၍ မျက်နှာထား အလျှင်အမြန် ပြင်လိုက်ရသည်။

"စိတ်မကောင်းဘူး. . သူငယ်ချင်းရယ်၊ မင်းဇနီး ဘာ ရောဂါနဲ့ ဆုံးတာလဲ. . ဟင်"

"နှလုံးသွေးတိုး ရောဂါနဲ့ပဲ ဆိုပါတော့ကွာ. . နဂိုနှလုံး ရောဂါအခံရှိတယ်ကွ. . ညက ဘယ်လိုဖြစ်မှန်း မသိပါဘူး ကွာ၊ မူးတယ်ဆိုပြီး အခန်းထဲဝင် လှဲနေတာ အသက်ပါ. . ပါ သွားတယ်"

လေးကို စိတ်မကောင်းစွာနှင့် သူ့ကို ရှင်းပြလို့နေ၏။

သစ္စာမွန်စာပေ

"သူဆုံးတော့ ဒီအခန်းမှာပဲလား"

"မဟုတ်ဘူး. . သူ့အခန်းမှာ"

မင်္ဂလာအခန်းထဲ ရောက်နေသည့် အလောင်းကို ကြည့်၍. . ရင့်ရော်ပြောတာကို လေးကို သဘောပေါက်စွာနှင့်. . .

"ဒီအခန်းက. . သူခဏပဲ နေရတော့မယ်လေ၊ သူ မနေဖြစ်လိုက်မှာစိုးလို့. . ငါထားထားတာ"

"ဪ. . ."

"ကံတရားက သိပ်ဆန်းကြယ်တယ်ကွာ. . ဒီလိုမျိုး ဖြစ်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ. . မထင်မိဘူး"

လေးကိုရဲ့ မချိတင်ကဲ အသံက. . ရင်ထဲကလာမှန်း သိလိုက်သည်. . .

"စိတ်မကောင်း မဖြစ်ပါနဲ့ကွာ၊ ဖြစ်လာမှတော့ တရားနဲ့ဖြေပေါ့ သူငယ်ချင်းရာ. . ."

လေးကို ပခုံးကိုဖက်၍. . အခန်းထဲမှ ထွက်လာခဲ့သည်. . .

သူ့ရင်ထဲမှာတော့ မေးခွန်းများ ထပ်နေသလို. . တစ်ကိုယ်လုံးတွင်လည်း ကြက်သီးမွေးညင်းများ ဖြန်းခနဲ ဖြန်းခနဲ ထလို့သာ နေလေတော့သည်. . .။

လေးကိုက သူ့အိမ်တွင်တည်းဖို့ ပြောသော်လည်း သူက လူသူရှုပ်ရှုပ်နှင့် မနေတတ်၍ ဟိုတယ်တွင် တည်းဖို့ ဆုံးဖြတ်လိုက်လေသည်။

ထူးခြားတာက သူကားထဲဝင်ထိုင်လိုက်သည်နှင့်. . နှင်းဆီပန်းရနံ့တို့က သင်းလို့နေသည်။

"ဘာလဲ. . ဟာ၊ ငါ့ကားထဲ ထည့်ထားတဲ့အနံ့က ဒီအနံ့ မဟုတ်ပါဘူး"

စိတ်ထဲက ရေရွတ်လိုက်ပေမယ့်. . သူ့နှာခေါင်းထဲမှာတော့ နှင်းဆီပန်းနံ့က ကြိုင်လို့နေသည်. . .

ညက တွေ့ခဲ့ရသည့် သတို့သမီးလေးဟာ. . အခု လေးကိုရဲ့ မင်္ဂလာဦးအိပ်ခန်းမှာ ထာဝရအိပ်စက်ခြင်းနှင့် အနားယူလို့နေလေသည်။

ညက ဆယ့်တစ်နာရီခွဲ ကျော်ကျော်လောက်က ဆုံးတာတဲ့. . ထိုသို့ဆိုလျှင်. .

သူနှင့်တွေ့တာလည်း ဒီအချိန်ပင်၊ ဒါဆို. . မိုးဝသုန်မိုးဟာ. . .

မဖြစ်နိုင် သူနှင့်. . တစ်လမ်းလုံးစကားတွေ ပြောခဲ့ကြသည်. . သူကားဘီးပေါက်တော့လည်း ကူညီခဲ့သလို၊ ကော်ဖီဆိုင်၌လည်း ထိုင်ခဲ့သည်။

လေးကိုရဲ့ သတို့သမီးမျက်နှာပေါ်က အကြောစိမ်းလေးတွေက မိုးဝသုန်မိုးမှာရှိတဲ့ အကြောစိမ်းစိမ်းလေးလိုပင်. . .

လူတူတာ. . ဘယ်လိုမှ မဖြစ်နိုင်။

မိုးဝသုန်မိုးကလည်း သတို့သမီးဝတ်စုံဖြူဖြူနှင့်. . မင်္ဂလာဆောင်မည့် သတို့သားဆီသွားမှာတဲ့. . .

ရင့်ရော်. . အခုမှ တွေးရင်းကြောက်လို့လာသည်။

လေးကိုရဲ့ အိမ်ကြီးဟာ မင်္ဂလာဆောင်အိမ်ကြီး. . ဖြစ်လုဆဲဆဲမှာ. . အမင်္ဂလာအိမ်ကြီး ဖြစ်သွားခဲ့ရသည်။

မွေ့ရာပေါ်က သတို့သမီးလေးရဲ့ ပြုံးနေတဲ့အပြုံးက မိုးဝသုန်မိုးရဲ့ အပြုံးနှင့် တစ်ထပ်တည်း ကျနေတာက. . ရင့်ရော် မမှားနိုင်တဲ့ သံသယတစ်ခု ဖြစ်ခဲ့သည်။

ကားကို မြို့လယ်လမ်းမအတိုင်း မောင်းလာပြီး မြို့ပြင်ထွက်တော့ 'တောင်ပေါ်ဟိုတယ်'ဟု ကျွန်းဆိုင်းဘုတ်ပေါ်တွင် ရွှေရောင်စာလုံးဖြင့် ခမ်းနားစွာရေးထားတာကို တွေ့သဖြင့် ကားကို ဟိုတယ်ဝင်းထဲသို့ မောင်းဝင်လာခဲ့တော့သည်။

## အခန်း ◀ ၇ ▶

ဟိုတယ်တွင် အခန်းရတော့. . သူ့အခန်းနံပါတ်က S - 13, ဟိုတယ်ဝန်ထမ်းကောင်လေးက သူ့ကိုအခန်းထိ ရောက်အောင် လိုက်ပို့ပေးသည်။

"လိုတာရှိရင်. . ဖုန်းလှမ်းခေါ်လို့ရတယ် အစ်ကို၊ အခန်းထဲမှာ ဖုန်းရှိတယ်. . ."

"ကျေးဇူးပဲ ညီလေး. . လေးကို ညီလေးတို့ကို ဘာမှာ ထားလဲ"

လေးကိုက သူ့အကြောင်းကို သိတာမို့. . သူရန်ကုန်မှာ ရှိစဉ်ကတည်းက ဖုန်းဆက်၍ တောင်ပေါ်ဟိုတယ်၌

တည်းခို ရန်. . ပြောခဲ့သည်။

ငွေ့သည်များရှိနေ၍ လူများစွာရှိသည့် နေရာမျိုးတွင် သူမနေတတ်မှန်း သိတာကြောင့် စီစဉ်ပေးခဲ့ခြင်းလည်းဖြစ်သည်။

"ကိုလေးကိုက. . လိုအပ်တာ အကုန်လုပ်ပေးလိုက်ဖို့ မှာကြားထားပါတယ်၊အစ်ကိုသွားချင်တဲ့ နေရာလည်း လိုက်ပို့ပေးဖို့ မှာထားပါတယ်. . ."

ကောင်လေးက တရိုတသေ ပြောသည်။

"လေးကိုက. . ညီလေးတို့ ဟိုတယ်နဲ့ အတော်ရင်းနှီးလား. . ."

"အစ်ကို မသိဘူးလား ကိုလေးကိုတို့က ဒီဟိုတယ်ကိုပိုင်တယ်လေ"

"ဟ. . ငါ့သူငယ်ချင်း ဒီလောက်ချမ်းသာမှန်း ငါမသိပါဘူးကွာ"

ရင့်ရော်. . လေးကိုနှင့်အတူ ကျောင်းတက်စဉ်က အတူသွားလာခဲ့ရာ. . လေးကို ငွေသုံးနိုင်မှန်းတော့ သိသည်၊

အခုလောက် ချမ်းသာမှန်းတော့ သူမသိခဲ့. . . ။

"အစ်ကို ကျွန်တော်သွားတော့မယ်"

"အေး. . . အေး"

ဝန်ထမ်းကောင်လေးက သူ့အဝတ်အစားအိတ်ကို အခန်းထဲပို့ပေးပြီး. . ပြန်ထွက်သွားသည်။

"ဟူး. . နားလိုက်ဦးမယ်ကွာ"

ပါးစပ်က လေပူကို မှုတ်ထုတ်လိုက်ပြီး. . ခုတင်ပေါ် ပက်လက်လှဲချလိုက်သည်။

သူ့မျက်လုံးထဲတွင် ပေါ်လာတာက. . မိုးဝသုန်မိုး၊ စကားတွေအများကြီး ပြောသည့် ကောင်မလေး. . မိုးရေတွေ စိုရွှဲနေတာတောင် တစ်စက်မှ ချမ်းခြင်းမရှိ. . . ။

"ငါဘယ်လို နားလည်ရမှာလဲ မိုးရယ်. . နင်ဟာ ဘာလဲ၊ လေးကိုရဲ့ မင်္ဂလာအိပ်ခန်းက အလောင်းဟာ နင့်အလောင်းလား၊ ငါဘာမှ နားမလည်တော့ဘူး. . . "

ဟုရင်ထဲက အော်ဟစ်လိုက်သည်။

ပဟေဠိ. . ပုစ္ဆာတစ်ပုဒ်လို မိုးဝသုန်မိုးနှင့် ပတ်သက်

သမျှ စဉ်းစားရင်း မကြာခင်မှာပဲ. . ခရီးပန်းလာသဖြင့် ခုတင်ပေါ်တွင် လှဲချလိုက်တာနှင့် အိပ်ပျော်သွားလေတော့သည်။

ဟိုတယ်. . ညအိပ်မီး ပြာပြာလေးက အခန်းထဲမှာ ပျံ့လွင့်လို့နေသည်။

ဝိုးတဝါးညမှာ ရင့်ရော်စိတ်ထဲ. . သူ့ကို တစ်ယောက်ယောက်က ကြည့်နေသည်ဟု ခံစားရသဖြင့် မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

"ဟင်. . မိုး. . . "

မိုးဝသုန်မိုးက ခုတင်ဘေးမှနေ၍ သူ့ကို မတ်တပ်ရပ်ကာ ပြုံး၍ ကြည့်နေသည်။

"မင်း. . မင်း အခန်းထဲ ဘယ်လိုရောက်နေတာလဲ"

ရင့်ရော်က အံ့ဩစွာ မေးလိုက်ရာ. . မိုးဝသုန်မိုးက ဘာမှမပြော သူ့ကို ပြုံး၍စိုက်ကြည့်ရင်း၊ မျက်လုံးက အရောင်တောက်လာသည်ဟု ထင်ရသည်။

"မင်း. . ဘာလဲ. . . ဘာလုပ်မလို့လဲ"

ရင့်ရော် ထထိုင်လိုက်ပြီး မေးလိုက်ရာ၊ မိုးဝသုန်မိုးရဲ့ မျက်နှာ တဖြည်းဖြည်း ခက်ထန်လာကာ ပုံသဏ္ဍာန်တဖြည်းဖြည်း ပြောင်းလို့လာ၏။

သူမဝတ်ထားသည့် သတို့သမီးဝတ်စုံ အဖြူနှင့် ဆန့်ကျင်စွာ အသားအရောင်က တဖြည်းဖြည်း မဲ၍လာသည်။

ရင့်ရော် တစ်ကိုယ်လုံး ချွေးတွေ ပြန်လို့လာ၏. . ကြောက်စိတ်ကြောင့်လည်း အသားတွေ တဆတ်ဆတ်တုန်လာကာ အနောက်သို့ ဖင်ဆုတ်ဖင်ဆုတ်သွား၍. . .

"မင်း. . . သွား၊ ငါ့အနားမလာနဲ့"

လက်နှစ်ဖက် အသာမြှောက်၍ ကြောက်စရာမျက်နှာကြီးက ရင့်ရော်၏ ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်တော့သည်။

"အား. . ."

ရင့်ရော် သွေးပျက်မတတ် အော်သံနှင့်အတူ တစ်ကိုယ်လုံးလေထဲလွင့်ကာ သွားတော့သည်။

## အခန်း ◀ ၈ ▶

"ဟင်. . ."

တစ်ကိုယ်လုံး ချွေးများရွှဲကာ. . ရုတ်တရက် ထထိုင်လိုက်ပြီး၊ တစ်ခန်းလုံးကို လိုက်ကြည့်တော့ ဘာတစ်ခုမှ မရှိကာကြောင့်. . ရင့်ရော် အကြောက်အနည်းငယ် ပြေလျော့သွား၏။

"ငါ. . အိပ်မက် မက်နေပါလား"

အိပ်မက်ဆိုတဲ့အသိကြောင့် သူ့ရင်တစ်ခုလုံး အနည်းငယ် ငြိမ်ကျလို့ သွားသည်။ အခန်းထဲတွင် သူတွေ့ရသည်ထင်သည့် မိုးဝသုန်မိုးကို မတွေ့ရ. . .။

"တော်သေးတာပေါ့. . တကယ်သာဆို ငါဒုက္ခရောက်ပြီ၊ ငါအိပ်မက်ထဲက အတိုင်း. . မိုးမဖြစ်ပါစေနဲ့"

စိတ်ထဲက ကြိတ်၍ဆုတောင်းကာ ခုတင်ပေါ်က ...င်း၍. . ရေခဲသေတ္တာထဲမှ ရေဘူးကိုယူကာ မော့သောက်လိုက်သည်။

ရင်ထဲက အေးလို့သွားသလို စိတ်ထဲပေါ့သွားသည်။ လက်ထဲ ကျန်သည့် ရေဘူးကို ရေခဲသေတ္တာထဲပြန်ထည့်၍ ခုတင်ပေါ်တက်ကာ လှဲလိုက်သည်။

တော်တော်နှင့် အိပ်မပျော်၊ မိုးတွေရွာနေသည့် ညက မိုးရဲ့ မျက်နှာကို မြင်ယောင်နေသလို. . လေးကိုရဲ့ မင်္ဂလာခန်းထဲက အလောင်းရဲ့ မျက်နှာကို မြင်နေမိသည်။

ထူးဆန်းစွာ တိုက်ဆိုင်နေသည့် သတို့သမီးတို့၏ ရုပ်ရည်က တူနေတာလား. . ဒါမှမဟုတ် ဝိညာဉ်ပဲလား. . စိတ်ထဲတွေးမိကာ ကြက်သီးများပင် ထလို့လာသည်။

သူငယ်စဉ်ထဲက ဝိညာဉ်တွေနှင့် အလွန်နီးကပ်သူဟု အမေက ပြောသည်. . မေမေက သူ့ကို ကိုယ်ဝန်လွယ်ထား

သည့် အချိန်တုန်းကဆို. . ညစဉ်ဝိညာဉ်တွေ လာစောင့်ရှောက်သည်ဟု. . မေမေက သူ့အရွယ်ရောက်လာတော့ ပြောပြဘူးသည်။

သူ့နောက်တွင် တစ်စုံတစ်ယောက်က အမြဲလိုက်နေတယ်လို့ ထင်မိသည်။

အခုလဲ. . .

သူ့ကို ဝိညာဉ်က လာရောက်ပတ်သက်နေသည်ဟု ထင်မိ၏. . .

အိပ်မက်ဆိုး မက်ပြီး တစ်ရေးနိုးရာမှ ပြန်အိပ်လို့ မရသဖြင့်. . ခုတင်ပေါ်က ဆင်းကာ ဟိုတယ်စားသောက်ခန်းမသို့ ထွက်လာခဲ့သည်။

စားသောက်ခန်းက လူရှင်းနေသလို. . ဘားကောင်တာမှ လူကလည်း အိပ်ငိုက်နေသည်။

ရင့်ရော်လည်း စားပွဲလွတ်တစ်လုံး၏ ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏. . အစားသောက်စားဖို့ လူလိုက်ကြည့်ရာ တစ်ယောက်မှ မတွေ့သဖြင့် ဒီအတိုင်းသာ ထိုင်နေလိုက်၏။

ထိုစဉ်. . .

"ဒေါက်. . ဒေါက်. . ဒေါက်"

ခြေသံပြင်းပြင်းကို တစ်ချက်ချင်း ကြားလိုက်ရသည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

အသံသာကြားနေသည်. . လူကို မမြင်ရသေး ခြေလှမ်းလာသည့် ပုံစံက စားသောက်ခန်းထဲ ဝင်လာသည့်ပုံစံမျိုး ဖြစ်နေသည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

တိတ်ဆိတ်နေသည့် ညအမှောင်တွင် ခြေသံပြင်းပြင်းနှင့်အတူ ကိုယ်လုံးတောင့်တောင့် အရပ်မြင့်မြင့်. . ဥရောပစတိုင်ဝတ်စုံကို သပ်ရပ်စွာဝတ်ထားသည့် အသက်သုံးဆယ်ခန့် ယောကျ်ားတစ်ဦးဝင်လာသည်။

အသားက ညိုညို နှာတံပေါ်ပေါ်နှင့် မျက်လုံးကတော့ စူးရှလွန်းလှသည်. . .

သူဦးတည်လာနေတာက ရင့်ရော်စားပွဲဆီသို့ ဖြစ်သည်. . ရင့်ရော်လည်း မျက်လုံးအကြောင်သားနှင့် သူ့ဆီလာ

နေသည့် လူအားငေးကြည့်နေရာ စားပွဲရှေ့ရောက်တော့ ထိုလူက. . .

"ကိုယ်ခဏထိုင်မယ်. . . ညီလေး"

အေးစက်စက် အပြုံးတစ်ခုကို ပြုံးကာ သူ့ကိုပြော လိုက်၏။ရင့်ရော်လည်း ထိုလူကိုမြင်ကတည်းက စိတ်ဝင်စား၍ စကားပြောလိုတာနှင့်. . .

"ထိုင်လေ ရပါတယ်"

ထိုလူက သူ့ရှေ့ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ထို နောက်. . .

သူနှင့် မျက်လုံးချင်း ဆုံကြည့်ကာ. . .

"ကိုယ့်နာမည် သတ္တသစ်လို့ ခေါ်တယ်. . ရင်းနှီးတဲ့ လူတွေကတော့ သတ္တလို့ပဲ ခေါ်တယ်၊ ဒါကအရေးမကြီးပါ ဘူး. . အခုညီလေးလာတာ နာရေးကိစ္စလား"

"ဗျာ. . ."

ရင့်ရော် အံ့အားသင့်လို့သွားသည်။ ဒီလူက သူဒီကို လာတဲ့အကြောင်းကို ကြိုတင်၍ သိနေ၏. . .

"မင်း ကြည့်ရတာ ကိုယ်ပြောတာကို အံ့အားသင့်နေပုံပဲ၊ ဘာအံ့သြစရာရှိလဲကွာ. . နာရေးကိစ္စဆို ကိုယ်မသိလို့မှ မရတာ"

"ခင်. . . ခင်ဗျားက"

ရင့်ရော်ရဲ့ စကားတွေက ထစ်ငေါ့လို့နေသည်. . . သတ္တသစ်က ခပ်ပြုံးပြုံးလေးနှင့်. . .

"ကိုယ်က သုဘရာဇာလေ. . ."

"ဗျာ. . ခင်ဗျားက သုဘရာဇာဟုတ်လား"

ရှပ်ရည်က လွန်စွာသန့်သလို အနောက်တိုင်းဝတ်စုံနှင့် ခန့်ညားစွာဝတ်ထားသည့် သူက. . သုဘရာဇာဆိုတော့ ရင့်ရော် ဘယ်လိုမှ မတွေးတတ်တော့. . .

"ဟုတ်တယ်လေ. . ကိုယ့်အလုပ်က မသာတွေကို သင်္ဂြိုဟ်ပေးတယ်၊ အရင်ကတော့ ကိုယ့်အဘက လုပ်တာပါ အခုတော့ ကိုယ့်အဘက ဆုံးသွားပြီ"

"အခု ခင်ဗျားက ဒီဟိုတယ်ကို ဘာလာလုပ်တာလဲ"

သတ္တသစ်က နှုတ်ခမ်းကို အနည်းငယ်မဲ့၍ ပခုံးနှစ်

ဖက်ကို တွန်းပြလိုက်သည်။

"သုဘရာဇာ ဟိုတယ်မတည်းရဘူးလို့. . ဘယ်သူပြောထားလဲ၊ ကိုယ်လည်း ဇရပ်မှာအိပ်ရတာ ကျောညောင်းလာတာနဲ့ ဟိုတယ်မှာလာအိပ်တာ. . အဆင်မပြေဘူးညီလေးရယ်၊ မွှေ့ရာနဲ့ စောင်က မသန့်ဘူးကွာ အနံ့အသက်တစ်မျိုးပဲ. . ."

ရင့်ရော်စိတ်ထဲ ရယ်ချင်သွားသည်. . သုဘရာဇာက ဟိုတယ်က ပစ္စည်းတွေကို မသန့်ဘူးဟု ပြောနေသည်။

"ခင်ဗျားက. . ဒီကို ဘာလာလုပ်တာလဲ"

"ကော်ဖီလာသောက်တာ ညီလေးရဲ့. . မင်းမြင်တဲ့အတိုင်းပဲ ဒီအခန်းကလူတွေ ကောင်တာခုံမှာ မှောက်နေကြပြီလေ. . ."

ဟုတ်တော့လည်း ဟုတ်သည်. . ရင့်ရော်ကိုတောင် ဘာသောက်မလဲဟု တစ်ယောက်မှ လာမမေးကြ. . .

သတ္တသစ်က သူ့လက်နှစ်ဖက်ကို စားပွဲပေါ်တင်ကာ ရင့်ရော်ကို မျက်လုံးနှင့် သေချာစွာ စိုက်ကြည့်၍. . .

"ညီလေးနဲ့ ကိုယ်နဲ့. . အပျင်းပြေ ပညာတစ်ခု စမ်းသပ်ရအောင်"

"ဘာကို ဆိုလိုတာလဲ. . . "

ရင့်ရော်က နားမလည်၍ မေးခြင်းဖြစ်သည်။

"ဒီလိုကွာ. . ကိုယ့်အိတ်ထဲမှာ ငွေဘယ်လောက်ရှိလဲ၊ ညီလေးကို မေးမယ်. . ညီလေးလည်း ဘာသိချင်လဲ ကိုယ့်ကိုမေး. . . "

"အိုကေ. . . "

ရင့်ရော် စိတ်ဝင်စားသွားသည်. . ဒီလိုစိန်ခေါ်လို့ကတော့ သူဘယ်တော့မှ အညံ့မခံ. . သတ္တသစ်က

"ကိုယ့်အိတ်ထဲမှာ ငွေဘယ်လောက်ရှိလဲ. . . "

ရင့်ရော်က မျက်စိကိုအသာမှိတ်ကာ အာရုံခံလိုက်သည်. . .

ခဏကြာတော့ သူ့နားထဲတွင် လေသံသဲ့သဲ့ကို ကြားလိုက်ရ၏။

မျက်လုံးကို အသာဖွင့်ကာ. . .

"ခင်ဗျား အိတ်ထဲမှာ ဘာမှမရှိဘူး. . ဘောင်းဘီနဲ့ ခါးကြားမှာ ပိုက်ဆံအိတ် ရှိတယ်"

"ဟာ. . အိုကေ ဂုဏ်ယူပါတယ်ညီလေး"

သတ္တသစ်က ထိုင်ရာမှ ထ၍. . ရင့်ရော်ကို လက်ဆွဲ နှုတ်ဆက်လိုက်သည်။

"ညီလေးက တကယ်တော်တာပဲကွာ. . ."

"ကျေးဇူးတင်ပါတယ်. . အခုတစ်ခါ ကျွန်တော်မေး မယ်နော်"

"မေးပါ. . ."

သတ္တသစ်က ပြုံးပြုံးရွှင်ရွှင်နှင့် သူ့ကို ပြော၏. . .

"ကျွန်တော့်အမေက ကျွန်တော်ကို ပြောဖူးတယ်. . ကျွန်တော်က ဝိညာဉ်တွေရဲ့ အကူအညီအမြဲ ရနေတယ်တဲ့ ဟုတ်မဟုတ် သိချင်တယ်. . ."

"ကိုယ်အဲဒါကတော့ မသိဘူး. . ကိုယ်က ပစ္စုပ္ပန် အခြေအနေတစ်ခုကိုပဲ သိတယ်. . ဝိညာဉ်နဲ့ ပတ်သက်တာ မပတ်သက်တာ မသိဘူး. . အနာဂတ်ကိုလည်း ကြိုမသိ

ဘူး. . . ”

ရင့်ရော်က. . ပြုံးလိုက်၏။ ဒီလူသူ့ကို ညာနေတယ် ဟု စိတ်က ထင်မိသည်။

“ကောင်းပြီလေ. . ခင်ဗျား၊ ဒီည ဒီဟိုတယ်မှာ တည်းတာ ကျွန်တော်ကို တွေ့ဖို့လား. . . ”

“မှန်လိုက်တာကွာ. . ကိုယ်ချီးကျူးပါတယ်၊ ကိုယ်က စိတ်စွမ်းအင်နဲ့ ပတ်သက်တဲ့ ပညာရပ်တွေကို လေ့လာနေတဲ့ သူတစ်ယောက်ပါ. . . ”

“ညီလေးလို ပါရမီရှင်တစ်ယောက်နဲ့ တွေ့တာ. . အရမ်းဝမ်းသာပါတယ်၊ ကိုယ်သွားဦးမယ်. . . ”

ပြောဆိုကာထသွားသော သတ္တသစ်၏ ကျောပြင်ကို သူငေးကြည့်ကာ ကျန်ခဲ့တော့၏။

စိတ်ထဲမှာတော့. . .

## အခန်း ◀ ၉ ▶

နောက်တစ်နေ့နံနက်မှာ ဟိုတယ်မှ မနက်စာစော စောစားပြီး. . ကားဖြင့် လေးကိုအိမ်ကို ထွက်လာခဲ့သည်။

အိမ်ထဲနှင့် ခြံဝန်းထဲတွင် ကားများရပ်ထားသဖြင့်. . ရင့်ရော်လည်း. . ခြံနှင့် မနီးမဝေး လမ်းဘေးတစ်နေရာတွင် ကားကိုရပ်ကာ ခြံထဲသို့ ဝင်လာ၏။

မနေ့က ဟိုတယ်တွင်. . တစ်နေ့လုံး တစ်ညလုံး အနားယူလာသဖြင့် လူက လန်းဆန်းလို့ နေသည်။ ခြံထဲတွင် ကုလားထိုင်များချထားပြီး လူများ ဟိုတစ်စု ဒီတစ်စုထိုင် လို့နေသဖြင့် ရင့်ရော်လည်း. . ကိုယ်နှင့်သိသူ တစ်ယောက်မှ

မရှိ၍ အိမ်ထဲ တန်းဝင်လာခဲ့သည်။

သူအိမ်ထဲရောက်တော့. . လေးကိုက ဧည့်ခန်းတွင် ထိုင်နေရာမှ ထ၍. . .

"ရင့်ရော် လာ. . ငါမနေ့က ဟိုတယ်ကို ဖုန်းဆက်သေးတယ်၊ မင်းအိပ်နေတယ်တဲ့. . ညရောက်တော့လည်း ဆက်တယ်. . မင်းထွက်မလာသေးဘူး ပြောတယ်. . ခရီးပန်းလို့ တစ်နေ့လုံးတစ်ညလုံး အိပ်နေတာလား ရင့်ရော်"

ရင့်ရော်. . ဘာမှ မပြောဘဲ၊ ထိုင်ခုံလွတ်တွင် တစ်ယောက်တစ်လုံး ဝင်ထိုင်လိုက်သည်။ တခြားလူများကလည်း သူတို့အကြောင်းနှင့် သူတို့ စကားပြောနေကြသည်မို့ သူတို့ကိုစိတ်မဝင်စား. . . ရင့်ရော်က

"မင်း. . ဟိုတယ်က လူတွေကို ညဘက်ဂျူတီ ဘယ်လိုထားလဲ. . ."

"ဘာဖြစ်လို့လဲ သူငယ်ချင်း. . တစ်ညလုံးရှိပါတယ်၊ နေ့ဆိုင်းညဆိုင်း ခွဲထားတယ်လေ"

လေးကိုက သေချာစွာရှင်းပြသည်။ ရင့်ရော်က. . .

"ငါညလယ်လောက်က စားသောက်ခန်း ရောက်တယ်. . ကောင်တာမှာ မင်းလူတွေ အိပ်ငိုက်နေတယ် ငါလူတစ်ယောက်နဲ့ စကားပြောနေတာတောင် သူတို့မသိဘူး"

"မင်းက ဘယ်သူနဲ့ ပြောနေလို့လဲ. . ."

"သုဘရာဇာတစ်ယောက်နဲ့ပါ. . . သူ့နာမည်က သတ္တသစ်တဲ့"

"ဟင်. . ."

လေးကို အံ့သြလို့သွားသည်။ ရင့်ရော် မျက်နှာကို ငေးချာကြည့်၍. . .

"မင်းနောက်နေတာလား. . . ရင့်ရော်"

"ဘာလို့ ငါက နောက်ရမှာလဲ"

ရင့်ရော်က နားမလည်စွာ ပြန်ပြောလိုက်သည်။

"ဟိုတယ်က စားသောက်ခန်းမမှာ လူအမြဲတမ်း. . ခြောက်ယောက်ရှိတယ်၊ ဘယ်သူမှ အိပ်ငိုက်လို့ မရဘူး. . ပြီးတော့ မင်းပြောတဲ့ သုဘရာဇာကို ငါသိတယ်. . မနေ့ညကတောင် သင်္ဂြိုဟ်ဖို့ ကိစ္စနဲ့ ငါသချိုင်းရောက်ခဲ့တယ်"

"မင်း. . ငါပြောတာ မယုံလို့လား၊ ငါတို့ စကားပြော ခဲ့ကြတယ်. . မယုံရင် မင်းဟိုတယ်မှာ သတ္တသစ်တစ်ယောက် တည်းမတည်း မန်နေဂျာကို လှမ်းမေးကြည့်. . ."

"အေး. . ."

လေးကိုက သူ့လက်ကိုင်ဖုန်းကို နှိပ်၍ ဟိုတယ်ဆီ ဖုန်းလှမ်းခေါ်ကာ ပြောနေသည်။

ခဏကြာအောင် ဖုန်းပြောပြီးတော့. . ရင့်ရော်အား

"မင်းပြောတဲ့ နာမည်နဲ့ တစ်ယောက်မှ မတည်းဘူး၊ ညက စားသောက်ခန်းမှာ ဝန်ထမ်းတွေ အချိန်ပြည့်ရှိတယ်တဲ့၊ မန်နေဂျာက ဒီ့လူယုံကွ ဘယ်တုန်းကမှ မလိမ်ဘူး. . ."

"အဲဒါဆို. . ငါနဲ့ တွေ့တာက"

ရင့်ရော်စိတ်ထဲ ဝေခွဲမရဖြစ်သွားသည်။သူနဲ့တွေ့ခဲ့ကြ တာ အသေအချာ အခုတော့ ဟိုတယ်က ငြင်းလို့နေသည်။

"မင်းခရီးပန်းလာပြီး ကယောင်ချောက်ချား အိပ်မက် တွေ မက်တာနေမှာပါကွာ"

"မဟုတ်ဘူး. . လေးကို၊ ငါတကယ် ဆုံခဲ့တာ ငါ့ကို

တောင် ပညာစမ်းသွားသေးတယ်. . .”

လေးကိုက. . ရင့်ရော်မျက်နှာကို သေချာစိုက်ကြည့်လိုက်သည်။ ပြီးမှ. . .

“မင်းကို ဘယ်လိုစမ်းတာလဲ. . .”

“ဟာင်. . .”

ရင့်ရော်က ဘာဖြေရမှန်း မသိ. . .

“တစ်ခါတစ်ခါ လူဆိုတာ ဒီလိုပဲ ဖြစ်တတ်ပါတယ်. . ခေါင်းထဲ ဘာမှ မထည့်နဲ့”

“ဟူး. . .”

ရင့်ရော် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်. . လေးကိုကို တခြားဧည့်သည်များ လာနှုတ်ဆက်တာကြောင့် ရင့်ရော်လည်း တစ်ယောက်တည်း ထိုင်၍စဉ်းစားနေတော့သည်. . .

ခဏကြာတော့ လူတစ်ယောက်က လေသံတိုးတိုးနှင့် လေးကိုနား အသာကပ်ပြောကာ ထွက်သွားသည်. . လေးကိုက ရင့်ရော်အား. . .

"ရင့်ရော်လာ. . အပေါ်ထပ်သွားမယ်၊ ဟိုမှာ ခေါင်းသွားသွင်းကြမယ်"

"အေး. . ."

လေးကို ခေါ်ရာနောက်သို့ ရင့်ရော်လည်း ထလိုက်လာသည်. . အပေါ်ထပ်တက်သည့်လှေခါးမှတစ်ဆင့် တက်လာပြီး၊ လျှောက်လမ်းမှ လျှောက်ကာ အလောင်းရှိသည့်အခန်းထဲသို့ ဝင်လာခဲ့၏။

အခန်းထဲ ရောက်သည်နှင့် ခုတင်ဘေးတွင် ချထားသည့် ခေါင်းနက်ကြီးကို တွေ့ရသောကြောင့်. . ရင့်ရော်လန့်လို့သွား၏။

ခမ်းနားလှပသော မင်္ဂလာဆောင်ခန်းထဲတွင် နှင်းဆီပန်းများဖြင့် လှပဝေဆာစွာ ပြင်ထားသော သတို့သမီး၏အလောင်းမှာ ငြိမ်သက်စွာရှိနေသည်။

"သူ့ဘဝတစ်လျှောက်လုံး သနားစရာပါ. . ရင့်ရော်ရယ်၊ အခုတော့ သူဆပ်ရမယ့် ဝဋ်ကြွေးတွေကုန်သွားခဲ့ပြီပေါ့"

"ဘယ်လို. . လေးကို၊ သူက ဘာတွေသနားစရာ

ကောင်းလို့လဲ”

ရင့်ရော်က မေးလိုက်ရာ လေးကိုက သတို့သမီးအ လောင်းမျက်နှာကို သေချာကြည့်၍. . .

“သူ့ဟာငါ့ညီမလေးဆိုလည်း ဟုတ်တယ်၊ ငါ့ဇနီး လောင်း ဆိုလည်းမှန်တယ်. . သူ့ရဲ့ကျပ်တည်းကျဉ်းမြောင်းတဲ့ ဘဝရဲ့ အဆုံးဟာ သေခြင်းတရားပဲလေ”

ရင်ထဲ ဆို့နစ်စွာပြောနေသည့် လေးကိုရဲ့ စကားသံ တွေကြားတော့. . ရင့်ရော်လည်း စိတ်မကောင်း-

ထိုစဉ်. . .

နောက်ထပ် လူသုံးယောက် အခန်းထဲဝင်လာပြီး. . လေးကိုအား အသံတိုးတိုးဖြင့်. . .

“ကိုလေးကို. . အခေါင်းထဲ ထည့်ရအောင်၊ မကြာခင် ကားလာတော့မယ်”

လေးကို ခေါင်းညိတ်ပြလိုက်ရာ. . ထိုလူများက အလောင်း၏အောက်မှ စောင်ကိုမကာ အလောင်းကို ခေါင်း ထဲထည့်လိုက်သည်။

သန္တာမွန်စာပေ

လေးကို မျက်လုံးထဲတွင် မျက်ရည်တို့ ဝဲလို့နေသည်၊ သတို့သမီးမျက်နှာကို နှမြောတသစွာ ကြည့်နေသည်။

ရင့်ရော်က. . လေးကို ပခုံးကို ဖက်၍

"ကိုယ့်စိတ်ကို ဖြေပါကွာ. . အားလုံးဟာ ကံတရားလို့ပဲ မှတ်လိုက်ပါ"

"ငါလည်း. . ဒီလိုပဲ တွေးပါတယ်"

ရင့်ရော်လည်း. . စိတ်မကောင်း ခေါင်းနက်ကြီးထဲတွင် ဖြူဖွေး၍ လှပနေသော မျက်နှာလေးက ပြုံးတော့မလိုရယ် တော့မလိုနှင့် လွန်စွာလှပလို့ နေသည်။

သူလမ်းမှာ ဆုံခဲ့သည့် မိုးက. . အခုတော့ အခေါင်းထဲမှာ ငြိမ်သက်လို့နေသည့်. . ထူးခြားဆန်းကြယ်သည့် အဖြစ်တို့က မယုံနိုင်လောက်အောင် ဆန်းလွန်းလှလေသည်။

ရှေ့မှ အလောင်းတင်ထားသည့်ကားက သချိုင်းထဲသို့ ဝင်လာရာ နောက်မှကားများကလည်း စီတန်း၍ လိုက်လို့လာသည်။

သချိုင်း ရင်ပြင်ရှေ့ရောက်တော့ ကားကို ရပ်လိုက်သည်. . .

"ရင့်ရော်. . လိုက်ခဲ့မလား"

"လိုက်မှာပေါ့"

လေးကို ကားတံခါးဖွင့်ဆင်းရာ နောက်သို့. . ရင့်ရော်လိုက်လို့လာသည်. . မသာကားထဲမှ အခေါင်းကိုထုတ်ကာ

လေးကို၏ အပေါင်းအသင်းများက ထမ်းကာ ဂူသွင်းရန်နေရာ ဆီသို့ လာခဲ့ကြသည်။

အုတ်ဂူနားတွင် အခေါင်းကို ချလိုက်သောအခါ. .

ရာဇာက လေးကိုအား. . .

"ဖွင့်ကြည့်ဦးမလား. . ."

"မကြည့်တော့ပါဘူး. . ဂူသာသွင်းလိုက်ပါတော့"

လွန်စွာ လွမ်းမောဖွယ်ကောင်းသည့် နာရေးအခမ်း အနားတွင် တယောသံတို့က လွမ်းမောဖွယ်ကောင်းလှသည်။ ရင့်ရော်က လေးကိုပခုံးကို ဖက်၍. . .

"အရာရာဟာ. . ကံတရားပဲလို့ သဘောထားပေါ့ ကွာ. . ."

လေးကို ရင်ထဲတွင် ဘယ်လိုရှိနေမယ်ဆိုတာ ရင့်ရော် ခန့်မှန်းလို့ရသည်. . ဂူသွင်းပြီးသောအခါ လူများ တဖြည်း ဖြည်းပါးလို့ သွားသည်။

ရင့်ရော်က လေသံတိုးတိုးနှင့် လေးကိုနားကပ်၍. . .

"မင်းတို့မြို့မှာ သင်္ချိုင်းဘယ်နှစ်ခု ရှိလဲ. . ."

"အတိအကျတော့ မသိဘူး. . မင်း ဘာလုပ်မလို့လဲ"

လေးကိုက နားမလည်စွာနှင့် ပြန်မေးသည်။

"သုဘရာဇာ တစ်ယောက်ရှာမလို့ပါ"

"မင်းကတော့ လုပ်ပြီကွာ. . စိတ်ကူးယဉ်မဆန်စမ်းပါနဲ့. . ."

ရင့်ရော်လည်း ဘာမှ ဆက်မပြောတော့ဘဲ. . အသာငြိမ်၍သာ နေလိုက်သည်။

ခဏကြာတော့ ဂူသွင်းသည့် ကိစ္စပြီးသွားသည်။

"မသာရှင်ရေ. . ခင်ဗျား မသာကတော့ ဂူထဲရောက်သွားပြီ၊ ဘာလုပ်ချင်သေးလဲ"

"ရပါတယ်. . ကိစ္စမရှိပါဘူး၊ အဆင်ပြေပြီပဲ ဆေးတော့ သုတ်လိုက်ဦးနော်"

"စိတ်သာချ. . သုတ်လိုက်မယ်"

ရင့်ရော်နှင့် လေးကိုတို့က ကျန်ခဲ့သည့်လူသုံးလေးယောက်နှင့်အတူ. . အုတ်ဂူဆီမှ ကားထားခဲ့ရာသို့ ပြန်လျှောက်လာကြသည်။

လေးကိုက. . ဘာအတွေးပေါက်သွားသည် မသိ၊ အုတ်ဂူဆီသို့ လှမ်းကြည့်ကာ. . .

"လူတစ်ယောက်ရဲ့ ဇာတ်သိမ်းကတော့ လှလှပပပြီး သွားပြီပေါ့လေ"

"စိတ်မကောင်း စရာတွေ. . တွေးမနေပါနဲ့ လေးကို ရယ်၊ သွားကြရအောင်"

ရင့်ရော်က လေးကိုပခုံးကို ဖက်ကာ. . ကားတံခါး ပေါက်ကို ဖွင့်ပေးပြီး ထိုင်စေလိုက်သည်။

သူလည်း ကားမောင်းသည့် နေရာမှာ ဝင်ထိုင် ကာ. . ကားကို မောင်း၍ သချိုင်းမှ ထွက်လာခဲ့တော့သည်။

နောက်တစ်ရက်. . လေးကို အိမ်ကို ရင့်ရော်ရောက်တော့ ဧည့်ခန်းတွင် ဝဝခန့်ခန့်လူကြီးတစ်ယောက် လေးကိုနှင့်ထိုင်၍ စကားပြောနေသည်။

ဧည့်ခန်းထဲသို့ . . ရင့်ရော်ဝင်လာတာကို လေးကို မြင်တော့. . .

"ရင့်ရော်လာ. . ဒါ ငါ့ဒက်ဒီ ဦးမင်းထက်သာလေ မိုးကောင်းဘက် တက်သွားတာ ဒီနေ့မနက်မှ ပြန်ရောက်တယ်. . ."

"ဟုတ်ကဲ့. . ကျွန်တော်ရင့်ရော်ပါ။တွေ့ရတာ ဝမ်းသာပါတယ်"

"သားက မင်းအကြောင်း အခုပဲပြောနေတာ ရန်ကုန်ကတောင် ကားမောင်းလာရတာ နည်းတဲ့ခရီးမှ မဟုတ်တာ"

ဦးမင်းထက်သာက ဖော်ရွေစွာပြုံးကာ . . ရင့်ရော်ကို ပြောသည် . . .

"လာတာက မင်္ဂလာဆောင် . . ရောက်တော့ နာရေးဖြစ်သွားတယ် အန်ကယ်ရယ်၊ ကျွန်တော် စိတ်မကောင်းပါဘူး"

"ဘာမှ စိတ်မကောင်း မဖြစ်နဲ့ . . အန်ကယ့်သားက လူပျိုကြီးဖြစ်မယ့် ဇာတာပါလာလို့ပဲလို့ . . အန်ကယ်သဘောထားလိုက်တယ်"

ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း မရှိသည့် ဦးမင်းထက်သာ၏ ပုံစံမှာ ခံစားမှုကင်းမဲ့နေသည်။ လေးကိုက . . .

"ရင့်ရော် . . မင်းရက်လည်တဲ့ထိ နေကွာ၊ မင်းရှိတော့ ငါအားရှိတာပေါ့"

"အေးပါကွာ . . နေပါ့မယ်"

ရင့်ရော်က ကတိပေးလိုက်သည်။ ဦးမင်းထက်သာက

"မောင်ရင့်ရော်. . ဟိုတယ်မှာနေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်. . အန်ကယ်"

"အန်ကယ်တို့ ဟိုတယ်က. . ရန်ကုန်က အဆင့်မြင့်ဟိုတယ်ကြီးတွေလိုတော့ မစီစဉ်ပေးနိုင်ဘူး. . ဒါပေမယ့် အတတ်နိုင်ဆုံး အဆင်ပြေအောင် လုပ်ထားတာ. . မောင်ရင့်ရော် တွေ့မှာပေါ့"

"ကောင်းပါတယ်. . အန်ကယ်"

အန်ကယ် ဦးမင်းထက်သာက စကားပြောကောင်းသူဖြစ်သောကြောင့် ရင့်ရော်ခင်မင်သွားသည်. . ချမ်းသာကြွယ်ဝသည့် သူဌေးတစ်ယောက်ဖြစ်သော်လည်း မာန်မာန မရှိတာကလည်း. . စီးပွားရေးမှာ အောင်မြင်မှုအတွက် အရေးပါတာပဲဟု. . ရင့်ရော်စိတ်ထဲ မှတ်ယူထားလိုက်သည်။

## အခန်း ◀ ၁၀ ▶

ညနေစောင်းရောက်တော့. . နေ့လည်က ရွာထား သည့် မိုးအရှိန်ကြောင့် ချမ်းစိမ့်စိမ့် ဖြစ်နေပေမယ့်. . ရင့်ရော် ဟိုတယ်အပြင်ဘက်သို့ လမ်းလျှောက်ထွက်လာခဲ့သည်။

ပတ်ဝန်းကျင် ရှုခင်းများကလည်း အလွန်မှကို သာ ယာလှသည်. . လေကောင်းလေသန့်ကို တဝကြီးရှူကာ လျှောက်လာတော့ လမ်းဘေးတွင် ချစ်စဖွယ်ဆိုင်လေးတစ် ဆိုင်ကို တွေ့တာနှင့် ဝင်ထိုင်လိုက်သည်။

ဆိုင်လေးက တောင်စောင်းအမြင့်တွင် ဆောက်ထား တာကြောင့် ကုန်းဆင်းလမ်းကို အပေါ်မှစီး၍ မြင်ရသလို. .

ဧရာဝတီမြစ်ကြီးကိုလည်း မျက်စိတဆုံး မြင်နေရ၏။

ဆိုင်လေးထဲသို့ ဝင်ထိုင်ကာ. . ထိုင်ခုံအလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ စားပွဲထိုးလေးက သူ့အနားရောက်လာပြီး. . .

"အစ်ကို. . ဘာစားမလဲ"

"သောက်စရာ. . မရဘူးလားကွ၊ ကော်ဖီတို့ လက်ဖက်ရည်တို့ ပြောတာ. . . "

"ရယ်ဒီမိတ်ပဲ ရမယ်. . အစ်ကို"

စားပွဲထိုးလေးက. . ရင့်ရော်ကို ရိုသေစွာပြောသည်။

"ရတယ်. . အဆင်ပြေတဲ့ ကော်ဖီတစ်ခွက် လုပ်ခဲ့"

"ဟုတ်ကဲ့. . . "

စားပွဲထိုးလေး ပြန်ထွက်သွားတော့ ရင့်ရော်လည်း စိတ်ရှိလက်ရှိ တွေးနေမိသည်. . ညနေစောင်း လေကလေးကလည်း တဖြူးဖြူးတိုက်လို့ နေတာကြောင့် အလွန်ကိုဇိမ်တွေ့လို့နေသည်။

စားပွဲထိုးလေးက ကော်ဖီမစ်အထုပ်နှင့် ရေနွေးပန်း

ကန်လာချပေးတာကို ရင့်ရော်က ခေါင်းပဲ ညိတ်ပြလိုက်သည်။

နေလုံးကလည်း တဖြည်းဖြည်း အနောက်သို့ဝင်သွားရာ အမှောင်က တဖြည်းဖြည်းသိပ်သည်းလို့ လာသည်. . ဆိုင်လေးထဲမှ ရောင်စုံမီးတချို့ပင် လင်းလို့လာ၏။

မီးအလင်းရောင်တို့ကလည်း စိတ်ကူးယဉ်စရာကောင်းလွန်းလှသည်. . အလင်းရောင်က ဖျော့တော့တော့လေး စားပွဲတစ်လုံးနှင့်တစ်လုံးကို သေသေချာချာပင် မမြင်ရပေ။

ထိုစဉ်. . .

"မိတ်ဆွေ ဒီဆိုင်မှာ ကော်ဖီလာသောက်တာလား"

"ဟင်. . . "

ရင့်ရော်ဘေးက ရုတ်တရက် ထွက်လာတဲ့အသံကြောင့်. . မော့၍ကြည့်လိုက်ရာ ဟိုတယ်တွင်ညဘက်ဆုံခဲ့သည့်. . သုဘရာဇာ သတ္တသစ်ဆိုသူ ဖြစ်နေလေသည်။

အဝတ်အစားဝတ်ထားပုံမှာ အကျီအဖြူကွက် လက်ရှည်နှင့် စတိုင်ဘောင်းဘီအနက်တို့ကို လိုက်ဖက်စွာဝတ်လို့

ထားသဖြင့် နဂိုတည်းက သန့်ပြန့်သည့်ရုပ်ရည်က ပို၍ပေါ်လွင်လို့နေသည်။

"ထိုင်မယ်နော်. . . ညီလေး"

"ထိုင်ပါ. . . "

ရင့်ရော်က. . သူ့မျက်နှာချင်းဆိုင်က ထိုင်ခုံကို ပြ၍ပြောလိုက်သည်၊ သတ္တာသစ်က ထိုထိုင်ခုံတွင် ဝင်ထိုင်၍. . .

"ကိုယ်. . ညီလေးတို့ ဟိုတယ်ကို လိုက်ကြည့်သေးတယ်. . ဧည့်ကြိုကောင်တာက မရှိဘူးပြောတာနဲ့ ဒီဆိုင်ကို လိုက်လာတာ"

"ဘာကိစ္စရှိလို့လဲ. . . "

ရင့်ရော်က မျက်မှောင်ကိုကြုံ့၍ မေးလိုက်သည်။

"ကိုယ်ပြောတဲ့ ကိစ္စ. . ညီလေးစိတ်ဝင်စားမှာပါ"

"ပြောကြည့်လေ. . . "

သတ္တာသစ်က. . လေသံအေးစက်စက်နှင့်-

"ကိုယ်အခုည. . သန်းခေါင်လောက်မှာ အသက်မဲ့နေတဲ့ အလောင်းတစ်လောင်းကို အသက်သွင်းစရာ ရှိတယ်"

"ဟင်. . ."

ရင့်ရော် အံ့ဩသွားသည်. . သေနေတဲ့အလောင်းကို အသက်သွင်းတာ လွယ်တဲ့ကိစ္စမဟုတ်သလို၊ ဘယ်လိုမှ ဖြစ်နိုင်မှာမှ မဟုတ်တာ. . .

"ညီလေး. . မယုံလို့လား"

"ခင်ဗျားပြောတာ. . ဖြစ်နိုင်တဲ့ကိစ္စမှ မဟုတ်တာ"

ရင့်ရော်က ခေါင်းကိုခါ၍ ပြောလိုက်သည်။

"ကောင်းပြီလေ. . ညီလေးမယုံရင် လာကြည့်မလား"

"ဘယ်ကိုလဲ. . ."

ရင့်ရော်က. . မေးပြီးမှ မှားများသွားလားဟု တွေးမိသည်. . .

သတ္တသစ်ကတော့ ပုံစံမပျက်ဘဲ တည်တည်ငြိမ်ငြိမ်နှင့်. . .

"ကိုယ် လိပ်စာပေးလည်း. . ညီလေး သိမှာမဟုတ်ဘူး၊ ဖြစ်နိုင်မယ်ဆိုရင်. . ကိုယ်နဲ့ လိုက်ခဲ့ပါလား"

"သင်္ချိုင်းကုန်းကိုလား. . ."

"ဟား. . . ဟား. . ."

ရင့်ရော် ပြောတာကို သတ္တသစ်က အားပါးတရ ရယ်လေသည်။

"ခင်ဗျား. . ဘာလို့ ရယ်တာလဲ"

"ညီလေး ပြောတာကို သဘောကျလို့ပါ. . ကိုယ်က သုဘရာဇာဆိုတော့ သင်္ချိုင်းမှာလားလို့ တန်းမေးတာပဲ"

သတ္တသစ်က ရယ်လျက်. . ရင့်ရော်ကို ပြောသည်၊ ရင့်ရော်က မခံချင်စွာဖြင့်. . .

"ဘာလဲ. . ကျွန်တော်ပြောတာ မှားလို့လား"

"မှားတော့ မမှားဘူး. . ဒါပေမယ့်၊ မမှန်ဘူး အခု ကိုယ်လုပ်မယ့် အလုပ်က သင်္ချိုင်းမှာ လုပ်လို့မရဘူး. . သင်္ချိုင်းမှာဆိုရင် ညီလေးသိတဲ့အတိုင်း တခြားဝိညာဉ်တွေနဲ့ဆိုတော့. . ရှုပ်နေမယ်၊ ဒါကြောင့် ကိုယ့်မိတ်ဆွေက သရဲအရမ်းခြောက်လို့ မနေရဲလို့ ပစ်ထားတဲ့တိုက်အိုကြီးမှာ အလောင်းကို အသက်သွင်းမယ်. . ."

သတ္တသစ်က သေချာစွာရှင်းပြသည်။

"ဖြစ်ပါ့မလား. . တော်ကြာ တခြားပြဿနာတွေ ရှိလာရင် ဒုက္ခရောက်နေဦးမယ်"

"အဲဒီအတွက်တော့ မပူနဲ့. . ကိုယ်အားလုံးစီစဉ်ထားတယ်၊ ကိုယ်တို့ကလည်း တခြားကိစ္စတွေ လုပ်မှာမှမဟုတ်တာ ပညာရပ်တစ်ခုကို စမ်းမှာလေ. . ."

ရင့်ရော်က. . သူ့ရှေ့က စားပွဲခုံကို သေချာစိုက်ကြည့်၍ စဉ်းစားရင်း. . .

"ကျွန်တော်တစ်ခု မေးချင်တယ်. . ."

"ဘာများလဲ. . ညီလေး၊ မေးလေ. . ."

"အခု ခင်ဗျားအသက်သွင်းမယ့် အလောင်းကို. . သူ့မူရင်း ဝိညာဉ်သွင်းမှာလား. . တခြားဝိညာဉ်ကို သွင်းမှာလား"

ရင့်ရော်က မေးလိုက်ရာ. . သတ္တသစ်က နှုတ်ခမ်းလေး လှုပ်ရှုံ့ပြုံးလိုက်သည်။

"အလောင်းရဲ့ ဝိညာဉ်သွင်းရတာ. . လွယ်မယ်ထင်တယ်၊ တခြားဝိညာဉ်ဆိုရင် သူ့ဝိညာဉ်မဟုတ်တော့ မဝင်ချင်

မပြုချင် ဖြစ်နေဦးမယ်"

"ကောင်းပြီလေ. . ကျွန်တော် ခင်ဗျားနဲ့ ချက်ချင်းတော့ မလိုက်သေးဘူး၊ ဟိုတယ်ပြန်ဦးမယ်. . လိပ်စာကို မြေပုံကြမ်းရေးပေးခဲ့. . ကျွန်တော်ကားနဲ့ လာခဲ့မယ်"

"အိုကေ. . ကိုယ်က စာရွက်နဲ့ မြေပုံကြမ်း မရေးပေးတော့ဘူး၊ စားပွဲပေါ်မှာရေးပြမယ်. .မရှုပ်ပါဘူး၊ လမ်းကြောင်းက ရှင်းရှင်းလေး. . ."

သတ္တာသစ်က ရေခွက်ထဲသို့ လက်ညှိုးကို နှိုက်ကာ သစ်သားခုံမျက်နှာပြင်တွင် ရင့်ရော်လာရမည့် နေရာကို ရေးပြသည်. . ရင့်ရော်လည်း စိတ်ပါလက်ပါကြည့်၍ မှတ်သားလိုက်၏။

"ရပြီ. . မှတ်မိပြီ"

"ကိုယ့်ညီက မှတ်ဉာဏ်ကောင်းပါတယ်. . လာဖြစ်အောင်လာပါ၊ ငါ့ညီဘဝမှာ မကြုံဘူးတာ မတွေ့ဘူးတာတွေ တွေ့ရမယ်. . ."

"စိတ်ချ. . လာခဲ့မယ်"

"ကိုယ်သွားမယ်. . ."

သတ္တသစ်. . ရင့်ရော်စားပွဲရှေ့မှထကာ ဆိုင်ထဲမှ ထွက်သွားတော့သည်။

သတ္တသစ်ဆိုတဲ့ သုဘရာဇာဟာ စိတ်မှမှန်ရဲ့လားလို့ ရင့်ရော်တွေးမိသည်. . သို့သော် သူပြောပုံဆိုပုံက လူကောင်း တစ်ယောက် ပြောပုံဆိုပုံဖြစ်သလို ဝတ်စားဆင်ယင်ပုံက လည်း အထက်တန်းကျလှတာကြောင့်. . . စိတ်မမှန်သူ တစ် ယောက်မဟုတ်ဟု သုံးသပ်မိသည်။

ထိုစဉ်. . .

ဆိုင်ထဲသို့ လွန်စွာအိုမင်းနေသော အဘိုးအိုတစ်ဦး ကြီးမားသော လောင်းကုတ်ကြီးကို ဝတ်ကာ. . ခပ်ဖြည်းဖြည်း ခြေလှမ်းတို့ဖြင့် ဆိုင်ထဲသို့ ဝင်လာသည်။

ဆိုင်ဝရောက်တော့. . အတွင်းသို့ မဝင်သေးဘဲ၊ ဆိုင် ထဲသို့ စူးရှသည့် မျက်လုံးတို့ဖြင့် တစ်စုံတစ်ယောက်ကို လိုက် ရှာနေသည်။

ရင့်ရော်လည်း ဘာရယ်မဟုတ်၊ ဆိုင်ထဲသို့ အကဲခတ်

လိုက်ရာ မှိန်ဖျော့ဖျော့ အလင်းရောင်အောက်တွင် တချို့ဝိုင်း၌ လူအနည်းငယ် ရှိသည်မှလွဲ၍. . ကျန်ဝိုင်းများ၌ လူမရှိဘဲ ရှင်းနေသည်။

အဘိုးအိုက ဆိုင်ထဲအနှံ့လိုက်ကြည့်ပြီး. . ရင့်ရော် ထိုင်နေသည့်ဝိုင်းသို့ အကြည့်ရောက်လာကာ ရင့်ရော်ကို တွေ့သွားသည်။

"ဟင်. . ."

အဘိုးအိုက ရင့်ရော်ထိုင်နေသည့် စားပွဲဝိုင်းသို့ တန်းမတ်စွာ လျှောက်လာပြီး. . ရင့်ရော်နှင့် မလှမ်းမကမ်း၌ မတ်တပ်ရပ်ကာ. . . .

"အဘိုး. . လူလေးဆီကို အဝေးကြီးက လာရတာ"

"ဗျာ. . ."

ရင့်ရော်က သူ့ကို ရင်းနှီးစွာပြောသည့် အဘိုးအို စကားကို အံ့ဩသွားသည်. . .

"အဘိုး. . လူလေးကို ပစ္စည်းလေးတစ်ခု ပေးစရာရှိလို့ လိုက်လာတာ. . ."

"ဘာများလဲ. . ."

အဘိုးအိုက သူ၏ အပေါ်လောင်းကုတ်အကျီထဲမှ တစ်လက်မလောက်သာ ရှိသည့်. . သစ်သားရုပ်ထုလေးကို ရင့်ရော်အား ပေးလိုက်ရာ၊ ရင့်ရော်က ဘာရယ်မဟုတ်ဘဲ ယူထားလိုက်သည်။

"လူလေး. . ဒီအရုပ်ကလေးက ဆောင်ထားရင်၊ ဝိညာဉ်ဆိုးတွေ၊ သရဲတစ္ဆေတွေ လူလေးကို မနှောင့်ယှက်နိုင်ဘူး. . ."

"အဘိုး ထိုင်ဦးလေ. . တစ်ခုခုစားပါလား"

ရင့်ရော်. . အဘိုးအိုကို ပြောရာ အဘိုးအိုက. .

"ရတယ်. . အဘိုးတာဝန်က လူလေးကို ဝိညာဉ်နိုင်အောင် ပစ္စည်းပေးဖို့ပဲ. . ကဲသွားပြီ"

ပြောဆိုပြီး ဆိုင်ထဲမှ ထွက်သွားတော့သည်။ ရင့်ရော် သူ့လက်ထဲမှ အရုပ်ကလေးကို သေချာစွာကြည့်တော့ သစ်ကနက်သားဖြင့်. . အနုပညာမြောက်စွာ ထုထားသည့်သရဖူဆောင်းထား၍ လက်က ရာဇနှင်တံကို ကိုင်ထားသည့်နတ်

သမီးတစ်ပါး. . ဒါမှမဟုတ် ဘုရင်မပုံ ရုပ်တုဖြစ်နေသည်။

"အင်း. . ရုပ်တုက အသက်ဝင်နေသလိုပဲ၊ ငါနဲ့ ထိုက်လို့ရတာပဲ"

ရင့်ရော် စိတ်ထဲရေရွတ်ရင်း တယုတယနှင့် အကျီအိတ်ထဲ ထည့်ထားလိုက်သည်။

ထိုနောက်. . စားပွဲထိုးလေးအားခေါ်၍ ကော်ဖီဖိုးရှင်းကာ ဆိုင်ထဲမှ ထွက်လာခဲ့သည်. . သူဟိုတယ်ကို လမ်းလျှောက်ပြန်တော့ လမ်းက မှောင်နေပေမယ့်၊ ကောင်းကင်ရဲ့ အလင်းရောင်နှင့် ကားတချို့ဖြတ်သွားသည့် ကားမီးရောင်ကြောင့် အေးဆေးစွာ လျှောက်ပြန်လာလို့ ရသည်။

သူ့အိတ်ထဲတွင် အဘိုးအိုပေးထားသည့် ရုပ်တုလေးပါလာတယ်. . ဆိုတဲ့အသိကြောင့် သူ့ကိုယ်သူ ယုံကြည်မှုတွေ ပိုလို့လာလေတော့သည်. . .။

အခန်း ◀ ၁၁ ▶

ဟိုတယ်မှာ ညစာစားပြီးတော့. . ရင့်ရော်ကားဖြင့် သတ္တသစ်ပြောသည့် နေရာသို့ မောင်းထွက်လာသည်။ လမ်းကြောတစ်ခုလုံးကလည်း ကိုးနာရီကျော်၊ ဆယ်နာရီဝန်းကျင်ခန့် ရှိပြီ ဖြစ်တာကြောင့်. . လူရှင်းလို့နေသည်။

သတ္တသစ်ဆိုသည့်လူ ပြသည့်လမ်းက မှားစရာမရှိ။ လမ်းမကြီးမှ တစ်ဆင့် ကြီးမား၍အလွန်မြင့်သော ယူကလစ်ပင်ကြီးသုံးပင် ဖိုခနောက်ဆိုင်နေသည့် လမ်းထဲသို့ ဝင်လာရန် ဖြစ်သည်။

အဖိုးအိုပေးသည့်. . နတ်သမီးပုံ ရုပ်တုလေးကို အိတ်

ထဲသို့ ထည့်ယူလာခဲ့သည်။

ယူကလစ်ပင် သုံးပင်ရှိသည့်. . လမ်းထဲသို့ ကားချိုးဝင်တော့ လမ်းကမြေနီလမ်းဖြစ်ပြီး. . ဘေးတစ်ဘက်စီတွင် ခြံ ကျယ်ကြီးများကိုသာ တွေ့ရသည်။

ညအမှောင်ကြောင့် ထိုခြံကြီးများထဲတွင် ဘာရှိသည်ကို လုံးဝမမြင်ရ။

ကားကို ဆယ်မိနစ်ခန့်ကြာအောင် မောင်းလာတော့ မြေနီလမ်းဆုံးသွားသည်. . သတ္တာသစ်ပြောပုံအရ မြေနီလမ်းအဆုံးညာဘက်ခြံဟု ဆိုထားသဖြင့်. . ကားပေါ်က ဆင်းကာ ခြံဝ၌ ရပ်၍ အထဲသို့ကြည့်လိုက်သည်။

ခြံကြီးမှာ အုတ်တံတိုင်း အမြင့်ကြီး ကာရံထားပြီး၊ အဝင်တံခါးမှာ အလုံပိတ်ထားသော သံတံခါးကြီး ဖြစ်၏။

သံတံခါးကြီးကိုလည်း အမည်းရောင်ဆေးတို့ဖြင့် သုတ် ထားသည်. . ရင့်ရော်လည်း ခြံဝ၌ရပ်ကာ ရပ်၍ကြည့်နေသည်၊ အထဲက လူကိုခေါ်လည်း ကြားမှာမဟုတ်တာကြောင့် ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေသည်. . .

ထိုစဉ်. . .

"ကျွိ. . . . "

သံတံခါးကြီးက တဖြည်းဖြည်းချင်း ပွင့်လို့လာသည်။ ရင့်ရော် အထဲသို့ ကြည့်လိုက်ရာ. . သတ္တာသစ်ကို လှမ်းတွေ့လိုက်သည်။

"ငါ့ညီကို အစ်ကိုစောင့်နေတာ. . လာ"

ရင့်ရော်က သူ့ကားကို စိတ်မချသည့် ပုံဖြင့်ကြည့်နေသည်ကို သတ္တာသစ်က မြင်၍. . .

"ညီလေးကားကို ဘယ်သူမှ မယူပါဘူး. . ထားလိုက်ပါ ရတယ်"

"ကောင်းပြီလေ"

ရင့်ရော်လည်း. . သတ္တာသစ်ခေါ်ရာ ခြံထဲသို့ လိုက်လာခဲ့သည်။ ခြံကြီးမှာ သစ်ပင်ကြီးများအပြင်. . ရှင်းလင်းထားခြင်း မရှိတာကြောင့် ချုံနွယ်များ၊ ရွက်ခြောက်များဖြင့် ရှုပ်လို့နေ၏။

ခြံဝနှင့် အနည်းငယ်လှမ်းသည့်နေရာတွင် အလွန်

ဟောင်းနွမ်းနေသည့် တိုက်အိုကြီးကို တွေ့ရသည်. . ရေညှိများ တက်နေသလို နွယ်ပင်တချို့က ထိုတိုက်အိုကြီးအပေါ် တက်လို့နေသည်။

ထိုတိုက်အိုကြီးဆီ အဝင်လမ်းက. . ကွန်ကရစ်ကျောက်လမ်းကတော့ ရှင်းလို့နေ၏။

သတ္တသစ်နောက်သို့ ရင့်ရော်လည်း လိုက်လာရာ. . မကြာမီ တိုက်ခန်းကြီးဆီသို့ ရောက်လာသည်. . .

"ညီလေး. . လာ"

သတ္တသစ်က ရင့်ရော်ကို တိုက်ကြီးထဲသို့ ဝင်ရန်ပြောသဖြင့်. . ရင့်ရော်လည်း လိုက်ဝင်ခဲ့သည်။

"ဟင်. . . "

တိုက်ကြီးအတွင်းပိုင်းက အပြင်ဘက်နှင့် ခြားနားစွာ လွန်စွာခမ်းနားလှသည်. . ကနုတ်ပန်းများဖြင့် အနုပညာမြောက်စွာ ထွင်းထုထားသည့် ကျွန်းကုလားထိုင်ကြီးများနှင့် စားပွဲတို့မှာ ဧည့်ခန်းတစ်ခုလုံးကို ဖိတ်ဖိတ်တောက်စေသည်။

ဧည့်ခန်းနံရံရှိ အလွန်ဟောင်းနွမ်းပေမယ့်. . လက်ရာ

ကောင်းမွန်လှသည့် ပန်းချီကားတို့မှာလည်း အခန်း၏ခမ်းနားမှုကို ပို၍ပေါ်လွင်စေသည်။

"ညီလေး. . ထိုင်ကွာ၊ စောရရေ. . အအေးနှစ်ခွက်လုပ်လာခဲ့ကွာ"

သတ္တသစ်က ကျွန်းထိုင်ခုံကြီးတွင် ထိုင်ရန်ပြော၍. . သတ္တသစ်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

အခန်း၏ အလင်းရောင်မှာ လျှပ်စစ်မီး၏ အရောင်မဟုတ်ဘဲ. . ဧည့်ခန်းတွင်းရှိ မီးလင်းဖိုမှ အလင်းရောင်ဖြစ်သည်။

"ခင်ဗျား ပြောတဲ့. . အလောင်းက ဘယ်မှာလဲ"

ရင့်ရော်က မေးလိုက်သည်။ သတ္တသစ်က ပြုံး၍-

"ရှိပါတယ်. . အနောက်ဘက် အခန်းတစ်ခုထဲမှာပါ၊ အချိန်နည်းနည်း စောသေးလို့"

"ခင်ဗျားက. . ဘယ်အချိန် အလုပ်စမှာမို့လဲ"

"သန်းခေါင် တိတိ. . . "

ရင့်ရော် အံ့ဩလို့သွားသည်. . သန်းခေါင်မှာ အ

လောင်းကို ဝိညာဉ်သွင်းမည်ဆိုတော့ စိတ်ထဲမှာ လန့်မိ၏။

"ကိုယ်. . ညီလေးကို ပြောချင်တာက ကိုယ့်အလုပ်ကို လေ့လာလို့ရတယ်. . ဝေဖန်လို့ရတယ်. . အပြစ်တင်လို့ရတယ်၊ ဒါပေမယ့် ကိုယ်အလုပ်လုပ်နေတဲ့ အချိန်မှာတော့ အတတ်နိုင်ဆုံး ငြိမ်ငြိမ်နေပေးပါ"

"ကောင်းပြီလေ. . ."

"ညီလေး ကြောက်စရာလည်း မလိုဘူးနော်. . ကိုယ်တခြား ဝိညာဉ်တွေ အနှောင့်အယှက်မပေးနိုင်အောင် အကာအကွယ်လုပ်ပြီးသား. . ."

"ကျွန်တော် မကြောက်တတ်ပါဘူး. . ."

"အိုကေ. . ကိုယ်က အဲဒီလို လူမျိုးကိုမှ ကြိုက်တာ"

ထိုစဉ် သတ္တသစ်ခေါ်လိုက်သည့် စောရဆိုသည့်မျက်စိတစ်ဖက်လပ်နေသူက လှပသည့် ဖန်ခွက်များနှင့် အအေးလာချပေးသည်. . သတ္တသစ်က

"ညီလေး ကြိုက်တဲ့ ဖန်ခွက်ယူသောက်လိုက်"

"ဘာလို့လဲဗျ. . ."

"ဒီလိုပါ. . ကိုယ်က အအေးထဲတစ်ခုခု ထည့်ထားတယ်လို့ ညီလေး. . ထင်မှာစိုးလို့ပါ"

"ရပါတယ်ဗျာ. . ကျွန်တော့်စိတ်ဓာတ် အဲဒီလောက် မနိမ့်ပါဘူး၊ ခင်ဗျားကိုလည်း ယုံကြည်ပါတယ်"

ရင့်ရော် လင်ဗန်းထဲထည့်ထားသည့် ဖန်ခွက်နှစ်ခုထဲမှ တစ်ခွက်ကို ယူကာ. . မော့သောက်လိုက်သည်။

"ဟင်. . . "

ဖန်ခွက်ထဲမှ ဖျော်ရည်အရသာမှာ လွန်စွာထူးခြားကောင်းမွန် လှသည်. . သူ့ဘဝ သက်တမ်းတစ်လျှောက်တွင် ထိုမျှကောင်း မွန်လှသည့် အအေးမျိုးကို သောက်ခဲ့ဖူးခြင်း မရှိပေ. . .

သတ္တသစ်က. . အအေးခွက်ကို ကိုင်၍ ငိုင်သွားသော ရင့်ရော်ကို ကြည့်၍

"ဘာလို့လဲ. . . ညီလေး"

"ဘာမှ မဖြစ်ပါဘူး၊ အအေးက သောက်ကောင်းလို့"

"သောက်ကောင်းမှာပေါ့. . ပျားရည်နဲ့ ဘာလီကို

စပ်ပြီး၊ မြေအိုးနဲ့ သုံးနှစ်ထားတာလေ. . ခွဲသောက်ရင် ဘာ ရောဂါမှ မဝင်နိုင်ဘူး"

"ဟုတ်လှချည်လား"

ရင့်ရော်က ချီးမွမ်းလိုက်သည်. . သတ္တသစ်က တစ်စုံ တစ်ရာကို လေးနက်စွာတွေးလိုက်ပြီး. . .

"ညီလေး သူငယ်ချင်းရဲ့ အဖေ. . ဦးမင်းထက်သာ ကို သိလား"

"ဗျာ. . ခင်ဗျား လေးကိုကိုသိလို့လား"

"သိတာပေါ့. . သူတို့က နာမည်ကြီးသူဌေးတွေပဲ၊ သူ့ အဖေဆို စီးပွားရေးလောကမှာ နာမည်တစ်လုံးနဲ့ နေတာ"

"ကျွန်တော်နဲ့ တစ်ခါစကားပြောဘူးတယ်. . စကား ပြောအတော်ကောင်းတဲ့ သူဗျာ. . . "

သတ္တသစ်ကခေါင်းတညိတ်ညိတ်လုပ်၍ နေကာပြီးမှ

"တခြား သူ့အကြောင်း. . ဘာတွေ သိထားသေးလဲ"

"ဘာမှတော့ မသိပါဘူး. . ဘာလို့လဲဗျ"

"ညီလေးက သူတို့ဧည့်သည်ဆိုလို့ မေးကြည့်တာပါ"

"ညည့်သည်က မင်္ဂလာဆောင်လာတာ. . ဒီရောက်မှ နာရေးနဲ့ တန်းတိုးတော့တာပဲ. . ."

"ကဲ. . ညီလေးရေ ညဥ့်လည်း အတော်နက်လာပြီ. . လာ ကိုယ်တို့ အလုပ်စရအောင်"

ထိုင်ခုံမှ ထ၍. . ရင့်ရော်ကို ပြောသည်။

ထို့နောက်. . .

ရင့်ရော်ကို ညည့်ခန်းအနောက်ဘက်သို့ သွားသည့် လျှောက်လမ်းအတိုင်း ခေါ်လာခဲ့တော့သည်။

## အခန်း ◀ ၁၂ ▶

အခန်းထဲတွင် တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ရင့်ရော်လန့်လို့ သွားသည်။

"ဟင်. . ."

သံခုတင်ပေါ်တွင် တင်ထားသည့် အလောင်းတစ်လောင်း. . သူလာစဉ်က တွေ့ခဲ့သည့်မိုး၊ ဒါမှမဟုတ် လေးကို ၏ ဇနီးလောင်း. . .

အခန်းတစ်ခုလုံး ညအိပ်မီးသီးပြာပြာလေး ထွန်းထားကာ အလင်းရောင် ဖျော့ဖျော့လေး ဖြစ်နေသည်. . .

သတို့သမီးဝတ်စုံနှင့် အလောင်းကလည်း မီးရောင်

ကြောင့် အပြာရောင်သမ်းလို့နေသည်. . အခန်းထဲတွင် မီးခိုးငွေ့လိုလိုတွေကြောင့်. . မှိုင်းမှိုင်းကြီး ဖြစ်လို့နေသည်။

အခန်းက. . ပေနှစ်ဆယ်ပတ်လည်ခန့် ရှိသည့် အခန်းကျယ်ကြီးဖြစ်သလို အအေးဓာတ်က စိမ့်လို့နေသည်. . .

"ညီလေး. . ထိုင်"

အခန်း၏ အနောက်ဘက်တွင် ကုလားထိုင် ငါးလုံးခန့် ချထားရာ နေရာကိုပြ၍ သတ္တသစ်က ပြောသည်။

ရင့်ရော်လည်း ထိုင်ခုံရှိရာသို့ သွားကာ ထိုင်လိုက်၏-

"ညီလေးကို အစ်ကိုတစ်ခုပြောမယ် ဘယ်လိုအကြောင်းကိစ္စပဲရှိရှိ မထပါနဲ့၊အစ်ကိုလုပ်ရမယ့် အလုပ်က ဘယ်လောက်ခက်ခဲမယ်ဆိုတာ. . ညီလေး သိမှာပါ"

"ကောင်းပြီလေ. . . "

"သေချာတာက. . ညီလေး အန္တရာယ်မဖြစ်ဘူးဆိုတာပဲ"

"ရတယ်. . . "

ရင့်ရော်က ဖြေလိုက်တော့ သတ္တသစ်က ခေါင်းတစ်

ချက်ညိတ်ပြသည်. . သိပ်မကြာခင်မှာပဲ အခန်းထဲသို့ တယောကိုင်ထားသည့် အဘိုးအိုတစ်ဦး ဝင်လာသည်။

ရှည်လျားသော ဆံပင်ဖြူများကို. . ဖားလျားချထားကာ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးဖြူဖြူတို့က ရှည်လျားလွန်းလှသည်။

အဘိုးအိုက အလောင်းခုတင်ထိပ်၌ ခေါက်ကုလားထိုင်တစ်လုံး ချထားရာနေရာတွင် ဝင်ထိုင်လိုက်သည်။

သတ္တသစ်က နံရံတွင်ကပ်ထားသည့် တိုင်ကပ်နာရီကို တစ်ချက်ကြည့်၍ ၁က်တစ်ဖက်ကို မြှောက်လိုက်ရာ. . အဘိုးအိုက တယောကို စတင်ထိုးတော့သည်။

သတ္တသစ်က အလောင်းတင်ထားသည့် ခုတင်ဘေး၌ ရပ်၍ တယောသံစဉ်အတိုင်း လက်နှစ်ဖက်လုံးကို အပေါ်ကို မြှောက်၍ ခေါင်းကိုပါ မော့ထားသည်။

“ဟိတ်. . . ”

အသံက အခန်းတစ်ခုလုံး ဟိန်း၍ထွက်သွားသည်။ သတ္တသစ် အော်လိုက်တာက လက်ကိုချ၍ အလောင်းမျက်

နှာကို ကြည့်ပြီး. . အော်လိုက်ခြင်း ဖြစ်သည်။

ထို့နောက်. . .

လက်ဝါးနှစ်ဖက်ဖြင့် အလောင်းကို ဦးခေါင်းမှ အောက်သို့ တဖြည်းဖြည်း အလောင်းနှင့်ခွာ၍ ဆွဲချတာကို သုံးကြိမ်ခန့် လုပ်လိုက်သည်. . .

"ဟိတ်. . လိပ်ပြာရှင်၊ ဒီခန္ဓာဟာ အသင့်ရဲ့ ခန္ဓာဖြစ်တယ်. . ရောက်ရာအရပ်ကလာပြီး၊ဝိညာဉ်ရှင်ဟာ မင်းခန္ဓာထဲဝင်တော့. . ."

တယောသံစဉ်ကလည်း အတက်အကျမှန်စွာ ထိုးနေသလို. . သတ္တသစ်၏ လုပ်ကိုင်ပုံက လွန်စွာသေသပ်၍ ကြည့်ကောင်းလှသည်။

"ဟင်. . ."

ရင့်ရော် ကြည့်နေရင်း. . အလောင်းက တဆတ်ဆတ်နှင့် တုန်လို့လာသည်။

တယောသံကတော့ ငြိမ့်ငြိမ့်လေး ထွက်လို့နေဆဲ. .

သတ္တသစ်က အလောင်းဘေး၌ ရပ်၍. . နှုတ်ခမ်း

လှုပ်ရှ၊ ဂါထာရွတ်နေတာလား. . အလောင်းကို အမိန့်ပေး နေတာလားတော့ မသိ။ အလောင်းက လှုပ်နေရာမှ တဖြည်း ဖြည်း ကုန်း၍ထလာသည်. . .

ရင့်ရော် ကြက်သီးများပင်ထလို့ လာ၏။

အလောင်း၏ ခန္ဓာကိုယ်က ထိုင်၍သွားသောအခါ၊ သတ္တသစ်က အလောင်းကို လက်ညှိုးထိုး၍. . ခုတင်ပေါ်မှ ဆင်းရန် အမိန့်ပေးသည်. . .။

အသံကတော့ မထွက်. . .

အလောင်းရဲ့ မျက်လုံးတွေက ကြောင်တောင်တောင် ဖြစ်လို့နေပြီး. . ခုတင်ပေါ်မှ အောက်သို့ ခြေထောက်ကို ချကာ မတ်တပ်ရပ်လိုက်သည်။

သတ္တသစ်က လက်တစ်ဖက်ကို ရမ်းလိုက်ရာ. . အလောင်းက ဆတ်ခနဲ တုန်သွားသည်. . .

"ကဲ. . ငါမေးတာ သေချာနားထောင်၊ မင်းနာမည် ဘယ်လိုခေါ်လဲ. . ."

"မိုးဝသုန်မိုး"

စကားပြောသည့်အသံက ညြညြကြီး ဖြစ်လို့နေသည်။

"မင်း. . ဘယ်က လာတာလဲ"

ညြဇာပါလွန်းလှသည့် အသံဖြင့်. . သတ္တဝါသစ်က မေးလိုက်သည်။

"ကျွန်. . ကျွန်မ. . သချိုင်းတစ်ခုက ဂူထဲက လာ. . လာ. . လာတာ"

စကားကို အထစ်ထစ်အငေါ့ငေါ့ ပြောနေသည့်. . အလောင်းကောင်ကို ကြည့်ကာ. ရင့်ရော် ကြက်သီးတွေ ဖြန်းခနဲ ဖြန်းခနဲ ထလို့လာ၏။

"မင်း. . အုတ်ဂူထဲမှာ ဘယ်လိုနေရလဲ"

"ဟို. . ဟို. . အုတ်ဂူထဲက အရမ်းမှောင်တာပဲ၊ ပြီးတော့ အရမ်းကြောက်ဖို့ ကောင်းတယ်"

တယောထိုးနေသည့် အဘိုးအိုက သူနှင့်ဘာမှမဆိုင်သလိုနှင့် နေကာ. . တယောကို ထိုးမြဲအတိုင်း ထိုးနေသည်။

"ကဲ. . မင်းကို ငါလူ့ဘဝထဲ ပြန်ခေါ်လိုက်ပြီ၊ မင်းဘာ

လုပ်မလဲ. . မင်းနေတဲ့ အိမ်ကို ပြန်မလား"

"ဟင့်အင်း. . မပြန်ဘူး၊ ကျွန်မ ကြောက်တယ်"

အလောင်းကောင်၏ မျက်နှာမှာ အမုန်တကယ်ကို ထိတ်လန့် ကြောက်ရွံ့နေသည်. . ။

"ဘယ်သူကို ကြောက်တာလဲ. . "

"ဟို. . ဟိုလူကြီး. . ဦးမင်းထက်သာ"

"ဟင်. . "

ဦးမင်းထက်သာဆိုတဲ့ အသံကို ကြားလိုက်တော့. . ရင့်ရော် လန့်လို့သွားသည်။ ဦးမင်းထက်သာက ဒီအလောင်းနှင့် ဘယ်လိုပတ်သက်ထားပါလဲ. . ဆိုတဲ့ အတွေးက ခေါင်းထဲတွင် ပြည့်လို့နေသည်။

သတ္တသစ်က ဆက်၍. . .

"မင်း. . ဘယ်မှာ နေချင်လဲ ပြော"

"ကျွန်. . ကျွန်မ အမှောင်ထဲမှာပဲ နေချင်တယ်"

"ဟုတ်ပြီ. . . ရော့"

သတ္တသစ်က လက်ကို တစ်ချက်ရမ်းလိုက်ရာ. . အ

လောင်းက ကြမ်းပြင်သို့ လဲကျသွားတော့သည်. . .

တယောသံကလည်း ရပ်လို့သွားသည်။

အဘိုးအိုက သတ္တာသစ်ကို တစ်ချက်လှမ်းကြည့်လိုက်ရာ. . သတ္တာသစ်က မေးဆတ်ပြလိုက်သဖြင့် အဘိုးအိုအခန်းအပြင်သို့ တယောလေးကို ယူကာ. . ထွက်သွားသည်။

ကြမ်းပြင်တွင် လဲကျနေသည့် အမျိုးသမီးအလောင်းက သတိလစ်မေ့မျောနေပေမယ့်. . အသက်ရှူသံ ပြင်းလို့နေ၏. . .

"ညီလေး. . ကိုယ်တို့ အလုပ်တော့ ပြီးသွားပြီ"

သတ္တာသစ်က ထိုင်နေသည့် ရင့်ရော်ကို လှမ်းပြောလိုက်ရာ. . ရင့်ရော်က လက်ခုပ်ကို တစ်ချက်ချင်းတီးကာ သတ္တာသစ်ဆီသို့ လျှောက်လာသည်။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

"ဂုဏ်ယူပါတယ်"

လက်ကို ကမ်းပေးရင်း နှုတ်ဆက်လိုက်သည်။

သတ္တာသစ်ကလည်း လက်ကို ပြန်ဆွဲ၍ နှုတ်ဆက်

လိုက်၏. . .

"ခင်ဗျား တကယ်တော်တာပဲ. . လေးကိုသာ သိရင် အရမ်းဝမ်းသာမှာ၊ ဘယ်လောက် ထူးဆန်းလဲ. . သေနေတဲ့ လူကို ဝိညာဉ်သွင်းတာ ဒီတစ်ခါပဲ မြင်ဘူးတယ်"

"အချိန်တစ်ခုထိပဲ ရမှာ. . ညီလေးရဲ့၊ ကြာလေ အလောင်းက ပုပ်လေပဲ"

"ဟင်. . အမြဲဒီအတိုင်း ဖြစ်နေမှာ မဟုတ်ဘူးလား"

သတ္တသစ်က ခေါင်းကို ခါရမ်းလိုက်ပြီး. . .

"လူအစစ်ရဲ့ ခန္ဓာကို သုံးထားပေမယ့်. . သေနေပြီ လေ. . နေရောင်နဲ့လည်း ထိလို့ မရဘူး၊ ခန္ဓာကိုယ်မပုပ် အောင် သူ့ကိုယ်သူ ထိန်းရမှာပေါ့. . ."

"မယုံနိုင် လောက်အောင်ပဲဗျာ. . ."

"လာ. . . အိမ်ရှေ့သွားရအောင်"

သတ္တသစ်က ရင့်ရော်ပခုံးကို ဖက်ပြီး. . ပြောတော့ ရင့်ရော်က အလောင်းကို ကြည့်ကာ. . .

"သူ့ကို. . ဘယ်လို လုပ်မှာလဲ"

"ထားခဲ့မှာ"

နှစ်ယောက်သား အခန်းထဲမှ ထွက်ကာ အိမ်ရှေ့ဧည့်ခန်းသို့ လျှောက်လာကြသည်။

"ထိုင်လေ. . ညီလေး"

"မထိုင်တော့ဘူး. . ညဥ့်နက်နေပြီ၊ သွားတော့မယ်"

ရင့်ရော်က ပြောတော့. . သတ္တသစ်က ပြန်စေချင်သည့် ပုံမပေါ်

"နေပါဦးကွာ. . ကိုယ်တို့စကားပြောကြရအောင်"

"အရမ်းညဥ့်နက်နေပြီဗျ. . သွားတော့မယ်"

ရင့်ရော်က အိမ်ဝသို့. . လှမ်းထွက်တော့ သတ္တသစ်က နောက်မှလိုက်ကာ၊ ခြံအပြင်ဘက် ရပ်ထားရာကားဆီသို့ လိုက်ပို့ပေး လိုက်သည်။

အခန်း ◀ ၁၃ ▶

"အဲဒါပဲ လေးကို. . မင်းရဲ့ သတို့သမီးခန္ဓာထဲကို ဝိညာဉ်ပြန်ရောက်နေပြီ. . . "

နောက်နေ့မှာ လေးကိုနဲ့ တွေ့တော့. . ရင့်ရော်က အကြောင်းစုံကို ပြောပြလိုက်သည်။

"မင်း. . ဘာတွေ ဖြစ်နေတာလဲ ရင့်ရော်၊ မဖြစ်နိုင်တဲ့ ကိစ္စပဲ. . မင်းအိပ်မက် မက်တာ မဖြစ်နိုင်ဘူးလား"

"ဟာ. . မင်းကတော့ လုပ်ပြီ၊ မယုံရင် မင်းဟိုတယ်က ဝန်ထမ်းတွေကို မေးကြည့်. . ညက ဟိုတယ်ကို ငါဘယ်အချိန်ပြန်ရောက်လဲလို့ မေးကြည့်. . . "

လေးကိုက ခေါင်းကို လေးလေးပင်ပင် ရမ်းလိုက်၏။

"ရင့်ရော်. . လောကမှာ သဘာဝမကျတာတွေကို ဘယ်သူမှ လက်မခံဘူး၊ သေတဲ့သူကို ဘယ်လိုလုပ် ဝိညာဉ် ပြန်သွင်းလို့ ရမှာလဲ. . ."

"မင်း. . မယုံလည်း မတတ်နိုင်ဘူး"

လေးကိုက တစ်ခုခုကို လေးနက်စွာတွေးလိုက်သည်။ ပြီးမှ. . .

"မင်းဒီလို လုပ်၊ အဲဒီအလောင်းကို. . အဲ ငါ့ရဲ့ဇနီး မိုးကို ဒီကို ခေါ်လာခဲ့ပါလား. . ."

"အင်း. . ."

ရင့်ရော် ခေါင်းကို တဆတ်ဆတ် ညိတ်ရင်း. . .

"ကောင်းပြီ. . ညဘက်ရောက်ရင် ငါခေါ်လာခဲ့မယ်၊ မနက်ဖြန် သူရက်လည်မယ့် ည. . မဟုတ်လား၊ ပိုကောင်း တာပေါ့. . မင်း အံ့ဩသွားစေရမယ်"

"သူက အသက်ပြန်ရှင်လာတာ ဆိုတော့. . ငါနဲ့ ပေါင်းလို့ ရမှာပေါ့"

လေးကိုက နောက်သလို ပြောင်သလို ပြောလိုက်သည်. . .။

"မဟုတ်ဘူး. . လေးကို၊ အလောင်းက အလောင်းပဲ ဝိညာဉ်ခဏသွင်းထားတာ. . ကြာရင်ပုပ်မှာပဲ၊ မင်း ကိုင်လို့တောင် ရမယ်မထင်ဘူး"

"ဟေ. . အဲဒီလိုလား"

"ပိုဆိုးတာက အလောင်းက နံနေတယ်. . ငါတောင် အလောင်းနားရောက်တော့ နှာခေါင်းကို ပိတ်ထားရတယ်"

ရင့်ရော်က ပိုပိုသာသာ ပြောလိုက်သည်။

"မင်းနဲ့ တွေ့ရင် အထူးအဆန်းတွေပဲ ကြားရတယ်၊ ပထမဆုံး အတွေ့အကြုံပဲ ကြုံရတော့မှာပေါ့. . ."

ထိုစဉ်. . .

"ဝူး. . ."

ခြံထဲသို့ ကားတစ်စီး မောင်းဝင်လာသဖြင့် လေးကိုက ကြည့်ပြီး. . .

"ငါ့အဖေ ပြန်လာတာကွ. . ."

ရင့်ရော်ကို ပြောလိုက်ရာ. . ရင့်ရော်က ခေါင်းညိတ်ပြသည်. . .

ဦးမင်းထက်သာ အိမ်ထဲဝင်လာပြီး. . ရင့်ရော်ကို တွေ့တော့-

"မောင်ရင့်ရော် ရောက်နေတာလား. . . "

"ဟုတ်ကဲ့ အန်ကယ်. . . "

ဦးမင်းထက်သာ ဧည့်ခန်းထဲ ဝင်ထိုင်လိုက်သည်. . လေးကိုက သူ့အဖေအား. . .

"အဖေ. . ရင့်ရော်က ပြောတယ်၊ - . + . × . + . + . × . . . "

အစချီကာ ရင့်ရော်ပြောသည့်အကြောင်းတို့ကို ပြောပြလိုက်သည်. . .

ဦးမင်းထက်သာရဲ့ မျက်နှာအမူအရာ ပျက်သွားပေမယ့်. . မျက်နှာကို ချက်ချင်းပြင်ကာ-

"ရယ်စရာ ပုံပြင်တွေကို ကြားရတာပဲဟေ့. . . မောင်ရင့်ရော်က. . တော်တော် ပြောတတ်တယ်"

"ကျွန်တော် နောက်နေတာ မဟုတ်ဘူး. . အန်ကယ်၊ အမှန်တကယ် ပြောနေတာ. . အန်ကယ်တို့ မယုံလည်း မတတ်နိုင်ဘူး"

"ကဲ. . ထားပါတော့ကွာ၊ အန်ကယ်တို့က လက်တွေ့ကြုံမှပဲ ယုံရတော့မှာပေါ့. . မဟုတ်ဘူးလား"

ရင့်ရော်က ဘာမှ မပြောဘဲ၊ ငြိမ်၍သာ နေလေ၏. . လေးကိုက

"ရင့်ရော် မနက်ဖြန်. . ရက်လည်ဆွမ်းသွတ်ကို ငါတို့ ကိုးကွယ်တဲ့ မဏိရတနာ ဘုန်းကြီးကျောင်းမှာ လုပ်မယ်"

"ဒီအိမ်မှာသေတာ. . ဒီအိမ်မှာပဲ လုပ်ပေါ့"

"မဟုတ်ဘူး. . မောင်ရင့်ရော်ရဲ့ အန်ကယ့်မိတ်ဆွေတွေကို မနက်ဖြန်ညခြံထဲမှာ. . ဧည့်ခံပွဲ လုပ်စရာရှိတယ်၊ မနက်ပိုင်း ရက်လည်လုပ်၊ ညပိုင်းဧည့်ခံပွဲလုပ်ဆိုတော့ မကောင်းပါဘူးကွာ. . ဒါကြောင့် ဘုန်းကြီးကျောင်းမှာပဲ လုပ်ဖို့ ဆုံးဖြတ်လိုက်တာ. . ."

ဦးမင်းထက်သာက ပြောသဖြင့် ရင့်ရော်လည်း ဘာမှ

မပြောတော့ပဲ နေလိုက်သည်။

"ရင့်ရော်. . ငါတို့ အပြင်မှာ တစ်ခုခု သွားစားကြရအောင်. . ."

"အေး. . ကောင်းတယ်"

လေးကိုကို ပြန်ပြောရင်း မတ်တပ်ရပ်ကာ. . .

"အန်ကယ်. . ကျွန်တော်တို့ အပြင်သွားဦးမယ်"

"ဩော်. . အေးအေး"

နှစ်ယောက်သား ဧည့်ခန်းထဲမှ ထွက်ကာခြံထဲတွင် ရပ်ထားသည့် ရင့်ရော်ကားဖြင့် အပြင်သို့ ထွက်လာကြတော့သည်. . .။

## အခန်း ◀ ၁၄ ▶

ခြံဝန်းကျယ်ထဲတွင် ရောင်စုံမီးလုံးများ စားပွဲများဖြင့် ပြည့်လို့နေသည်. . နိုင်ငံခြား သီချင်းသံစဉ်တို့ကလည်း တိုးတိုးလေး ထွက်လို့လာသည်။

"စားကြဗျာ. . . အားမနာနဲ့"

"ဦးမင်းထက်သာတို့က ကံကောင်းရင်း ကောင်းနေတော့တာပဲ. . လုပ်သမျှ အလုပ်တိုင်း ဖြစ်ကိုနေတာ နည်းတဲ့ ကုသိုလ်ကံ မဟုတ်ဘူး"

လာသည့် ဧည့်သည်တို့ကို ဦးမင်းထက်သာက. . လိုလေသေး မရှိအောင် ဧည့်ခံလို့နေသည်။

ခြံဝန်းထဲတွင်. . အဖိုးတန်ကားများတို့ကလည်း ပြည့်လို့နေ၏. . .

"ဦးမင်းထက်သာ အခုရတဲ့ ကျောက်ကို. . တန်ဖိုးဘယ်လောက်သတ်မှတ် ထားလဲ"

"မဆုံးဖြတ်ရသေးဘူး. . နိုင်ငံခြားက ဧည့်သည်တွေကိုတော့ မှာထားတယ်၊ သူတို့ ဝိုင်းသတ်မှတ်လိမ့်မယ်"

"ဂုဏ်တော်ထင်တယ်. . အနည်းဆုံး သိန်းထောင်နဲ့ချီပြီး တန်မှာဗျ၊ နိုင်ငံတော်အတွက်လည်းကောင်း ဦးမင်းထက်သာအတွက်လည်း ကောင်းတာပေါ့. . ဗျာ"

ထိပ်ပြောင်ပြောင်နှင့် လူကြီးကစကားသံ ကျယ်ကျယ်နှင့် အားရပါးရကို ပြောနေသည်. . .

ဦးမင်းထက်သာက ပြုံးပြုံးရယ်ရယ်နှင့်. . .

"ဒါပေါ့ဗျာ. . ကိုယ့်တိုင်းပြည်က ထွက်တဲ့ကျောက်ဆိုတော့ ကမ္ဘာမှာဂုဏ်တက်တာပေါ့. . ရပ်ရွာအတွက်လည်းလှူမယ်ဗျာ. . ."

"ကောင်းတယ်ဗျို့"

တစ်ယောက်တစ်ခွန်း စကားသံတွေနှင့် ညည်းခံပွဲတစ်ခုလုံး ဆူညံလို့နေသည်။

ဦးမင်းထက်သာဘေးတွင်. . အရပ်မြင့်မြင့် ကိုယ်လုံးတောင့်တောင့် အနောက်တိုင်းဝတ်စုံကို ကျကျနနဝတ်ထားပြီး မျက်မှန်အမည်းကို တပ်ထားသည့် ကိုယ်ရံတော်နှစ်ဦးက ဘယ်သွားသွား လိုက်ပါလို့နေသည်။

တချို့က လေသံတိုးတိုးဖြင့်. . .

"အဲဒီလူကြီးက. . လူကြီး လူကောင်းယောင်ဆောင်ထားတာ နောက်ကွယ်မှာ ဘာတွေမဟုတ်တာ လုပ်နေလဲ မသိဘူး"

"ဘာလို့လဲ. . ဗျ"

"ခင်ဗျားတို့ စဉ်းစားကြည့်လေ. . သူ့ဘေးမှာ ကိုယ်ရံတော်တွေ ဘာတွေနဲ့ သူ့အသက်ကို သူများလုပ်ကြံမှာ ကြောက်နေတယ်"

"ဒါလည်း. . . သူဌေးတစ်ယောက်ရဲ့ စတိုင်ပေါ့ကွာ"

အကောင်းမြင်တဲ့ လူတွေရှိသလို. . မကောင်းမြင်တဲ့

လူတွေလည်း ရှိကြသည်။

ဦးမင်းထက်သာရဲ့ ခြံထဲမှာ. . အနောက်တိုင်းဝတ်စုံဖြင့် လူရွယ်များစွာက လုံခြုံရေးယူထားသည့် ပုံမျိုးဖြင့်. . ခြံထဲမှာ ပြည့်နေသည်. . .။

"အဲဒီလူက သူ့ရဲ့ ခမ်းနားထည်ဝါမှုကို ပြနေတာပါကွာ. . တခြား သူဌေးတွေ သူလိုမလုပ်ကြပါဘူး"

"ဟုတ်တော့လည်း ဟုတ်ငေ ် သူဘာကို ကြောက်နေလဲ မသိဘူး. . ."

"ဟိုတလောက သူ့ချွေးမလောင်း ၂ားတာ. . ရှိုးမှုရှိုးရဲ့လား မသိဘူး"

"ဘာ့လို့လဲ. . ."

"အဲဒီကောင်မလေးက သူနဲ့ ဘာလိုလိုကွ. . လူပြောများလို့ သူ့သားနဲ့ ပေးစားဖို့လုပ်တာ၊ ထူးဆန်းတာက မင်္ဂလာမဆောင်ခင်ညမှာ သေသွားတယ်လေ. . ဒီနေ့က ကောင်မလေးရက်လည်နေ့၊ ရက်လည်ကို ဘုန်းကြီးကျောင်းမှာ လုပ်ပြီး သူကျောက်အောင်တဲ့ အောင်ပွဲခံတာကို အခုလုပ်တာလေ"

ဆင်ဆင်ခြင်ခြင်တွေးတဲ့ လူတွေကတွေး၊ မကောင်းပြောသူတွေကပြောနဲ့ ဦးမင်းထက်သာကို ဝေဖန်နေကြပေမယ့်. . သူကျွေးတဲ့ ဟိုတယ်က အစားအစာတွေကို အဝအပြဲစားလို့နေသည်။

ထိုအချိန်တွင်. . .

"ဟာ. . ."

"ဟင်. . ."

"မီးပျက်သွားပြီ"

သီချင်းသံတွေ တိတ်သွားသလို. . ဧည့်ခံပွဲလာတဲ့ သူတွေရဲ့ အသံကလည်း တစ်ယောက်တစ်မျိုး ထွက်လို့လာသည်. . .

"မီးစက်နိုးလေကွာ. . . ဘာလုပ်နေတာလဲ"

"ဟုတ်ကဲ့ ခဏလေး. . ."

စကားသံတွေ တိတ်လို့နေသလို. . ဦးမင်းထက်သာရဲ့ အလုပ်သမားတွေ အလုပ်ရှုပ်သွားသည်။

ဦးမင်းထက်သာက လေသံကျယ်ကျယ်နှင့်. . .

"ခုထိ. . မီးစက်မနှိုးသေးဘူးလား"

"မီးစက်က နှိုးလို့မရဘူး. . ဆရာ"

"ဟာကွာ. . ."

ထိုစဉ်. . .

ညင်သာသော တယောသံသဲ့သဲ့လေး ထွက်လို့လာသည်. . .

"ဟင်. . ."

ဦးမင်းထက်သာ. . အပါအဝင် အားလုံးက ကြားလိုက်ရသည့် တယောသံကြောင့် အံ့ဩသွားကြ၏. . .

"ဘယ်က အသံလဲ. . ."

ဦးမင်းထက်သာက မေးလိုက်ရာ သူတပည့်တစ်ဦးက

"မသိဘူး. . ဆရာ"

မီးစက်က နှိုးလို့ မရသလို. . မှောင်နေသည့် ခြံဝန်းထဲမှ လူတွေ တယောသံကို အာရုံစိုက်နားထောင်နေကြသည်။

ခြံထောင့် ထိုင်ခုံတွင် ထိုင်နေသော ရင့်ရော်က. . .

"လေးကို. . အဲဒီအသံပဲ"

"ဘာလဲကွ. . မင်းပြောတာ ငါနားမလည်ဘူး၊ ရင့်ရော်. . ."

"အဲဒါ. . ငါပြောတဲ့ အဘိုးအိုထိုးတဲ့ တယောသံလေ ကွာ. . သူလာတော့မယ် ထင်တယ်"

လေးကို ခြံဝကို လှမ်းကြည့်လိုက်သည်။

"မီးက ခုထိပြန်မလာဘူး. . မှောင်လိုက်တာကွာ၊ အဖေက ဒေါတော်တော်ကန်နေတော့မယ်"

လေးကို ပြောတာမှန်သည်. . ဦးမင်းထက်သာက ခြံ အနောက်ဘက် မီးစက်နားသို့ သွား၍. . .

"တောက်. . မင်းတို့ကောင်တွေ အတော်အသုံးမကျ တာပဲ. . ငါ့ပွဲကို ဖျက်တဲ့ကောင်တွေ မီးစက်ကို ကြိုကြိုတင် တင် စမ်းထားပါလား"

"နေ့လယ်က အကောင်းကြီးဆရာရဲ့. . ဘယ်လိုဖြစ် သွားမှန်းတောင် မသိဘူး"

"လုပ်ကွာ. . မြန်မြန်လုပ်"

ဦးမင်းထက်သာက အသံကျယ်ကျယ်ဖြင့် ဟောက်

သံက. . ချည်ခံပွဲထဲတွင် ကြားနေရသည်။

"ဟင်. . ."

"နံလိုက်တာ. . အပုပ်နံ့ ဟောင်နေတာပဲ"

"ဟုတ်တယ်. . ဘယ်က နံတာလဲ"

တစ်ယောက် တစ်ပေါက်အသံက ထွက်လာသလို၊ လေချွန်သံ ပြင်းပြင်းထွက်လို့လာသည်. . .

"ရှီး. . ."

ခြံရှေ့တွင် တွေ့လိုက်ရသည့် အရိပ်တစ်ခုကို အားလုံးတွေ့လိုက်ကြသည်. . .

ဦးမင်းထက်သာ ကိုယ်တိုင်က. . ခြံရှေ့သို့ ကြည့်လိုက်ရာ. . .

"ဟင်. . . မိုး. . မိုး. . မိုးလေး"

သတို့သမီးဝတ်စုံဖြူဖြူနှင့် ဖြူဖြူသဏ္ဌာန်က ခြံဝတွင် ရပ်နေတာကို တွေ့ရသဖြင့် အံ့ဩသွားသည်. . .

ရင့်ရော်က. . .

"လေး. . လေးကို ဟို. . ဟိုမှာ"

"အေး. . မိုးကွ၊ ငါတို့ မျက်စိမှားတာ မဖြစ်နိုင်ဘူး"

အံ့ဩခြင်း. . တွေဝေခြင်းတွေနှင့် ငေး၍သာ ကြည့်နေတော့သည်. . . ။

## အခန်း ◀ ၁၅ ▶

တရွေ့ရွေ့လှမ်းဝင်လာသည့် အဖြူရောင်သတို့သမီးကို.. ခြံထဲကလူတွေက အံ့ဩစွာ ငေးကြည့်နေသလို အမှောင်ထဲမှာမို့ အဖြူရောင်ထင်းလို့ နေသည်. . .

"နံလိုက်တာ. . ."

"ဒီနေ့ ရက်လည်နေ့လေ. . ဦးမင်းထက်သာတို့ကို လာနှုတ်ဆက်တာ နေမှာပေါ့"

"အနံ့အသက်က မကောင်းတော့ဘူး. . ."

ညှော်ခံပွဲထဲက ထိုင်ခုံတွေကို ဖြတ်ကာ လှမ်းဝင်လာတဲ့ အဖြူရောင်သတို့သမီးရဲ့ မျက်နှာကတော့ ပြုံးခြင်း၊ မဲ့ခြင်းမရှိ

သလို မျက်လုံးကလည်း ပြူးကြောင်ကြောင် ဖြစ်လို့နေသည်။

တဖြည်းဖြည်း လှမ်းလာရာ. . ဦးမင်းထက်သာ ရှေ့ရောက်တော့ ရပ်လိုက်ပြီး. . မျက်နှာကိုကြည့်ကာ

"ဦး. . . "

အသံက သြသြကြီး ဖြစ်လို့နေသည်၊ ဦးမင်းထက်သာက. . .

"မင်း. . . မင်း"

"မိုး. . ဦးကို လာခေါ်တာ"

စကားကို တစ်လုံးချင်း ပြောလိုက်ရာ၊ဦးမင်းထက်သာ မျက်လုံးပြူးကာ. . ဘာပြောရမှန်း မသိဖြစ်နေသည်။

"မိုး. . ဦးကို အရမ်းသတိရလွန်းလို့ လာခဲ့တာ၊ မိုး. . နောက်လိုက်မှာ မဟုတ်လား. . . "

"ဘာတွေ. . လာပြောနေတာလဲ၊ သွား. . သွား"

ဦးမင်းထက်သာက အသံကုန်ဟစ်ကာ အော်ထုတ်လိုက်သည်။

"ဦး. . . "

ပြောရင်း. . မျက်လုံးထဲမှာ မျက်ရည်တွေ ဝိုင်းကာ

"ဦးရက်စက်တယ်. . မိုးက ဦးကို တွေ့ချင်လို့ သချိုင်းကတောင် လာရတာ. . ဦးက. . . "

ပြော၍. . ဦးမင်းထက်သာရှေ့ကနေ ပြေးထွက်လို့သွားသည်။ ညှိခံပွဲလာသူတွေ အားလုံးက ဦးမင်းထက်သာနှင့် အဖြူရောင်သတို့သမီးတို့ စကားပြောနေကြပုံကို မြင်သောအခါ အံ့ဩခြင်းများစွာ ဖြစ်ကုန်ကြသည်. . .

တယောသံက တဖြည်းဖြည်း အဝေးသို့လွင့်ထွက်သွားသလို နောက်ဆုံးတော့ တိတ်လို့သွား၏။

"ဖတ်. . . "

မီးက ချက်ချင်းပြန်လင်းလာသည်. . ညှိခံပွဲကလူတွေက ဦးမင်းထက်သာကို လိုက်ကြည့်ရာ မတွေ့ရတော့-

လေးကိုက အခြေအနေကို သဘောပေါက်စွာနှင့်. . ညှိသည်တို့ကို လိုက်လံနှုတ်ဆက်သည်။

စောစောက ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်ကို. . လေးကိုကို ဘယ်သူမှ မေးခြင်း မရှိကြ။

သစ္စာမွန်စာပေ

ညဥ့်လည်း နက်လာပြီဖြစ်၍. . ဧည့်သည်များ ပြန်သွားသောအခါ အလုပ်သမားများနှင့် ဦးမင်းထက်သာ၏ တပည့်များသာ ကျန်တော့သည်။

"လေးကို. . အန်ကယ် ဘယ်ရောက်သွားတာလဲ"

"အိမ်အပေါ်က သူ့အခန်းမှာ ရှိမှာပေါ့. . ."

"ငါပြောတာကို. . မင်းတို့သားအဖ နောက်နေတယ်ထင်တာ. . ခုတော့ လက်တွေ့ပဲ မဟုတ်လား"

"အေးကွာ. . ငါမိုးကို သွားတွေ့မယ်၊ မင်းလည်း လိုက်ခဲ့ ငါက သူနေတဲ့နေရာ မသိဘူး. . ."

"အေးပါ. . ."

ရင့်ရော်. . ပြန်မည်လုပ်တော့ လေးကိုက-

"လာ. . ကွာ၊ အဖေ့ဆီသွားရအောင် အဖေတော်တော် ရှက်သွားတယ်"

"အေး. . ."

နှစ်ယောက်သား အိမ်ပေါ်ရောက်တော့. . . . ဦးမင်းထက်သာက အိမ်အနောက်ဘက်မှ ထွက်လာပြီး-

"လေးကို. . မင်းသူ့ကို သေသေချာချာ သဂြိုဟ်ခဲ့တာ မဟုတ်လား. . ."

"ဟုတ်တယ်. . ဖေဖေ၊ ဂူသွင်းခဲ့တာ. . ."

ဦးမင်းထက်သာရဲ့ မျက်နှာက သွေးပျက်လို့နေသည်။

"အေး. . အခုတော့ ငါ့အရှက်ကွဲရပြီ၊ အလောင်းက အသက်ဝင်ပြီး ငါ့ဆီလာ အရှက်ခွဲတယ်. . မောင်ရင့်ရော် ပြောတာ ငါမယုံခဲ့ဘူး၊ ခုတော့ကွာ. . ဟို သုဘရာဇာ မော်ဆရာဆိုတဲ့ကောင် ဘယ်မှာနေလဲ စုံစမ်းစမ်း"

"ဘာလုပ် မလို့လဲ. . အဖေ"

"ဘာလုပ်ရမလဲကွ. . ဝိညာဉ် ပြန်သိမ်းခိုင်းမှာပေါ့၊ တော်ကြာ ဒုက္ခတွေ တစ်ခုပြီးတစ်ခု ထပ်ပေးနေရင် ငါတို့ပို အရှက်ရနေမယ်. . ."

ဦးမင်းထက်သာ ပြောနေတာကို ရင့်ရော်လည်း နားမလည်သလို. . လေးကိုလည်း နားမလည်ပေ။

ထို့ကြောင့်. . .

"အဖေက ဘာကို ရှက်တာလဲ"

"မင်း. . မသိပါဘူးကွာ၊ မောင့်ရင့်ရော် ပြောတဲ့ မော်ဆရာကို ငါ့ဆီရောက်အောင်ခေါ်ခဲ့. . ."

"ဟုတ်. . . ဟုတ်ကဲ့"

ဦးမင်းထက်သာ. . အိမ်ထဲ ပြန်ဝင်သွားပြီး၊ လေးကိုက. . .

"ငါမသိတဲ့ အကြောင်းအရာတွေ. . မိုးနဲ့ အဖေကြားမှာ ရှိနေလိမ့်မယ်. . ရင့်ရော်"

"ငါလည်း ဒီလိုထင်တယ်. . တွေ့တော့ မေးကြည့်ပေါ့ကွာ. . ဟိုလူက သချိုင်းမှာ ရှိတာလား၊ ဟိုတိုက်အိမ်ကြီးမှာ ရှိတာလားတော့ မသိဘူး. . ."

"သိအောင်လုပ်ထားကွာ. . တွေ့ရင် ငါ့ဆီဖုန်းဆက်လိုက်. . ."

"အေး. . ."

ရင့်ရော်က. . . လေးကိုကို နှုတ်ဆက်၍ ကားမောင်းကာ ဟိုတယ်သို့ ပြန်လာခဲ့သည်။

ဟိုတယ်ထဲ ဝင်လာတော့. . ညည့်ကြိုကောင်တာမှ

ဝန်ထမ်းက. . .

"အစ်ကို့ကို လူတစ်ယောက် လာရှာတယ်. . ."

"ဘယ်သူလဲ. . ."

"ယောကျ်ားတစ်ယောက်ပဲ. . အသက်သုံးဆယ်ကျော် အရပ်မြင့်မြင့် ဖြောင့်ဖြောင့်နဲ့"

"ဘာမှာသွားလဲ. . ."

ဝန်ထမ်းကောင်လေးက ခေါင်းကုတ်၍ စဉ်းစားရင်း-

"သချိုင်းကို အခုည. . ဆယ့်နှစ်နာရီ မထိုးခင် လာခဲ့ဆိုလားပဲ"

"ဟင်. . ."

ရင့်ရော်. . သိလိုက်ပြီ၊ သူ့ကို ပြောတာ သတ္တသစ်ပဲ ဖြစ်လိမ့်မည်ဟု တွေးလိုက်မိ၏. . .

"တခြား. . ဘာတွေမှာသွားသေးလဲ"

ဝန်ထမ်းကောင်လေးက သူ့အိတ်ထဲမှ စာရွက်ခေါက်တစ်ရွက်ကို ထုတ်ကာ. . .

"အဲဒီအစ်ကို ပေးသွားတဲ့ စာရွက်. . ."

"အေး. . ."

ရင့်ရော်လဲ စာရွက်လေးကိုယူကာ အခန်းထဲသို့ ထွက်လာခဲ့သည်. . အခန်းထဲရောက်တော့ စာရွက်ခေါက်လေးကို ဖြန့်ကြည့်လိုက်ရာ သူလာရမည့် မြေပုံအညွှန်းဖြစ်နေသည်။

စာရွက်အောက်ဖက်တွင်လဲ လက်ရေးဝိုင်းဝိုင်းဖြင့်. .

"ရောက်အောင် လာခဲ့ပါ. . ."

"ဟင်. . ."

ရင့်ရော် သက်ပြင်းကို ချလိုက်သည်။ ထို့နောက်. . .

အိပ်ယာပေါ် လှဲချကာ အညောင်းဖြေလိုက်သည်. . လက်ကနာရီကြည့်လိုက်တော့ ညဆယ်နာရီခွဲကျော်လို့ နေပြီ။

"အချိန်တော့ ရပါသေးတယ်. . ကော်ဖီသွားသောက်ဦးမယ်"

အဝတ်အစားလဲကာ အခန်းအပြင်ထွက်၍ ဟိုတယ်စားသောက်ခန်းသို့ ထွက်လာခဲ့သည်။

စားသောက်ခန်းတွင် ထမင်းစားနေသူ. . ကော်ဖီသောက်နေသူများက သူ့စားပွဲနှင့်သူ ရှိနေသည်။

ရင့်ရော်လဲ စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်၍ ကော်ဖီတစ်ခွက် မှာလိုက်သည်. . .

"ဟင်. . ."

သူထိုင်နေသည့် စားပွဲရှေ့တွင် သူ့ကိုကျောပေး၍ ထိုင်နေသည့် ဆံပင်ဖားလျားနှင့် အမျိုးသမီးကို တွေ့ရ၍. . အံ့ဩလို့ သွားတော့သည်။

## အခန်း ◀ ၁၆ ▶

ရှင့်ရော်သေချာကြည့်တော့ ကျောခိုင်းလျက်ထိုင်နေတာက. . မိုးဝသုန်မိုးနှင့်တူနေသည်။

ထိုစားပွဲသို့သွားပြီး. . စကားပြောရင် ကောင်းမလားဟု တွေးနေမိသည်. . ဝိတ်တာကောင်လေးက ကော်ဖီတစ်ခွက်လာချပေးတော့ ရှင့်ရော်က. . .

"မင်းတို့ ဟိုတယ်က. . အပြင်က လာစားတဲ့ လူတွေကို လက်ခံလား"

"လက်ခံပါတယ်. . အစ်ကို"

"အစားအသောက်တွေကတော့ ရှယ်ပဲကွာ. . မင်း

တို့ဟိုတယ်က လက်ရာကောင်းတာလည်း ပါမှာပေါ့နော်"

"လုပ်ငန်းရှင်တွေလောက်ပဲ လာစားတာပါ၊အစ်ကို ရယ်. . ."

"အေး. . . အေး"

ဝန်ထမ်းကောင်လေး ထွက်သွားတော့ ရင့်ရော်လည်း ကော်ဖီကို ဇိမ်ခံသောက်ရင်း. . သူ့စားပွဲရှေ့တွင် ကျောခိုင်း ထိုင်နေသော အမျိုးသမီးကို ကြည့်နေသည်။

ခဏကြာတော့. . စိတ်ထဲက စကားပြောချင်လာ တာနှင့်ထ၍ ထိုစားပွဲဝိုင်းသို့ သွားလိုက်သည်။

"ဟင်. . ."

"ခစ်. . . ခစ်. . ."

အမျိုးသမီးက ပါးစပ်ကို လက်ဖြင့်အုပ်ကာ ရယ်နေ သည်. . .။

"မင်း. . မင်း၊ မိုး. . မိုး. . မဟုတ်လား"

"ခစ်. . . ခစ်"

ရင့်ရော်. . မေးတာကို မဖြေဘဲ ရယ်၍သာနေသော

အမျိုးသမီးအား ရင့်ရော်က ထိုင်ခုံတွင်ဝင်ထိုင်ပြီး. . စိတ်တိုစွာဖြင့်. . .

"မင်း. . ငါ့ကို အရူးလုပ်နေတာလား"

"အင်း. . . "

"မင်း. . ငါနဲ့ လမ်းမှာတွေ့ခဲ့တဲ့. . မိုး၊ ဟုတ်ပါတယ်နော်. . . "

ရင့်ရော်က သေချာကြည့်၍ မေးလိုက်သည်။

"ဟုတ်ပါတယ်. . ရှင်၊ မိုးပါ"

"မင်း. . လေးကိုရဲ့ ဇနီးလောင်းပဲ မဟုတ်လား"

မိုးဝသုန်မိုးက ခေါင်းညိတ်လိုက်သည်။ ရင့်ရော်က-

"မင်း. . မြစ်ကြီးနားကနေ လမ်းကြုံစီးတဲ့နေရာကို ဘယ်လိုရောက်နေတာလဲ. . . "

"မိုး. . ဘယ်လိုလုပ်ပြီး အဲဒီနေရာကို ရောက်သွားမှန်း မသိဘူး"

"ရှင့်ကားနဲ့ တွေ့တော့. . မိုးနေတဲ့နေရာကို ပြန်လိုက်လာတာ ရယ်ရတယ်နော်"

"ဘာရယ်ရတာလဲ. . မင်း ငါ့ကို နောက်နေတာလား. . ."

မိုးဝသုန်မိုးရဲ့ မျက်နှာတည်သွားပြီး. . .

"မိုး. . မနောက်ပါဘူး၊ မိုးကိုလေ ဟိုလူကြီးက ဟင့်ဟင့်. . . ဟင့်. . ."

ပြောရင်း မျက်ရည်များ ကျလို့လာသည်။ ရင့်ရော်က-

"ဘယ်လူကြီးလဲ. . ."

"ဦး. . မင်း. . ထက်သာ. . ."

အသံတုန်တုန်ဖြင့် ပြောလေ၏။

"ဦးမင်းထက်သာ ဘာဖြစ်လဲ. . သူက မင်းယောက္ခမလောင်း မဟုတ်လား၊ မင်းနဲ့ငါ လမ်းမှာတွေ့တယ်. . မင်းမြို့ဝင်နားမှာ ဆင်းတယ်၊ ဟိုအိမ်ရောက်တော့ မင်းရဲ့ အလောင်းကိုတွေ့တယ်. . ဘာတွေလဲကွာ"

"မိုး. . ရှင်နဲ့ အချိန်မီ ပြန်လိုက်လာတာလေ၊ မိုး. . ကိုယ်တိုင် သေတယ်ဆိုတာ အဲဒီရောက်မှ သိတာ"

ရင့်ရော်. . ခေါင်းကို ကုတ်လိုက်သည်။ လမ်းမှာ ဆုံ

ခဲ့သည့် ကော်ဖီဆိုင်က စားပွဲထိုးနှင့် လမ်းတံတားကောက်ခံသူတို့ရဲ့ အကြည့်တွေကို ပြန်တွေးမိတော့. . မိုးဝသုန်မိုးကို မသက်ာစရာ ကြည့်လိုက်သည်. . .

"မင်း. . အခု ဘာဖြစ်နေတာလဲ"

"ဦးမင်းထက်သာကို ခေါ်သွားမှာ. . ."

အံကို ကြိတ်၍ စကားကို တစ်လုံးချင်း ပြောလိုက်သည်။

"ဘယ်ကို ခေါ်သွားမှာလဲ. . ကွာ"

"တမလွန်ကိုလေ. . ."

"ဟင်. . ."

ရင့်ရော်. . မျက်လုံးပြူးသွား၏။ မိုးဝသုန်မိုးရဲ့ မျက်နှာက ခက်ထန်နေ၏. . .

"မင်းကို ဟိုမှော်ဆရာက. . အသက်သွင်းပေးတာ ဘာ ရည်ရွယ်ချက်နဲ့လဲ"

"ဘယ်သိမလဲ. . သူတို့တွေက အစိမ်းသေဆိုရင် သူတို့ပညာတွေကို စမ်းတော့တာပဲ၊ ဒါပေမယ့် မရပါဘူး. . သူ

မိုးကို ထိန်းချုပ်လို့ မရတော့ဘူးလေ. . . ”

“မင်းတို့ လောကက. . ရှုပ်နေတာပဲကွာ”

မိုးဝသုန်မိုးကို. . သူကြည့်နေရင်း အသားတစ်ချက်တုန်သွားသည်။ ရင့်ရော်က. . .

“ဘာဖြစ်တာလဲ. . . ”

“သူတို့ မိုးကို ခေါ်နေပြီ. . မိုးသွားတော့မယ်”

ပြော၍. . ထိုင်ရာမှထကာ ပြေးထွက်သွားတော့သည်. . . ။

## အခန်း ◀ ၁၇ ▶

မြေပုံအတိုင်း ကားမောင်းလာတော့. . နောက်ဆုံး အမှတ်အသားပြသည့် နေရာက သချိုင်းကုန်းတစ်ခု ဖြစ်လို့နေသည်။

အချိန်က ည, ဆယ့်နှစ်နာရီထိုးဖို့. . ဆယ့်ငါးမိနစ်ခန့် သာလိုတော့သည်. . . ။

မှောင်မည်းနေသည့် သချိုင်းကုန်းမှာ အုတ်ဂူများ၊ မီးသတ္တိုဟ်စက်. ခေါင်းတိုင်များဖြင့် ကြောက်စရာကောင်းလွန်းနေ၏. . . ။

ရင့်ရော်ကားကို. . သချိုင်းထဲထိ မောင်းလာပြီး၊ ဇရပ်

ပျက်ကြီးတစ်ခုကို တွေ့တာနှင့် ထိုဇရပ်ဘေး အမှောင်ထဲတွင် ကားကို ထိုးရပ်၍. . ကားပေါ်မှ ဆင်းလာခဲ့သည်။

သချိုင်းကို သေချာစွာကြည့်တော့. . . လေးကိုဇနီး လောင်းကို သဂြိုဟ်ခဲ့သည့် သချိုင်းဖြစ်နေသည်. . .

"ဟော့. . ညီလေး၊ ကိုယ်. . ဒီမှာကွ"

အသံကြားရာ အုတ်ဂူတွေဆီကြည့်လိုက်တော့. . သတ္တသစ်က သူ့ကို လှမ်းအော်ကာ လက်ပြလိုက်သည်။

ရင့်ရော်လည်း အုတ်ဂူတွေကို ပတ်ကာ. . သတ္တသစ် ရှိရာဆီသို့ လျှောက်လာခဲ့သည်။

"ခင်ဗျား. . ဘာလုပ်မလို့ ကျွန်တော့်ကို ခေါ်တာလဲ"

သတ္တသစ်က ပြုံး၍. . .

"ဒီအုတ်ဂူတွေထဲမှာ. . အလောင်းတွေ ရှိတယ်၊ ကိုယ် ဝိညာဉ်သွင်းချင်လို့. . . "

"ဘာ. . လုပ်မလို့လဲ"

"ကိုယ် ဟိုနေ့က အသက်သွင်းခဲ့တဲ့ ဝိညာဉ်က. . အရမ်းကြမ်းနေပြီ၊ ဒီတော့ သူ့ကိုနိုင်မယ့် အလောင်းတစ်

လောင်း ရှာမလို့. . .”

“ဟုတ်ရဲ့လားဗျာ၊ ခင်ဗျားလုပ်တာတွေက အဓိပ္ပါယ် မရှိပါဘူး. . .”

ရင့်ရော်က. . သတ္တသစ်ကို အပြစ်တင်လိုက်ရာ၊ သတ္တသစ်က အပြုံးမပျက်ဘဲ. . .

“ညီလေး. . ကိုယ့်ကို ကူညီကွာ”

“ဘာ ကူညီရမှာလဲ. . .”

ရင့်ရော်က ပြောတော့ သတ္တသစ်က အုတ်ဂူပေါ် တက်၍ထိုင်ကာ. . .

“ကိုယ် အလောင်းတစ်လောင်းကို အုတ်ဂူထဲက ထုတ်မယ်. . ပြီးရင် အသက်သွင်းမယ်၊ ပထမ ကိုယ်အသက် သွင်းခဲ့တဲ့ အလောင်းကို ပြန်ရှာခိုင်းမယ်. . မကောင်းဘူး လား”

“ပထမ အလောင်းက ဘယ်ရောက်သွားလို့လဲ. . .”

“ပျောက်သွားပြီကွ. . .”

ရင့်ရော်သူနှင့် ပုိတယ်တွင် တွေ့ခဲ့သည်ကို ပြော

လိုက်ရင် ကောင်းမလားဟု စဉ်းစားလိုက်သည်. . .

သို့သော်. . .

ပြောလျှင် အခြေအနေတွေ ပိုရှုပ်ထွေးမှာ စိုးတာကြောင့်. . မပြောဘဲ နေလိုက်၏။

သတ္တသစ်က. . .

"ဝိညာဉ်လောကက အရမ်းကို ရှုပ်ထွေးတယ်. . ကိုယ်က သူတို့ကို အတိုင်းအတာတစ်ခုထိပဲ ထိန်းချုပ်လို့ရတယ်. . အခု အစ်ကိုထင်ထားတဲ့ အကြောင်းတွေက လိုအပ်တာထက် ပိုရှုပ်ထွေးနေတယ်. . ."

"ခင်ဗျား. . ဘာကို ဆိုလိုတာလဲ"

"အစ်ကို အသက်သွင်းထားတဲ့ ဝိညာဉ်က. . အခုဆို ဟိုအိမ်ရောက်နေပြီ. . အဲဒီအိမ်က လူတွေတော့ ပြဿနာပဲ၊ သူက အပြုံးနဲ့ ခြောက်မှာ. . ."

"ဟင်. . ."

ဦးမင်းထက်သာနှင့် လေးကိုတို့အတွက် ရင့်ရော်. . စိတ်ပူသွားသည်။

"ကျွန်တော် အထူးအဆန်းကိုတော့ စိတ်ဝင်စား တယ်. . တစ္ဆေကိုတော့ မကြောက်ဘူး"

"ဟား. . . ဟား. . . ဟား"

သတ္တသစ်က အော်ဟစ်ရယ်မောလိုက်ရာ. . သချိုင်း တစ်ခုလုံး ပဲ့တင်ထပ်သွားသည်။

"ခင်. . ခင်ဗျား. . ဘာရယ်တာလဲ"

"ငါ့ညီက တစ္ဆေတွေနေတဲ့ နေရာလာပြီး၊ တစ္ဆေမ ကြောက်ဘူး ပြောလို့ပါ. . ကဲ ထားပါတော့ အခု အစ်ကိုအ သက်သွင်းမယ့် အလောင်းကို ကြည့်ဦးမလား"

ချောက်ချားစရာ ကောင်းလှသည့်ညတွင် နေရာက လည်း သချိုင်းကုန်းဖြစ်သောကြောင့် ရင့်ရော်မှ. . .

"မကြည့်တော့ဘူးဗျာ. . ."

"ညီလေး စိတ်ဝင်စားမှာပါ. . အခုတစ်ခါ အသက် သွင်းမယ့် အလောင်းက ကလေးအလောင်း. . ."

"ဗျာ. . ဘယ်လို"

ရင့်ရော်က မျက်လုံး ပြူးကျယ်စွာ မေးလိုက်သည်။

"ဟုတ်တယ်. . ကလေး အလောင်း"

"နေ. . နေ မကြည့်တော့ဘူး၊ ကျွန်တော် ပြန်တော့မယ်. . ."

"နေပါဦးကွာ. . ."

"သွားတော့မယ်"

ရင့်ရော် အုတ်ဂူများကို ဖြတ်ကာ. . ကားဆီသို့လာ၍ ကားတံခါးကို ဖွင့်၍ ကားပေါ်တက်ကာ မောင်းလာခဲ့တော့သည်။

အလာတုန်းက လမ်းအတိုင်း. . ပြန်မောင်းလာတာ ကြောင့် အခက်အခဲက သိပ်မရှိလှ၊ ကားမောင်းရင်း နှာခေါင်း ထဲတွင်. . . အမွှေးနံ့လိုလို အပုပ်နံ့လိုလို အနံ့ကနံလို့လာ သည်။

ကားတံခါးမှန်ကို အပြင်က. . လေဝင်ရန် ချလိုက်ပြီး၊ ညအမှောင်ထဲတွင်. . ကားကို ဂရုတစိုက်နှင့် မောင်းနှင်လာ ခဲ့၏။

"ခစ်. . . ခစ်. . . ခစ်"

"ဟင်. . . "

သူနောက်ကျောဘက်မှ ရယ်သံလိုလို အသံကိုကြား ရ၍. . လှည့်ကြည့်လိုက်ရာ-

"မင်း. . . မင်း. . . "

"ကျွီ. . . "

ရုတ်တရက် ကားဘရိတ်ကို နင်းလိုက်မိသည်. . .

"ရှင့်နောက် လိုက်လာတာလေ"

"မင်း. . မင်း ဘယ်လို လိုက်လာတာလဲ"

ရင့်ရော်. . အသံတုန်တုန်ဖြင့် မေးလိုက်၏. . .

"သချိုင်းကုန်းက လိုက်လာတာပေါ့. . ဘာလဲ မသာ ဆိုပြီး ရွံတာလား. . . "

"မ. . . မဟုတ်ပါဘူး"

ဘာဖြေရမှန်း မသိ. . ကြောက်စိတ်က ရင်ကိုကြီးစိုး နေသည်. . အိတ်ထဲတွင် ထည့်ထားသည့် ဝိညာဉ်နိုင်ရုပ်တု ကိုလည်း လက်တစ်ဖက်က စမ်းမိသည်။

"မင်း. . . ဘာလိုက်လုပ်မှာလဲ"

"မိုးကို. . ဦးမင်းထက်လာတို့အိမ်ကို လိုက်ပို့ပေးပါ

လား. . ."

ရင့်ရော် ကားစက်ကို ပြန်နှိုး၍. . လီဗာနင်းကာ ဆက်၍ ထွက်လာခဲ့သည်။

"ရှင်က တစ္ဆေသိပ်ကြောက်တတ်တာပဲ. . နော်၊ ကား မောင်းတာ ခြေတုန်. . လက်တုန်နဲ့"

"မင်းကို မေးဦးမယ်. . မင်းဘာလို့ ဦးမင်းထက်သာ ကို ခြောက်လှန့်နေတာလဲ. . တကယ်ဆို လေးကိုက မင်းနဲ့ ပိုသက်ဆိုင်တာ မဟုတ်လား"

"ဟင်း. . ဟင်း. . ရှင်က ဘာမှမသိဘဲ၊ ပြောနေ တယ်. . ဦးမင်းထက်သာ ဘယ်လောက်ယုတ်မာခဲ့လဲ ရှင် သိလို့လား. . ."

"ဘယ်. . ဘယ်လို ဦးမင်းထက်သာက မင်းယောက္ခမ လောင်းလေ. . ."

"ရှင့်ကို အေးအေးဆေးဆေး ပြောပြမယ်၊ ကားကို ဟိုရှေ့နား. . ခဏရပ်လိုက်"

ရင့်ရော်လည်း တောင်စောင်းဘေး. . ညီညာနေ

သည့် နေရာတွင်ကားကို ရပ်၍. . ကားအောက်သို့ ဆင်း လိုက်ရာ တစ္ဆေမလေးလည်း. . နောက်မှ လိုက်ဆင်းခဲ့တော့ သည်။

## အခန်း ◀ ၁၈ ▶

ဦးမင်းထက်သာရဲ့ ဇနီးဒေါ်မာလာခင်ဆုံးတော့. . မိုးဝသုန်မိုးအတွက် အားကိုးစရာမဲ့သွားသည်။ မွေးစားသမီးဆိုသော်လည်း မိခင်ရင်းနဲ့ မခြား. . ပြုစုစောင့်ရှောက်ခဲ့သည့် အန်တီ ဒေါ်မာလာခင်အပေါ် မိုးဝသုန်မိုး လွန်စွာချစ်သည်။

အခုတော့. . .

ဦးမင်းထက်သာကတော့. . အိမ်မှာ မရှိတာက များသည်။ အလုပ်ကိစ္စနှင့် ခရီးသွားနေတာက များသလို မိသားစုအပေါ်၌လည်း. . နွေးနွေးထွေးထွေး မရှိလှ. . .

အပြင်၌လည်း မယားငယ်ပေါင်း မြောက်မြားစွာ ရှိသည်ဟုလည်း အန်တီ. . ဒေါ်မာလာခင်က သိသည်။

သို့သော်. . .

ခင်ပွန်းဖြစ်သူ ငြိုငြင်မှာစိုး၍ မပြောဘဲနေကာ. . ကြိတ်ခံစားရပါများ၍ နှလုံးရောဂါဖြစ်ပြီး. . သေဆုံးသွားခဲ့သည်။

မသေဆုံးခင်က မိုးဝသုန်မိုးအား ခေါ်ပြီး. . .

"သမီး. . အန်တီမေ သေရင်၊ ဒီအိမ်ကြီးမှာ မနေနဲ့တော့. . အဆောင်တစ်ခုခုမှာ သွားနေ၊ လိုအပ်တဲ့အကူအညီရှိရင်. . သားကြီး လေးကိုကို ပြော၊ သိလား. . . "

စသည်ဖြင့် အကြိမ်ကြိမ်မှာခဲ့သည်. . . အန်တီ ဒေါ်မာလာခင်က အိမ်ထောင်စကျ ကတည်းက သားသမီး မထွန်းကားခဲ့။

မိုးဝသုန်မိုးနှင့် အန်တီ ဒေါ်မာလာခင်၏ ဆွေမျိုးမကင်းထဲက တူတော်စပ်သူလေးကို ခေါ်၍မွေးစားထားသည်။

သစ္စာမွန်စာပေ

လေးကိုနှင့် မိုးဝသုန်မိုးတို့က မိဘမဲ့များ ဖြစ်တာကြောင့် အန်တီဒေါ်မာလာခင် ကို အလွန်ချစ်ကြပေမယ့်. . . ဦးမင်းထက်သာကိုတော့ ဘာသိဘာသာ နေကြသည်။

လေးကိုက ဆယ်တန်းအောင်ပြီး ရန်ကုန်မှာ ကျောင်းသွားတက်နေသည်. . မိုးဝသုန်မိုးကတော့ သူတို့မြို့မှာပင် စာပေးစာယူတက်ကာ အန်တီဒေါ်မာလာခင်ကို ပြုစုသည်. . .

အန်တီ ဒေါ်မာလာခင်ဆုံးတော့ မိုးဝသုန်မိုးက ပထမနှစ် အောင်ကာစ ရှိသေးသည်။

အန်တီဒေါ်မာလာခင်ဆုံးတော့ လေးကို မြစ်ကြီးနားသို့ ပြန်လာပြီး. . ရက်လည်ပြီး နောက်တစ်ရက်မှာ ရန်ကုန်သို့ ပြန်သွားသည်။

လေးကို မပြန်ခင်. . ဦးမင်းထက်သာက မိုးဝသုန်မိုးနှင့် လေးကိုတို့ နှစ်ယောက်လုံးကို ခေါ်၍. . .

"မင်းတို့ အန်တီတော့ ဆုံးသွားပြီ၊ ဒါပေမယ့် မင်းတို့က ငါ့သားနဲ့ သမီးပဲ မဟုတ်လား. . သူမရှိတော့လို့ ဘာမှ

အားမငယ်နဲ့ ဒီ ္ ပဲဆက်နေ. . သားရန်ကုန်မှာ ကျောင်းတက်ဖို့စရိတ်လည်း မင်းတို့အန်တီ ရှိစဉ်ကအတိုင်း ထောက်ပံ့မယ်. . သမီးကဂ ည်း ဘာမှ မပူနဲ့၊ လိုအပ်တာရှိရင် ဦးကို ပြော. . .”

“ဟုတ်ကဲ့ . ”

ထိုစဉ်က မုံ သုန်မိုးရဲ့ စိတ်ထဲအလွန်ကို ပျော်ရွှင်ခဲ့သည်. . အားကိုးရာ အန်တီမေ မရှိတော့ပေမယ့်. . . ဦးမင်းထက်သာရဲ့ စကားတွေက သူ့အတွက် အားဖြစ်ခဲ့သည်. . .

အိမ်ရဲ့ လူယုံကြီး ဦးခမ်းလုံက. . .

“သမီး. . မင်းထက်သာကို သိပ်တော့ မယုံနဲ့. . သူက အကျင့်သိပ်ကောင်းတာ မဟုတ်ဘူး၊ အဘတို့ရဲ့ သခင်ကြီး သမီးတို့ အန်တီဒေါ်မာလာခင်ရဲ့အဖေတို့က ကျောက်တွင်းပိုင်တွေ. . မင်းထက်သာက တွင်းတူးတဲ့ အလုပ်သမား. . မာလာခင်နဲ့တွေ့ပြီး ချစ်ကြိုက်ကြလို့ သမီးအလိုလိုက်ပြီး ပေး

စားခဲ့တာ ကြာတော့လည်း သူဇာတိပြလာတာပဲ”

ဒီအိမ်ကြီးရဲ့ အလုပ်တွေကို အစဉ်အဆက်လုပ်ခဲ့တဲ့ ဒေါ်နန်းသူက ဆိုလျှင်. . .

“မင်းထက်သာကြောင့် ဘဝပျက်ခဲ့သူတွေ မနည်းဘူး သမီး. . သူက ဘယ်သူ့မျက်နှာမှ မကြည့်ဘူး၊ ကင်းကင်းသာ နေ. . .”

စသည်ဖြင့် သတိပေးကြသည်. . မိုးဝသုန်မိုးက ဘယ်သူတွေ ဘာပြောပြော ဦးမင်းထက်သာကို ဖခင်လို၊ ဦးလေး တစ်ယောက်လို သဘောထားပြုစုရှာသည်။

တစ်ရက်. . .

ဦးခမ်းလုံ. . ကျောက်တွင်းများရှိရာ မော်ထဲသို့ သွားနေသလို ဒေါ်နန်းသူက သူ့အမျိုးများရှိရာ. . ဗန်းမော်ဖက်သို့ အလည်သွားနေချိန်တွင်၊ ဦးမင်းထက်သာက. . .

“သမီးရေ. . လာပါဦး”

အိမ်ရှေ့ ဧည့်ခန်းမှ ခေါ်သံကြောင့် အခန်းထဲတွင်

ာဖတ်နေသည့်. . မိုးဝသုန်မိုး ထွက်လာသည်။

"ဘာဖြစ်လို့လဲ. . ဦး"

"ဦး. . သွေးတွေ တိုးနေလို့ကွာ၊ ခေါင်းလုံးဝ မထူနိုင်ဘူး. . အိပ်ခန်းထဲ တွဲပို့ပေးပါ၊ အား. . ဘွတ်. . ကျွတ်"

ခေါင်းကို လက်နှင့်နှိပ်ကာ အော်နေသည့် . . . ဦးမင်းထက်သာအား မိုးဝသုန်မိုးက လက်ကိုအသာမ၍ ချိုင်းကြားထဲ ခေါင်းဝင်ပြီး. . ပခုံးကိုဖက်စေ၍ အိပ်ခန်းထဲသို့ တွဲလာသည်. . .

"အိမ်ဖော်တွေ မရှိကြဘူးလား. . သမီး"

"မရှိဘူး. . ဦး၊ အိမ်နောက်က တန်းလျားပြန်သွားကြပြီ"

"အား. . မူးလိုက်တာကွာ"

"သမီး. . ဆရာဝန် ခေါ်လိုက်ရမလား ဦး"

"ရတယ်. . သမီး၊ ခဏနေရင် သက်သာသွားမှာပါ"

အိပ်ခန်းထဲ ရောက်တော့. . မိုးဝသုန်မိုးက လိုက်ပို့၍

ခုတင်ပေါ် သို့ လှဲစေလိုက်ရာ၊ ဦးမင်းထက်သာက မိုးဝသုန်မိုး ကို အတင်းဖက်ထားလိုက်သည်. . .

"ဟင်. . . ဦး ဘာလုပ်တာလဲ"

"မိုးကို ချစ်နေတာ ကြာပြီ. . မိုးရယ်၊ ဦး. . မိုးကို အရမ်းချစ်တယ်"

ဦးမင်းထက်သာက ရမ္မက်ပြင်းထန်စွာ ပါးစပ်က အဆက်မပြတ် ပြောလို့နေသည်. . မိုးဝသုန်မိုးက အတင်းရုန်း ကန်ရင်း. . .

"မလုပ်ပါနဲ့ ဦးရယ်. . မသင့်တော်ပါဘူး"

အတင်းငြင်းသည်. . .

"ဦး. . မိုးကို လက်ထပ်မှာပါ။ ဦး. . ချစ်လွန်းလို့ပါ ကွယ်"

"ဦး. . . "

မိုးဝသုန်မိုးရဲ့ အသံက. . အလွန်ကျယ်လောင်စွာ အော်သော်လည်း အလွန်ကြီးမားသည့် တိုက်ကြီးမှာ ဘယ်သူ

မှ မကြားကြ. . .

ထိုစဉ်. . .

"ဝေါ. . ."

မိုးက မမျှော်လင့်ဘဲ. . ရုတ်တရက် ရွာချလိုက်ရာ မိုးသံတို့က ဆူညံလွန်းစွာ ထွက်ပေါ်လို့လာတော့သည်။

## အခန်း ◀ ၁၉ ▶

နောက်ပိုင်းမှာတော့ မိုးဝသုန်မိုး. . ဦးမင်းထက်သာ ပြုမူသမျှကို သည်းခံကာနေလာခဲ့သည်၊ ဦးမင်းထက်သာက မိုးဝသုန်မိုးကို အရင်ကထက် ပို၍ ဂရုတစိုက် ရှိလာသည်။

"မိုး. . ဦးရှာဖွေတာတွေက မိုးအတွက်ပဲ၊ မိုးလိုချင်တာ ရှိရင်ပြော. . ဦး အကုန်ဝယ်ပေးမယ်"

"မိုး. . ဘာမှ မလိုချင်ဘူး၊ မိုးလိုချင်တာက ဦး. . မိုးကို လက်ထပ်"

"မိုးရယ်. . အချိန်စောပါသေးတယ်"

ကျန်းမာရေးစစ်ဆေးမှုများကို ပြုလုပ်ပေးပြီး-

"ခင်ဗျားမှာ ကိုယ်ဝန်ရှိနေပြီ. . ."

"ရှင်. . ."

မယုံနိုင်ခြင်း၊ အံ့ဩခြင်းတွေနှင့် ဆရာဝန်လေးကို. . မိုးဝသုန်မိုး ငေးကြည့်မိသည်။

ဒေါ်နန်းသူက. . မိုးဝသုန်မိုးကို အခန်းအပြင်သို့ တွဲ၍ ခေါ်လာကာ. . .

"ဘယ်လိုဖြစ်တာလဲ သမီးရယ်. . ဒေါ်နန်းသူတို့ ရိပ်တော့ ရိပ်မိပါတယ်. . ."

"ဟင့်. . . ဟင့်"

မိုးဝသုန်မိုး တင်းထားတာတွေကို လျှော့၍ အားရပါးရ ငိုချလိုက်လေတော့သည်. . .

ဒေါ်နန်းသူက. . .

"တိတ်ပါကွယ်. . မင်းထက်သာကို လက်ထပ်ဖို့သာ ပြောပါတော့. . ."

"သူက မိုးကို လက်ထပ်မှာ. . မဟုတ်ဘူး၊ ပြီးတော့ ပတ်ဝန်းကျင်က. . . "

"အို. . ပတ်ဝန်းကျင်က ဘာပြောပြော ဂရုမစိုက်နဲ့ မင်းထက်သာကို လက်ထပ်ယူဖို့သာပြော. . . "

"ဟင့်. . ဟင့်. . ဟင့်. . . "

မိုးဝသုန်မိုး. . ဘာမှ မပြောတော့ဘဲ ငိုရှိုက်နေသည်။

ထို့နောက်. . အိမ်သို့ ပြန်ခဲ့ကြတော့သည်။

မိုးဝသုန်မိုးကို ဦးမင်းထက်သာက နှစ်သိမ့်လိုက်သည်. . .

ဦးမင်းထက်သာတို့ရဲ့ ကျေးဇူးတွေကလည်း ရှိ လောလောဆယ် အားကိုးစရာလည်း မရှိတာကြောင့်. . မိုးဝသုန်မိုးရင်ထဲ မျှိုသိပ်လို့ ထားခဲ့သည်။

တစ်ရက်. . .

ဦးမင်းထက်သာ ခရီးသွားနေချိန်တွင်. . .

"အား. . မူးလိုက်တာ"

ညှော်ခန်းထဲမှာ စာဖတ်နေရင်း. . ခေါင်းထဲ မခံမရပ်နိုင်မူးလာသဖြင့်. . .

"ဒေါ်နန်းသူ. . ဒေါ်နန်းသူ. . ."

"ဟေ. . ."

အိမ်နောက်ဖေးတွင် အလုပ်ရှုပ်နေသော ဒေါ်နန်းသူက မိုးဝသုန်မိုးခေါ်ရာဆီသို့ အပြေးရောက်လာသည်. . .

"မိုး. . . ဘာဖြစ်တာလဲ"

"ခေါင်းက တအားမူးတာပဲ. . ဒေါ်နန်းသူရယ်၊ ရင်ထဲလည်း ပျို့ပျို့တက်လာတယ်. . ."

"ဟော. . ."

ဒေါ်နန်းသူ အပျိုကြီးပေမယ့်. . ကြားဖူးနားဝ အတွေ့အကြုံကြောင့် မိုးဝသုန်မိုးအတွက် စိတ်ပူသွားသည်။

"အန်ချင်လာပြီ. . ဒေါ်နန်းသူ"

"အန်ချင်ရင်လာ. . . လာ"

ဘေစင်ရှိရာသို့. . ခေါ်လာရာ၊ အန်ခိုင်းလိုက်သည်။

"ဝေါ. . ."

"လာ. . သမီး၊ ဆေးခန်းသွားရအောင်. . ဖိုးအောင်ရေ၊ ဖိုးအောင်. . ."

အိမ်မှ ကားဒရိုင်ဘာ ဖိုးအောင်ကို လှမ်းခေါ်၍. . မိုးဝသုန်မိုးကို တွဲ၍ ကားပေါ်တင်ပြီး၊ ဆေးခန်းသို့ ထွက်လာခဲ့သည်။

ဆေးခန်းရောက်တော့ ဆရာဝန်က လိုအပ်သည့်. .

"ဟာ. . မဖြစ်နိုင်ပါဘူး၊ လုံးဝ မဖြစ်နိုင်ဘူး"

ဦးမင်းထက်သာက အသည်းအသန်ကို ငြင်းလို့နေသည်. . .

"ဦး. . ဘယ်လိုပြောလိုက်တယ်၊ မိုး ရတဲ့ကိုယ်ဝန်က ဦး. . ကိုယ်ဝန်မဟုတ်ရင်. . မိုးက ဘယ်သူနဲ့ ဖောက်ပြန်နေလို့လဲ. . ."

"ဟာ. . ပြဿနာပဲကွာ၊ စိတ်ညစ်ပါတယ်. . မိုး ကိုယ်ဝန်ယူဖို့ စောပါသေးတယ်. . တနည်းနည်းနဲ့ ရှင်း. . ."

"တော်. . ရှင် - တော်တော့"

မိုးဝသုန်မိုး နာကြည်းစွာ အော်လိုက်သည်။

"ငါ မင်းကို ဘယ်လိုလက်ထပ်မလဲ. . ငါ့ရဲ့ သိက္ခာတွေ အရှက်တွေ ရှိသေးတယ်လေ"

"ဟုတ်တယ်. . ရှင်က၊ ဂုဏ်သိက္ခာတွေ အရှက်တွေ ရှိတယ်. . မိုးက မရှိတော့ဘူးပေါ့၊ အခုမိုးပြောတာက မိုး. . ဗိုက်ထဲက ရင်သွေးလေးမှာ အဖေဆိုတာ ရှိစေချင်တာပဲ"

"ဟာ. . စိတ်ရှုပ်တယ်ကွာ"

ဦးမင်းထက်သာက ပြော၍ထွက်သွားသည်. . . မိုးဝသုန်မိုးက အားရပါးရကို ငိုလိုက်လေရာ ဒေါ်နန်းသူက-

"သမီး. . ဘာမှ စိတ်စောမနေနဲ့၊ ဒေါ်နန်းသူ အမျိုးတွေရှိတဲ့ ဗန်းမော်ဘက်မှာ မွေး၊ ဒေါ်နန်းသူအားလုံး တာဝန်ယူတယ်. . . "

"ဒေါ်နန်းသူရယ်. . . "

မိုးဝသုန်မိုး. . ဒေါ်နန်းသူကို အားရပါးရ ဖက်ထားလိုက်တော့သည်။

သစ္စာမှန်စာပေ

၉၁-၁၂၁၉၈၃

"မိုးက အရမ်းကို ကံဆိုးတယ်. . ဒေါ်နန်းသူရယ်၊ အဖေရင်း. . အမေရင်းက ဆုံးသွားသလို ညီမလေးကလည်း ဘယ်ရောက်မှန်း မသိဘူး၊ သမီးအရင်းနဲ့ မခြားချစ်တဲ့ အန်တီကလည်း ဆုံး. . ညီမလေးအရင်းလို ချစ်တဲ့ ကိုကြီးလေးကိုက ရန်ကုန်မှာ. . အားလုံး မိုးဘေးနားမှာ မရှိဘဲ၊ ရက်စက်တဲ့ လူကြီးပဲ. . ရှိတယ်"

"အဲဒါတွေထား. . သမီး၊ မိုး. . ဒေါ်နန်းသူနဲ့သာ လိုက်ခဲ့ပေတော့. . ."

မိုးဝသုန်မိုး. . ဒေါ်နန်းသူကို အားကိုးကြီးစွာဖြင့် အားရပါးရ ဖက်ထားလိုက်လေတော့သည်။

❀ ❀ ❀

သစ္စာမွန်စာပေ

## အခန်း ◀ ၂၀ ▶

ကလေးလေး တစ်နှစ်ခန့် ရှိတော့. . လေးကိုက မိုးဝသုန်မိုး ရှိရာသို့ လိုက်လာသည်။

"မိုး. . ညီမလေးကို ဖေဖေက ခေါ်ခိုင်းလိုက်လို့"

မိုးဝသုန်မိုး. . မျက်နှာတင်းခနဲ ဖြစ်သွားသည်။

"ကိုကြီး. . မိုး၊ အဲဒီ လူယုတ်မာကြီးဆီ မလိုက်ဘူး. . သူ့ကို မြင်ရင် မိုးသတ်မိလိမ့်မယ်"

"ညီမလေးရယ်. . ညီမလေးလည်း ကျန်းမာရေး မကောင်းဘူးလို့ ဒေါ်နန်းသူက ပြောတယ်. . ဒီမှာဒုက္ခရောက်

ပါတယ်ကွယ်”

ဒေါ်နန်းသူရဲ့ ဆွေမျိုးတွေက ဆင်းရဲကြသလို. . နေ သည့် နေရာကလည်း ဗန်းမော်မြို့နှင့် အတော်လှမ်းသည်။

ကလေးမွေးပြီး. . သိပ်မကြာခင်မှာပဲ မိုးဝသုန်မိုးရဲ့ ကျန်းမာရေး ချို့ယွင်းလို့လာသည်။ ဆရာဝန်နှင့် ပြကြည့် တော့ နှလုံးအားနည်းတာတဲ့. . .

“ညီမလေး. . သားလေးမျက်နှာ ကြည့်ပါ ညီမလေး ရယ်၊ ဒီမှာ ညီမလေး ရေရှည်နေလို့ မဖြစ်နိုင်ဘူး. . .”

“ဟင့်. . . ဟင့်. . . ”

မိုးဝသုန်မိုးက လေးကိုလက်ထဲက၊ ကလေးကို ကြည့် ကာငိုလေသည်။

“ဖေဖေကလည်း ဟိုမှာအမြဲရှိနေတာ မဟုတ်ဘူး. . သူလည်းသူ့သားကို မြင်ရင်. . စိတ်တစ်မျိုးပြောင်းသွားမှာ ပေါ့၊ ကိုကြီးလည်း ရှိနေတာပဲ. . ညီမလေးရယ်”

"ညီမလေး. . စဉ်းစားဦးမယ်"

"အင်းလေ. . နောက်တစ်ပတ် ကိုကြီးပြန်လာမယ်၊ ညီမလေး စဉ်းစားထား. . ရော့ ညီမလေး လိုတာရှိရင် သုံး"

လေးကိုက ငွေတစ်ထပ်ကို. . မိုးဝသုန်မိုးအားပေး၍ ကလေးကို အားပါးတရနမ်းကာ ထွက်လာခဲ့သည်။

မိုးဝသုန်မိုး. . ခြံထဲက ထွက်သွားသည့် လေးကိုကားကို ကြည့်ကာ တွေး၍ကျန်ခဲ့သည်။

သူ့ဘဝတစ်လျှောက်လုံး. . အခုလို နေလို့ရမည် မဟုတ်. . သားလေးဘဝက ရှိသေးသည်။ သူကိုယ်တိုင်က ဘဝရပ်တည်ဖို့ အလုပ်လုပ်မည်ဆိုသော်လည်း ကျန်းမာရေးက မကောင်းတာကြောင့် စိတ်သွားတိုင်း ကိုယ်မပါ ဖြစ်နေသည်. . .

ဒေါ်နန်းသူကလည်း. . .

"မောင်လေးကို ပြောတာ သဘာဝကျတယ်. . သမီး၊

ဒေါ်နန်းသူတို့ အဲဒီအိမ်ကြီးကို ပြန်တာပဲ ကောင်းပါတယ်. . သမီးကျန်းမာရေး ကောင်းရင် အကြောင်းမဟုတ်ဘူး၊ ကလေးရဲ့ ရှေ့ရေးက ရှိသေးတယ်”

မိုးဝသုန်မိုး. . မြစ်ကြီးနားက အိမ်သို့ရောက်တော့၊ ဦးမင်းထက်သာ ရှောင်ဖယ်ဖယ်လုပ်နေသည်. . ကလေးကို လည်း ဂရုမစိုက်၊ အိမ်ကိုလည်း တစ်ခါတစ်ရံမှသာ ပြန်လာ သည်။

လေးကိုက ကလေးကို အလွန်မှကို. . ချစ်သည်။

တစ်ရက်မှာ ဦးမင်းထက်သာက လေးကိုကို ဧည့်ခန်း ထဲမှာ နှစ်ယောက်ထဲတွေ့ပြီး. . .

"သား. . အိမ်ထောင်ပြုဖို့ မစဉ်းစားသေးဘူးလား"

"ဘာလို့လဲ. . ဖေဖေ"

"သားအိမ်ထောင်ပြုရင်. . တခြား ဝေးဝေး မစဉ်းစား နဲ့ မိုးကိုပဲ စဉ်းစားပါလား. . . "

"ဟင်. . . "

လေးကို ခေါင်းကို လျှင်မြန်စွာခါလိုက်သည်. . . ဦးမင်းထက်သာက-

"ကလေးအတွက် ပြောတာ. . ကလေးသိတတ်လာတဲ့ အချိန်ရောက်ရင် အဖေကိုမေးရင်. . ဖြေရခက်နေမယ်၊ အခုအရွယ်က ဘာမှ ပြဿနာ မရှိသေးဘူးလေ"

"ဖေဖေ. . မိုးကို သားက ညီမလေးလို တစ်သက်လုံး နေလာတာ၊ သားဇနီးတစ်ယောက်လို သဘောမထားနိုင်ဘူး ဖေဖေ. . . "

ဦးမင်းထက်သာရဲ့ မျက်နှာ. . ရုတ်တရက် ခက်ထန်သွားပြီး. . .

"ပတ်ဝန်းကျင်က သို့လောသို့လော ထင်နေတဲ့ကိစ္စကို. . ဖေဖေ့သိက္ခာကို ငဲ့ပြီး ကူညီပါ"

"မိုး. . လက်ခံမှာ မဟုတ်ဘူး ဖေဖေ"

"အကုန်စီစဉ်ပြီးရင်. . လက်ခံမှာပါ၊ သူက အမြဲအိပ်ရာထဲ အိပ်နေတဲ့သူပဲ"

"ဖေဖေရယ်. . မဟုတ်တာ စဉ်းစားမနေပါနဲ့၊ ဒီအတိုင်းလည်း ဖြစ်တာပဲ"

"ဒီကောင် တယ်ခက်ပါလား. . ကလေးအရွယ်ရောက်လာရင် ပြဿနာတွေ ရှုပ်ကုန်မယ်၊ ငါပြောတဲ့အတိုင်းလုပ်. . မလုပ်ရင်၊ အဲဒီကလေးကို သတ်ပစ်မယ်. . ."

ဦးမင်းထက်သာက ကြိမ်းဝါး၍ထွက်သွားသဖြင့်. . လေးကိုလည်း ခေါင်းကို အောက်သို့စိုက်ကာ ကျန်ခဲ့တော့သည်။

"ဘာတတ်နိုင်မလဲ. . ကိုကြီးရယ်၊ သူက ကလေးအဖေ ဖြစ်မှာ သိပ်ကြောက်တာ. . မိုးတို့ကို သူတို့ ကျွေးခဲ့တဲ့ ကျေးဇူးရှိတယ်လေ. . သူ့ဂုဏ်သိက္ခာအတွက် ဆပ်လိုက်ကြတာပေါ့"

မိုးဝသုန်မိုးက ငိုလည်းငို ၊ပြောလည်းပြော. . လုပ်နေသည်။ မိုးဝသုန်မိုးကို လေးကို ကြင်နာစွာကြည့်၍-

"ညီမလေး ဘာမှ မပူနဲ့. . ကိုကြီးနဲ့ လက်ထပ်ပြီးလည်း မောင်နှမလိုပဲ နေကြမယ်လေ. . မိုး သားလေးကို

လည်း တစ်သက်လုံး စောင့်ရှောက်ပါ့မယ်”

“ကိုကြီးရယ်. . . ”

မိုးဝသုန်မိုးက. . လေးကိုကို ကျေးဇူးတင်စွာဖြင့် ကြည့်နေသည်၊ လေးကိုက စိတ်ပြေလက်ပျောက် အနေဖြင့်-

“မိုး. . ကိုကြီးတို့ ပြည်ထောင်စုကွင်းမှာ မျက်လှည့်ပွဲရှိတယ်၊ သွားကြည့်ရအောင် သားလေးကိုလည်း ပြကြတာပေါ့. . . ”

“အင်း. . . ”

မိုးဝသုန်မိုး. . အပြင်မထွက်တာ အတော်ကို ကြာလို့နေပြီ၊ ယခု လေးကိုက အပြင်သွားဖို့ပြောတော့ ခေါင်းညိတ်လိုက်သည်။

“စောစောပြန်မယ်နော်. . ကိုကြီး၊ ညဥ့်တအားနက်ရင် ကလေးက အိပ်မှာ”

“မျက်လှည့်ပွဲက ခဏပါ. . တစ်ပွဲကို တစ်နာရီကျော်ပဲ ကြာတာ. . . ”

"ဒါဆို. . သွားမယ်လေ"

မိုးဝသုန်မိုးက အဝတ်အစားလဲပြီးတော့ လေးကိုက ကလေးနှင့် ကားထဲစောင့်နေသည်။

ခဏကြာတော့. . .

မိုးဝသုန်မိုး. . အိမ်ထဲမှ ထွက်လာသည်. . .

"ငါ့ညီမလေးက တကယ်လှတာပဲ. . ."

"ကိုကြီးနော်. . ကိုယ့်ညီမလေးကို ငရဲကြီးလိမ့်မယ်. . ."

မိုးဝသုန်မိုးက ပြန်နောက်လိုက်ပြီး၊ ကားပေါ်တက်တော့လေးကိုက. . တဟားဟားရယ်ကာ ကားမောင်း၍ ထွက်လာခဲ့တော့သည်။

## အခန်း ◀ ၂၁ ▶

မျက်လှည့် ပွဲရုံထဲမှာ. . လူများက ကြိတ်ကြိတ်တိုး စည်ကားနေသည်. . မျက်လှည့်ဆရာက ရုပ်ရည်ချောမော လှပသလို မျက်လှည့်ပြသည့် ပြကွက်များကလည်း ဆန်းသစ်လို့နေသည်။

လေးကိုတို့က ရှေ့ဆုံးခုံမှာ ထိုင်ကြည့်တာကြောင့်. . အသည်းတထိတ်ထိတ် ရင်တဖိုဖိုနှင့် ဖြစ်နေသည်. . .

လေးကိုက ကလေးကိုချီထားသလို. . မိုးဝသုန်မိုးက တချို့ပြကွက်တွေကို ကြောက်စရာကောင်း၍ လေးကိုလက်

မောင်းကို အတင်းဆုပ်၍. . ကိုင်ထားသည်။

မျက်လှည့်ဆရာက. . ပြက္ခက်တွေကို ပြရင်း၊ တစ်ခါ တစ်ရံ မိုးဝသုန်မိုးကို စိုက်စိုက်ကြည့်တာကို. . လေးကို သတိထားမိသည်. . .

"ကိုကြီး မျက်လှည့်ဆရာက. . မိုးကိုကြည့်တဲ့ပုံက တစ်မျိုးပဲ"

လေသံတိုးတိုးဖြင့် လေးကိုကို ကပ်၍ပြောလိုက်သည်. . .

"မိုးကို တွေ့ဖူးလို့ နေမှာပေါ့"

"မိုးက. . သူ့ကို မသိဘူး၊ သူကြည့်တဲ့ ပုံက. . ဘယ်သူလဲဆိုတာ သိချင်တဲ့သဘောပဲ"

"ကဲပါကွာ. . ပြီးလည်းပြီးတော့မယ်၊ သူကြည့်ရင် မသိချင်ယောင်ဆောင်နေ. . ."

နောက်ပိုင်းမှာ သည်းထိတ်ရင်ဖို ပြက္ခက်တွေပြရင်း

မျက်လှည့်ပွဲကို သိမ်းလိုက်သည်။

မျက်လှည့်ရုံထဲက ထွက်တော့. . လူများတိုးဝှေ့နေတာနှင့် လူရှင်းအောင် စောင့်၍ ရုံပြင်သို့ထွက်လာကြသည်။

"ဟင်. . . "

ရုံပြင်တွင် ရပ်နေသော မျက်လှည့်ဆရာကို တွေ့သဖြင့်. . မိုးဝသုန်မိုး လန့်သွားသည်၊ မျက်လှည့်ဆရာက ချိုသာစွာပြုံး၍. . မိုးဝသုန်မိုးအား-

"မိုး. . မိုး. . မဟုတ်လား"

"ရှင်. . . "

မိုးဝသုန်မိုးက သူမကို ရင်းရင်းနှီးနှီးခေါ်သည့် မျက်လှည့်ဆရာကို ကြည့်ကာ အံ့ဩနေသည်. . .

လေးကိုက မျက်လှည့်ဆရာအား. . .

"ခင်ဗျား. . . မိုးကို သိလို့လား"

"သိတာပေါ့. . . "

"ရှင့်ကို. . မိုးမသိဘူး. . လာ ကိုကြီးသွားရအောင်"

မိုးဝသုန်မိုးက ကလေးချီထားသော လေးကိုလက်မောင်းကို ကိုင်ကာ. . ပွဲခင်းထဲမှ ထွက်လာရာ၊ မျက်လှည့်ဆရာက ရုံရှေ့တွင် ငေး၍ကျန်ခဲ့တော့သည်။

"သား. . လာမယ့် တနင်္ဂနွေနေ့ သားတို့ လက်ထပ်ပွဲ လုပ်ဖို့ ဖေဖေစီစဉ်ထားတယ်. . ဖိတ်စာတွေတောင် မှာပြီးပြီ. . ."

"ဖေဖေ. . သားတို့ကို မတိုင်ပင်တော့ဘူးလား"

"ဘာ တိုင်ပင်စရာလိုလဲသားရယ်. . ဖေဖေ့ သဘောက သားတို့သဘောပဲ မဟုတ်လား"

"ဟင်း. . ."

လေးကို သက်ပြင်းသံက ပြင်းစွာထွက်ပေါ်လို့လာ

သည်. . ဦးမင်းထက်သာက မသိချင်ယောင် ဆောင်ပြီး-

"ညြွခံပွဲကို အိမ်မှာပဲ လုပ်မယ်. . အဝတ်အစားအ တွက်လည်း ဒီဇိုင်းဆရာတွေကို အပ်ပြီးပြီ"

"ဖေဖေ. . ."

"သား. . ဘာမှ မပြောနဲ့၊ ဖေဖေ စီစဉ်တာအားလုံး သားတို့အတွက်ပဲ တစ်ခုရှိတာက. . မင်္ဂလာဆောင်တဲ့နေ့ ရောက်ရင် ကလေးကို တစ်နေရာပို့ထားရမယ်"

"ဟာ. . ဘာလို့လဲ ဖေဖေ"

"မင်းတို့ကို. . အပျို လူပျိုအနေနဲ့ လက်ထပ်စေချင် တာ. . ကလေးကိုလည်း မွေးစားထားတာလို့ ပတ်ဝန်းကျင်မှာ သတင်းလွှင့်ထားတာ၊ ယုံတဲ့လူတွေရှိသလို. . မယုံတဲ့လူတွေ လည်း ရှိတယ်"

ဦးမင်းထက်သာ ကလေးရှိနေတာကို အကြီးမားဆုံး ပြဿနာဟု စိတ်ထဲက ထင်နေသည်. . .

ကလေးအဖေ. . အဖြစ်နာမည် တပ်ခံရမှာ၊ သူမလို

လား. . ထို့ကြောင့်လည်း သူ့စိတ်ထဲရှိရာ လိုက်၍စီစဉ်ခြင်း ဖြစ်သည်။

"ရက်လည်း သိပ်မလိုတော့ဘူး. . မင်းတို့ တိုင်ပင်သင့်တာတွေကို တိုင်ပင်ထား. . . ဒါပဲ"

ပြော၍ အိပ်ခန်းထဲသို့ ဝင်သွားသည်။

လေးကိုလည်း စိတ်ညစ်ညစ်နှင့် ဆိုဖာထိုင်ခုံနောက်ကျောကို မှီကာ. . ခေါင်းကို နောက်သို့ လှန်ထားလိုက်လေတော့သည်။

"ဒုံး. . . ဒုံး. . . ဒုံး"

အခန်းတံခါးကို အဆက်မပြတ် ထုသံကြောင့်. . လေးကို ညဦးပိုင်းအိပ်ပျော်သွားရာမှ လန့်နိုးလာသည်။

အချိန်ကြည့်လိုက်တော့. . ညဆယ်နာရီ ကျော်ကျော်ခန့် ရှိနေပြီ၊ အခန်းတံခါးကို သွားဖွင့်လိုက်သောအခါ အခန်းတံခါးရှေ့၌ ဆံပင်ဖွာလန်ကြဲနေသည့် မိုးဝသုန်မိုးတစ်ယောက် မျက်နှာတွင် မျက်ရည်တွေနှင့် တွေ့လိုက်သဖြင့်. . လေးကို စိတ်ပူသွားသည်။

"ဘာဖြစ်လို့လဲ. . . မိုး"

"သား. . . သားလေး. . မရှိတော့ဘူး"

"ဟင်. . ."

လေးကို. . မိုးဝသုန်မိုးနှင့်အတူ အိမ်ရှေ့သို့ထွက်၍ တစ်အိမ်လုံးက လူတွေနှင့် နေရာနှံ့အောင် ရှာနေကြသည်။

ဦးမင်းထက်သာကတော့ အိမ်မှာမရှိ. . .

"ကိုကြီး ရှာပါဦး. . သားလေး၊ ဘယ်ရောက်နေလဲ မသိဘူး. . မိုးကို သနားပါ ကိုကြီးရယ်၊ သားလေးကို ရှာပေးပါ. . ."

"စိတ်ငြိမ်ငြိမ်ထားစမ်း. . . မိုး"

"မိုး. . သားလေးကို အခက်အခဲ အမျိုးမျိုးကြားက မွေးခဲ့တာပါ. . မိုးသားလေးကို ရှာပေးကြပါ"

မိုးဝသုန်မိုး. . ပြောလည်းပြော၊ ငိုလည်းငိုရင်း လဲကျသွားသည်. . .

"ဟင်. . ."

"ဟာ. . လုပ်ကြပါဦး၊ ဟဲ့ ဆရာဝန်ဆီ ဖုန်းဆက်စမ်း"

လေးကိုက မိုးဝသုန်မိုးကို ပွေ့ဖက်ထားသည်။

"မိုး. . . မိုး"

ခေါ်ကြည့်သော်လည်း မရ၊ ခဏကြာတော့ ဆရာဝန်ရောက်လာပြီး. . မိုးဝသုန်မိုးကို စမ်းကြည့်လိုက်ရာ. . .

"ကိုလေးကို. . မိုးဝသုန်မိုး အသက်မရှိတော့ဘူး၊ နှလုံးရှော့ဖြစ်ပြီး. . အသက်ပါသွားတာ"

"ဗျာ. . ."

လေးကို ဘယ်လိုမှ မယုံနိုင်၊ မိုးဝသုန်မိုးကို အတင်းဖက်ကာ ငိုတော့သည်။

"ကံဆိုးလိုက်တာ ညီမလေးရယ်. . မနက်ဖြန်ဆို ညီမလေးနဲ့ ကိုကြီး မင်္ဂလာဆောင်တော့မှာလေ. . အခုတော့"

လေးကို ရင်တွေပူလောင်လှသည်. . ညီမလေးအရင်း

တစ်ယောက်လို ချစ်ရတဲ့ မိုးကတော့ တမလွန်ဘဝကို ရောက်လို့သွားလေပြီ. . .

"ဟော့. . . ဘာဖြစ်နေတာလဲ"

အိမ်ထဲ ဝင်လာချင်း. . ဦးမင်းထက်သာက မေးလိုက်ရာ၊ အလောင်းကို ပွေ့ထားသည့် လေးကိုက. . .

"ဖေဖေ. . မိုး အသက်မရှိတော့ဘူး"

"ဟင်. . ."

ဦးမင်းထက်သာ. . မိုးဝသုန်မိုး အလောင်းကို တွေတွေကြီးငေးလို့ ကြည့်နေသည်။ လေးကိုက. . .

"ကလေး. . ဘယ်မှာလဲ ဖေဖေ"

"ငါဘယ်သိမှာလဲ. . ငါ့မိတ်ဆွေတွေနဲ့ ဟိုတယ်မှာ ညစာ သွားစားနေတာ. . ."

"ဖေဖေသိရမယ်. . အခုအိမ်မှာ ကလေးမရှိတော့ဘူး၊ မိုးသားလေး မရှိတော့ဘူး. . အဲဒါကြောင့် မိုးသေတာ"

ဦးမင်းထက်သာ စိတ်ပျက်ပျက်နှင့်. . .

"ငါမသိဘူးကွာ. . မသိဘူး၊ ငါ မသိဘူးလို့ ပြောနေတယ်. . ."

ပြောဆိုပြီး. . ဦးမင်းထက်သာ ကားမောင်း၍ အပြင်သို့ ပြန်ထွက်သွားတော့သည်။

"မိုး. . မင်းဘဝ အေးချမ်းသွားပြီလို့ပဲ သဘောထားလိုက်ပါ မိုးရယ်. . မိုးရဲ့ နောက်ဆုံးခရီးကို အလှပဆုံးဖြစ်အောင်. . ကိုကြီး စီစဉ်ပါ့မယ်"

လေးကို. . မင်္ဂလာဆောင်ခန်းမဆီသို့ အလောင်းကို ပွေ့ခေါ်လာတော့သည်. . ဘဝရဲ့ ဆိုးဝါးလှတဲ့ ကံကြမ္မာဆိုးကို မရှုမလှ ခံသွားရရှာတဲ့ သူ့ရဲ့ ညီမလေး (သို့မဟုတ်) သူ့ဇနီးလောင်း မျက်နှာလေးကို. . ဖြတ်နိုးစွာကြည့်ရင်း ဆံပင်တို့ကို အပေါ်သို့ သပ်တင်ပေးလိုက်သည်။

ထိုစဉ်. . .

"ဖတ်. . ."

"ဟင်. . ."

အလောင်းထားသည့် အခန်းအပြင်ဘက်တွင် အရိပ်တစ်ခုကို တွေ့လိုက်ပြီး. . ပျောက်သွားတော့သည်။

## အခန်း ◀ ၂၂ ▶

"မိုးအကြောင်းက. . အဲဒါပဲ"

ရင့်ရော်. . တစ္ဆေမလေး (သို့မဟုတ်) မိုးဝသုန်မိုးရဲ့ မျက်နှာလေးကို ငေးကြည့်နေရင်း. . .

"ကလေးက အခု. . ဘယ်မှာလဲ ဟင်"

တစ္ဆေမလေးက အဝေးကို ငေးကြည့်ရင်း. . .

"သေသွားပါပြီ. . ဦးမင်းထက်သာက သူ့တပည့် တစ်ယောက်ကို ခိုးခိုင်းပြီး၊ သချိုင်းမှာ မြေမြှုပ်ခိုင်းတယ်"

"သတ်ပြီး. . မြှုပ်တာလား. . . "

"မဟုတ်ဘူး. . အရှင်လတ်လတ် မြှုပ်ခိုင်းတာ"

"အတော်ရက်စက်တာပဲ. . ."

ရင့်ရော်. . ပြောတော့ တစ္ဆေမလေးက-

"အချိန်မရှိဘူး. . သွားရအောင်၊ မိုးတို့လောက က. . အာရုဏ်မတက်ခင် ပြန်ရမှာ"

"အဲဒီလိုလား. . ."

ပြော၍. . ရင့်ရော်က ကားပေါ်တက်တော့၊ တစ္ဆေမလေးလည်း လိုက်တက်သည်. . .။

ထိုနောက်. . .

ကားကို မြို့ထဲဘက်သို့. . ဦးတည်မောင်းလာသည်။

"ရှင်က. . မနော အာရုံရှင်လို့ ပြောကြတယ်၊ ဟုတ်လား. . ."

"နောက်တာပါဗျာ. . အပျော်တမ်း အဆင့်လေ့လာထားတာပဲ ရှိတယ်၊ နောက်ဆို မလေ့လာတော့ဘူး"

"ဘာလို့လဲ. . ."

တစ္ဆေမလေးက နားမလည်၍ မေးလိုက်သည်. . .

"တစ္ဆေဝိညာဉ်တွေနဲ့ပဲ ဆုံနေတယ်လေ. . ."

"ခစ်. . . ခစ်"

တစ္ဆေမလေးက စိတ်ပါလက်ပါ၊ ရယ်လေသည်။

ထိုစဉ်. . .

"ဝေါ. . ."

ရင့်ရော် မျက်နှာချင်းဆိုင်မှ အနက်ရောင်မာစီဒီးကားကြီး တစ်စီး အရှိန်ပြင်းစွာ မောင်းလို့လာသည်။

"ဟာ. . ဦးမင်းထက်သာကား၊ ဘယ်သွားမလို့လဲ မသိဘူး. . ."

ဦးမင်းထက်သာ ကားက. . ဘေးကနေ ဖြတ်၍ မောင်းသွားသည်။

"ဟင်. . ."

တစ္ဆေမလေးလည်း အံ့ဩသွားသည်။ ရင့်ရော်အား-

"ရှင့်ကား ပြန်လှည့် အဲဒီကားနောက်လိုက်မောင်း"

"ဘာလို့လဲကွ. . သူတို့လမ်း သူတို့သွားတာ နေမှာ ပေါ့. . ဒီလမ်းက ဘယ်ရောက်လို့လဲ"

"သင်္ချိုင်းပဲ ရောက်တာ. . မိုး ပြောတဲ့အတိုင်းမောင်း၊ သူတို့. . မိုး အုတ်ဂူကို ဖျက်ဖို့ သွားတာနေမှာ"

"ဟင်. . ."

ရင့်ရော်. . ကားကို ပြန်ကွေ့ပြီး၊ အတော်လှမ်းလှမ်း ရောက်နေသည့် ဦးမင်းထက်သာ ကားနောက်သို့ သူ့ကားကို လှည့်မောင်း ခဲ့တော့သည်။

"ရှင့်ကားကို မှောင်ထဲ. . ထိုးရပ်ထား"

ပြော၍. . ကားထဲမှ ပြေးဆင်းသွားသည်။

"ဟေ့. . . ခဏနေဦး"

ရင့်ရော် လှမ်းခေါ်တာတောင် လှည့်မကြည့်တော့

အုတ်ဂူတွေကြားမှာ ပျောက်သွားသည်. . .။

ထိုစဉ်. . .

"ဟင်. . ."

သူ့ပခုံးကို တစ်စုံတစ်ယောက်က လာပုတ်လိုက်သော ကြောင့် လန့်ပြီးကြည့်လိုက်ရာ. . .

"လေးကို. . ."

"ဟုတ်တယ်. . ရင့်ရော်၊ ငါ ဟိုတယ်ကို ဖုန်းဆက် ကြည့်တော့ မင်းအပြင်ထွက်သွားတယ်. . လူတစ်ယောက်က စာလာပေးသွားတယ် ပြောတာနဲ့. . အခြေအနေကို သုံးသပ် ပြီး၊ မင်းဒီရောက်နေမှာပဲ တွေးမိပြီး. . လိုက်လာတာ"

"မင်း. . ဘာနဲ့ လာတာလဲ"

"ဆိုင်ကယ်နဲ့လေ. . . ဟိုမှာ"

လမ်းဘေး. . သစ်ပင်ကြီးဘေး မှောင်ရိပ်ထဲမှာ ရပ် ထားသည့် ဆိုင်ကယ်ကို တွေ့လိုက်ရသည်။

"လာ. . သချိုင်းထဲမှာ တစ်ခုခု ထူးခြားလိမ့်မယ်"

ပြော၍. . သချိုင်းထဲသို့ နှစ်ယောက်သား ဝင်လာကာ. . ဇရပ်အကွယ်မှ နေ၍ အုတ်ဂူများဆီသို့ ကြည့်နေလေတော့သည်။

"ဟော့ကောင်တွေ. . မြန်မြန်ဖြိုကြ"

ဦးမင်းထက်သာရဲ့ အသံက အမှောင်ထဲတွင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သူတပည့်နှစ်ယောက်ကလည်း တူ၊ သံတူးရွင်းတို့ဖြင့် အုတ်ဂူကို ဖြိုနေကြသည်။

ထိုစဉ်. . .

"ဟင်. . ."

တယောသံက ရုတ်တရက် ထွက်ပေါ်လို့လာသည်။

ဦးမင်းထက်သာ ကိုယ်ကို . . တစ်ပတ်လှည့်ကာ အသံက ဘယ်က လာတာလဲဆိုတာကို လိုက်ရှာသည်။

မှောင်မည်းနေသော ညအမှောင်တွင် အုတ်ဂူတို့က တစ္ဆေများ ငုတ်တုတ်ထိုင်နေသလို ကြောက်စရာကောင်းလှသည်။

"ဟော့. . . ဘယ်က. . အ. . သံလဲ"

ဦးမင်းထက်သာရဲ့ အသံက တုန်နေသည်. . ဂူဖျက်နေသည့် သူတပည့်နှစ်ယောက်ကလဲ. . .

"ဆရာ. . ဘယ်က အသံလဲ"

"ဘယ်သိမလဲကွ. . အုတ်ဂူကို မြန်မြန်ဖြို၊ အထဲက အလောင်းကို မီးရှို့ ဒါမှနောက်ဆို. . ငါ့ကို လာမနှောင့်ယှက်မှာ. . ."

"ဦး. . မင်း. . ထက်. . . သာ"

"ဟင်. . . "

"ဟာ. . . "

အုတ်ဂူတွေကြားက ထွက်လာသည့် သတို့သမီးဝတ်စုံနှင့် မိုးဝသုန်မိုးကို တွေ့လိုက်ရသည်. . .

"ဆ. . ဆရာ. . ."

ဦးမင်းထက်သာ တပည့်နှစ်ယောက်က . . . .

ဦးမင်းထက်သာ နောက်ကျောသို့ ပြေးကပ်ကာ၊ ကြောက်ကြောက်နှင့် ကြည့်နေသည်။

"ဦး. . မိုး. . ကို ချစ်သေးရဲ့လား"

"မင်း. . . မင်း. . . "

ဦးမင်းထက်သာ. . လက်ညှိုးထိုးကာ ပြောသည်။

"ဘာလဲ. . ဦးက၊ မိုးကို မချစ်တော့လို့ အလောင်းကို မီးရှို့မလို့လား. . မလုပ်ပါနဲ့ရှင်၊ မပုပ်သရွေ့ မိုး. . ဂူထဲမှာ နေပါရစေ"

"မင်း. . ဘာတွေ ပြောနေတာလဲ"

"ခစ်. . . ခစ်. . . "

တစ္ဆေမလေးက. . ရယ်နေသည်၊ လေတစ်ချက်အ

ဝေ့မှာ အပုပ်နံ့က ထောင်းခနဲ ထလို့လာသည်။

"ဦးရဲ့ သားလည်း၊ ဦး. . သတ်လိုက်လို့ ဝိညာဉ်ဘဝနဲ့ ရှိနေတယ် သိလား"

"ဟင်. . ."

ဦးမင်းထက်သာ မျက်လုံးပြူးကာ ကြောင်ငေးနေသလို. . အဆီပြန်နေသည့် မျက်နှာက ထိတ်လန့်နေသည်။

တစ္ဆေမလေးက အုတ်ဂူကြီးတစ်ဂူနောက်သို့ ဝင်၍ ပျောက်သွားတော့. . ဦးမင်းထက်သာ တပည့်တစ်ယောက်က. . .

"ဆရာ. . သွားရအောင်၊ အခြေအနေ မကောင်းဘူး. . ."

"ဟင်. . ."

တယောသံက ပျံ့လွင့်လို့ လာသလို၊ အပုပ်နံ့က လည်း လှိုင်နေသည်။

"ဝါး. . ."

ကလေးတစ်ယောက်ရဲ့ စူးစူးဝါးဝါး ငိုသံနှင့်အတူ. . တစ္ဆေမလေးလက်ထဲမှာ ကလေးတစ်ယောက် ချီထားသည်။

"ဦး. . မိုးနဲ့ တမလွန်မှာ လာနေပါ"

"ဟင်. . ."

"မိုး. . ဦးကို မခွဲနိုင်လို့ပါ"

ပြောရင်း. . ရှေ့သို့ တိုးလာရာ၊ ဦးမင်းကက်သာက-

"သွား. . မလာနဲ့၊ မလာနဲ့. . ."

အသံကုန်ဟစ်ကာ. . ကားဆီသို့ ပြေး၍ ကားပေါ် တက်ကာ သူတပည့်နှစ်ယောက်နှင့်အတူ မောင်းထွက်လာ သည်. . .

"ဦးရေ. . နေပါဦး"

သချိုင်းထဲက ထွက်ပေါ်လာသောအသံကြောင့် နောက်တည်ရာ မရဘဲ. . သွေးပျက်ကာ မိုင်ကုန်တင်၍ မောင်းလာရာ. . .

"ဆ - ဆရာ. . ရှေ့မှာ ချောက်၊ ရပ်. . . ရပ်"

တပည့်တစ်ယောက်က အချိန်မီ. . သတိပေးသော်လည်း. . ကားက အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲသို့ ထိုးကျသွားလေတော့သည်. . . ။

## နိဂုံး

ရင့်ရော်. . ရန်ကုန် ပြန်တော့မည်ဆိုတော့ လေးကို
က လက်ဆောင်ပစ္စည်းများနှင့်အတူ. . ဟိုတယ်သို့ရောက်
လာသည်. . .

"ရင့်ရော်အားရင် နောက်တစ်ခေါက်လောက် လာခဲ့
ဦးကွာ. ."

"မလာတော့ပါဘူးကွာ. . မင်းတို့ဆီ လာရတာ မကြုံ
ဖူးတဲ့ ထိတ်လန့်စရာ ဇာတ်လမ်းတွေနဲ့"

လေးကိုက ပြုံးလိုက်ပြီး. .

"ငါရန်ကုန်ကို လာခဲ့ပါဦးမယ်. . ဒီမှာ ငါ့အဖေလုပ်ထားတဲ့ လုပ်ငန်းတွေထဲက တချို့ မရှင်းဖြစ်နေလို့. . ."

"ဒါများကွာ. . မော်ဆရာကို ခေါ်ပြီး၊ မင်းအဖေအလောင်းကို အသက်သွင်းခိုင်း သိချင်တာမေးပေါ့"

"ဟား. . . ဟား. . . ဟား. . ."

ရင့်ရော်စကားကြောင့် လေးကိုက အားပါးတရ ရယ်လေသည်။ ရင့်ရော်က ကြောင်တောင်တောင်နှင့်. . .

"ဟေ့ကောင်. . ဘာရယ်တာလဲ"

"မင်းကို. . မော်ဆရာနဲ့ တစ္ဆေမလေးက လာနှုတ်ဆက်မယ်တဲ့. . ."

"ဘာလဲ. . မင်းဇနီး အသက်သွင်းထားတဲ့ အလောင်းလား၊ နေ့လယ်ပိုင်းကြီး မလာနိုင်ပါဘူးကွာ. . ဝိညာဉ်တွေက နေရောင်ကြောက်တယ်ကွ. . ."

လေးကိုက ဟိုတယ် အပေါက်ဝဘက်သို့ ကြည့်ကာ-

"ဟိုမှာ နေရောင်မကြောက်တဲ့ တစ္ဆေမနဲ့ မော်ဆရာ

လာပါပြီဗျာ. . .”

မော်ဆရာက. . အနောက်တိုင်း ဝတ်စုံကို စတိုင်ကျကျ ဝတ်ထားသလို. . တစ္ဆေမလေး မိုးကလည်း အစိမ်းရောင် ဂါဝန်ရှည်ကို လှပစွာ ဝတ်ဆင်ထားပြီး. . ကလေးငယ်လေးကို ချီကာ. . ဟိုတယ် ဧည့်ခန်းထဲသို့ ဝင်လာသည်။

ရင့်ရော်က ကိုယ်ကို ဆတ်ခနဲ မတ်တပ်ရပ်ပြီး. . .

“မင်း. . . မင်း”

တစ္ဆေမလေးက ပြုံး၍. . .

“ကိုရင့်ရော်ကို လာနှုတ်ဆက်တာပါ. . .”

“ရတယ်. . နှုတ်မဆက်နဲ့ဟေ့၊ မော်ဆရာ ခင်ဗျား သူ့ကို ဝိညာဉ်ပြန်မထုတ်တော့ဘူးလား. . .”

“ကိုယ်က သူနဲ့ လက်ထပ်မှာ. . ညီလေးရဲ့”

“ဟာ. . ဘယ်လို ခင်ဗျားက၊ သူများမိန်းမ အလောင်းကို အသက်သွင်းပြီး လက်ထပ်မယ်. . ဟုတ်လား”

“ဟား. . . ဟား. . . ဟား. . .”

သစ္စာမွန်စာပေ

"ခစ်. . ခစ်. . ခစ်"

ရင့်ရော် စကားကြောင့် အားလုံးဝိုင်းရယ်ကြသည်။ ရယ်တာတွေ ရပ်တော့ လေးကိုက-

"ကျွန်တော့် သူငယ်ချင်း အရူးဖြစ်သွားပါဦးမယ်ဗျာ၊ ဒီကောင်က နဂိုကတည်းက ကြောင်တောင်တောင်.. ရင့်ရော် ငါရှင်းပြမယ်"

လေးကိုက. . မျက်နှာကို တည်လိုက်ပြီး-

"သူက မိုးဝသုန်မိုးရဲ့ ညီမ. . မိုးဝသန်မိုးပါ၊ ငါ့ဇနီး လောင်း ဒီကလေးရဲ့အမေ. . မိုးဝသုန်မိုးက တကယ်သေသွား တာ. . သူတို့က အမွှာညီအစ်မတွေလေ၊ ငါတို့ မျက်လှည့်ပွဲ သွားကြည့်တော့. . ဒီကအစ်ကို သတ္တသစ်က လူမှားသေး တယ်၊ နောက်တော့. . လက်ထပ်မယ်ကြားတော့ သူချစ်သူ မိုးဝသန်မိုးကို လှမ်းမှာတာ. . ဒီရောက်တော့ သူ့အစ်မက ဆုံးနေပြီ"

"ဦးမင်းထက်ဆာရဲ့ တပည့်က. . .ကလေးခိုးပြီး

သချိုင်းလာတော့ ကိုသတ္တသစ်က ငါ့အဖေတပည့် လက်ထဲက. . ကလေးကို ကယ်ခဲ့တယ်။ နောက် သူတို့ချစ်သူနှစ်ယောက်ပေါင်းပြီး၊ ဦးမင်းထက်သာကို ကလဲ့စားချေခဲ့တယ်. . ဦးမင်းထက်သာကလည်း. . သူ့အကုသိုလ်နဲ့ သူသွားပြီလေ. , . "

"ငါ့ မွေးစားအဖေဆိုတော့. . မကောင်းမှန်း သိပေမယ့်၊ ငါတစ်ခုမှ လက်တုံ့မပြန်ပါဘူး. . ကိုသတ္တသစ်တို့က မင်းကို တည်ကြက်ထား အသုံးချခဲ့တာပါ. . . "

"ဟာ. . ငါနဲ့ ဘာဆိုင်လို့လဲ"

ရင့်ရော်က ပြောတော့. . လေးကိုက-

"သူတို့ လုပ်ကိုင်တာတွေကို ငါ့အဖေသိအောင်. . မင်းကို အသုံးချတာပါ။ ပြီးတော့ မင်းက ကြောင်တောင်တောင်လေ. . . "

"လေးကို. . မင်းက လုပ်တော့မယ်"

ရင့်ရော်က ပြုံး၍. . လေးကိုကို အပြစ်တင်လိုက်

သည်. . မိုးဝသန်မိုးက-

"ကိုရင့်ရော်. . နောက်တစ်ခေါက် ဒီကို ပြန်လာရဦးမယ်. . ."

"ဘာလို့လဲ. . ."

"မိုးတို့. . မင်္ဂလာပွဲကိုလေ"

ရင့်ရော်က. . သတ္တသစ်နှင့် လေးကို မျက်နှာကို တစ်လှည့်စီ ကြည့်၍. . .

"ဘယ်သတို့သားနဲ့လည်း. . အစိမ်းသေမလေး"

"ခစ်. . ခစ်. . ."

"ဟား. . ဟား. . ."

အားလုံးဝိုင်းရယ်ကြပြီး. . မိုးဝသန်မိုးက-

"ဒီက လူအရှင်လတ်လတ်ကို သဘာဝကျကျ အသက်သွင်းလိုက်တဲ့ မှော်ဆရာနဲ့ပါရှင်"

"ဟုတ်ပြီလေ. . ဖိတ်စာပို့လိုက်ပေါ့၊ ဒီတစ်ခါလာရင် လမ်းကြုံလိုက်စီးမယ့် တစ္ဆေမလေးကို တင်မလာတော့ဘူး. ."

"ခစ်. . ခစ်. . "

ရယ်မောသံတွေက ဟိုတယ်ထဲမှာ. . ပျံ့လွင့်လို့နေသလို၊ ရင့်ရော်က မတ်တပ်ရပ်၍. . .

"အားလုံးပဲ. . သွားတော့မယ်"

နှုတ်ဆက်ကာ ဟိုတယ်ထဲမှ ထွက်လာတော့. . အားလုံးက ရင့်ရော်ကို ကားဆီသို့လိုက်ပို့ကြသည်။

ကားလေးက. . ဟိုတယ်ဝင်းထဲက ထွက်လာပြီး၊ ကားနောက်ကြည့်မှန်ထဲက ကြည့်တော့. . လက်ပြရင်းကျန်ခဲ့သည့် လေးကိုတို့ကိုတွေ့ရတော့သည်။

❀ ကြ ❀

"သားရေ. . စာလာတယ်"

အိမ်ရှေ့က. . မေမေ့အော်သံကို ကြားရ၍ အိပ်ခန်းထဲတွင် စာဖတ်နေသည့် ရင့်ရော်က. . စာအုပ်ကို ဘေးသို့ချကာ. . အခန်းအပြင်သို့ ထွက်လိုက်လာသည်။

ဧည့်ခန်းထဲ ရောက်တော့. . မေမေက သူ့လက်ထဲက စာအိတ်ရှည်ကို ရင့်ရော်အား ပေးသည်။

"ဘယ်ကစာလဲ. . . မသိဘူး"

ရင့်ရော်က စာအိတ်ကို ဖောက်ကာ. . အထဲမှစာကို

ထုတ်လိုက်တော့. . .

"ဟင်. . လက်ထပ်ဖိတ်စာပါလား"

သတ္တသစ်နှင့် မိုးဝသန်မိုးတို့၏ လက်ထပ်ဖိတ်စာဖြစ်နေသည်. . .

လက်ထပ်ဖိတ်စာ နောက်ကျောတွင် ရေးထားသည့် လက်ရေးစာတန်းလေးကို ဖတ်ကာ. . ရင့်ရော် ပြုံးလိုက်သည်။ စာတန်းလေးက. . .

"တမလွန် ကောင်းကင်က. . ဝိညာဉ်သတို့သမီးဆီ လာဖြစ်အောင် လာခဲ့ပါ. . တဲ့"

ရင့်ရော်က စာအိတ်ထဲကို လက်ထပ်ဖိတ်စာကို ပြန်ထည့်လိုက်သည်။ ထိုနောက်. . .

အိတ်ကပ်ထဲက ဝိညာဉ်နိုင်နတ်ရုပ်တုလေးကို ထုတ်ကြည့်လိုက်သည်. . နတ်သမီး ရုပ်တုလေးက သူ့ကိုပြုံးပြနေသည်ဟု စိတ်ထဲ ထင်နေမိ၏. . .

ရင့်ရော်. . နတ်သမီး ရုပ်တုလေးကို ပြန်ပြုံးပြလိုက်

သည့်. . ဒါကို မြင်တဲ့ မေမေက-

"သား. . စိတ်စွမ်းအင်စာအုပ်တွေ ဖတ်ပြီး၊ ဟိုတစ်ခါကလို အိမ်ကထွက်မသွားနဲ့ဦး. . ."

ရင့်ရော်. . မေမေ့ကို ပြန်ပြုံးပြလိုက်သည်။ မေမေက မသင်္ကာတဲ့ မျက်လုံးနဲ့ သူ့ကို ကြည့်ပြီး. . .

"သား. . ဘာဖြစ်ပြန်ပြီလဲ"

"သားဘာမှ မဖြစ်ဘူးမေမေ၊ မေမေတို့က သားကို မယုံတာပါ. . သားရဲ့ စိတ်တန်ခိုးကျင့်စဉ်တွေ ဘယ်လောက် တိုးတက်လာသလဲ ဆိုရင်. . ဒီရုပ်တုလေးကိုတောင် သား အသက်သွင်းလို့. . . ရပြီ"

"ဟေ. . ."

ရင်ဘတ်ကို လက်နှင့်ဖိကာ၊ အော်လိုက်တဲ့ မေမေ အသံက. . တစ်ခန်းလုံး ဟိန်းထွက်လို့သွား၏. . .

ရင့်ရော်က လက်ထပ်ဖိတ်စာ စာအိတ်ကို ကိုင်ထားသည့် လက်ကို မြှောက်ကာ. . .

“ဒီလက်ထပ်ဖိတ်စာထဲမှာပါတဲ့. . သတို့သမီးက၊ သေနေတဲ့ သတို့သမီး မေမေရဲ့. . မှော်ဆရာက အသက်သွင်း ထားတာ၊ အခုဆို သူတို့ လက်ထပ်တော့မယ်လေ. . .”

“သား. . . တော်ပါတော့ သားရယ်”

မေမေက ယူကြုံးမရဖြစ်ကာ. . မျက်လုံးထဲမှ မျက်ရည်စတွေ စီးကျလို့ လာသည်. . ရင့်ရော်ကတော့ မေမေ့ကို ကျောခိုင်းလျက်၊ သူ့အခန်းထဲသို့ ပြန်ဝင်သွားလေတော့သည်။

ပရိသတ်အားပေးမှုကို အစဉ်မျှော်လင့်နေမယ့်
ပလက်တီနမ်